# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်　　၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၇ ရက်၊ ဗုဒ္ဓဟူးနေ့　　အတွဲ (၆၀)၊ အမှတ် (၀၀၇)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# အထွေထွေရွေးကောက်ပွဲတွင် COVID -19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း လမ်းညွှန်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ကျင်းပသော မဲပေးသည့်အစီအစဉ် လက်တွေ့သရုပ်ပြသခြင်းကို လှည့်လည်ကြည့်ရှု

နေပြည်တော်　အောက်တိုဘာ ၆

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ အထွေထွေရွေးကောက်ပွဲတွင် COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ကျင်းပသည့် မဲပေးသည့်အစီအစဉ် လက်တွေ့သရုပ်ပြသခြင်းကို လှည့်လည်ကြည့်ရှုသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အထွေထွေရွေးကောက်ပွဲတွင် COVID –19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းလမ်းညွှန်များနှင့်အညီ သတ်မှတ်အချိန်အတွင်း အောင်မြင်စွာ မဲပေးနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစဉ်။　သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေး၊ ဦးညွန့်စိန်၊ ဦးသက်ထွန်း၊ ဦးမြင့်အောင်၊ ဦးစောဒယ်နီရယ်ကြည်၊ ဦးအောင်စိုးဝင်း၊ ဦးသန်းအောင်၊ ဦးမင်းဆွေနှင့် ဦးဆွေတင့်လွင်၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးက အထွေထွေရွေးကောက်ပွဲကျင်းပရာတွင် COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း လမ်းညွှန်များနှင့်အညီ မဲပေးသည့် အစီအစဉ် လက်တွေ့သရုပ်ပြသရန် စီစဉ်ထားရှိမှု၊ *စာမျက်နှာ ၃ ကော်လံ ၁* ◆


KBZ BANK
(6) CONSECUTIVE YEARS
'BANK OF THE YEAR IN MYANMAR 2018'
Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# သတင်းခေတ်တွင် သတင်းအစစ်ကို ဉာဏ်ဖြင့်မြင်ရန်

၂၀ ရာစုအကုန်ပိုင်းကာလကစ၍ ကမ္ဘာပေါ်တွင် သတင်းနှင့် နည်းပညာ ခေတ်သစ်တစ်ခု ပေါ်ထွန်းလာပြီဟု ကြွေးကြော်ခဲ့ကြ၏။ သတင်းအချက်အလက်နှင့် နည်းပညာ မဟာအဝေးပြေးလမ်းမကြီးပေါ်ဟု တင်စားကြ၏။ ကမ္ဘာနှင့်အဝန်းကို ချိတ်ဆက်သွယ်တန်းထားသည့် ကွန်ရက်များပေါ်တွင် အသစ်အသစ်သော သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဖန်တီးတီထွင်မှု အမျိုးမျိုးတို့ အပြိုင်အဆိုင် အလုအယက် ပြေးလွှားကြကုန်သည်။

တီထွင်ဖန်တီးနိုင်မှုတို့က လျင်မြန်လွန်းလှသည် ဖြစ်ရကား ကမ္ဘာ့အနောက်ခြမ်းက အဖြစ်အပျက်တစ်ခုကို ဖြစ်ပျက်နေသည့် တစ်ခဏချင်းမှာပင် ကမ္ဘာ့အရှေ့ခြမ်းက လူတို့ကမြင်နေရ ကြားနေရပြီ ဖြစ်ပေသည်။ သတင်းပျံ့နှံ့မှုက မြန်လွန်းလှသည်မို့ ကမ္ဘာကြီးသည် ရွာကြီးဖြစ်ခဲ့ပြီဟုလည်း တင်စားကြ၏။ ရွာထဲမှာ မည်သည့်နေရာတွင် မည်သို့သော လှုပ်ရှားမှုဖြစ်ဖြစ် မောင်းကြေးနင်းခတ်စရာမလို၊ ချက်ချင်း ဆိုသလို တစ်ရွာလုံးသိတော့သည်။

သတင်းတို့က ခုဖြစ်၊ ခုသိ ဖြစ်လာသည့်အတွက် ခုတုံ့ပြန်ဖြစ်လာသည်။ အချို့သော တုံ့ပြန်မှုများမှာ အချိန်ယူစဉ်းစားရန်ရှိသော်လည်း သတင်းခေတ် လျင်မြန်မှုနှင့် အမီလိုက်ရသည့်အခါ မလိုလားအပ်သော အလွန်အကျွံဖြစ်မှုများနှင့် ကြုံရသည်တို့ ရှိလာသည်။ ရုတ်ခြည်းတုံ့ပြန်မှုများက ရံဖန်ရံခါ ကြမ်းတမ်းသော တုံ့ပြန်မှုများအသွင် ပြောင်းသွားတတ်၏။

သည့်လိုထဲတွင် နည်းပညာပိုင်းတိုးတက်မှုက အံ့မခန်းဖြစ်လာသောကြောင့် လုပ်ကြံသတင်းများ၊ သတင်းအတုများက ဟုတ်မှန်သယောင်ယောင် ဖြစ်လာသည်လည်း ရှိ၏။ အထူးသဖြင့်မူ နည်းပညာတန်ခိုးဖြင့် လူမှုကွန်ရက်က လွန်စွာကျယ်ပြန့်လာသည့်အခါ လူတန်းစားအသီးသီးတို့ထံသို့ လျင်လျင်မြန်မြန် ပျံ့နှံ့ရောက်ရှိတော့သည်။ အလွှာအသီးသီး လူတန်းစားအသီးသီးသို့ရောက်ခြင်းဖြစ်သည့်အတွက် သတင်းအတု၊ သတင်းယောင်၊ လုပ်ကြံသတင်းတို့သည် အလွန်အန္တရာယ်များလာသည်။

သတင်းအတုများဖန်တီးကြရာ၌ အများပြည်သူကို ပြင်းထန်စွာ ထိခိုက်စေနိုင်သည့်ကိစ္စများကို အထူးတလည် အလေးအနက်ထား ဆန်းစစ်ကြရန် လိုအပ်ပါသည်။

ယခုလို ကိုဗစ် ကပ်ရောဂါနှင့် ရင်ဆိုင်နေရချိန်တွင် အစိုးရနှင့် ကျန်းမာရေးပညာရှင်တို့က တာဝန်ရှိရှိ အရေးတယူဆောင်ရွက်နေရာ၌ ပြည်သူလူထုကို အရေးကြီးသော သတင်းနှင့် အချက်အလက်များကို ပေးပို့ဖြန့်ဝေခြင်းသည်လည်း တာဝန်တစ်ခုဖြစ်ပါသည်။ ယင်းသို့ တာဝန်ယူဆောင်ရွက်နေသည့်လုပ်ငန်းတို့ကို အနှောင့်အယှက် ဖြစ်စေမည့် သတင်းအမှားများ၊ ဟုတ်နိုးနိုးဖြစ်စေ နားယောင်နိုင်စေ နားဝေတိမ်တောင်ဖြစ်စေမည့် တလွဲနည်းလမ်းများ၊ မရေရာသော အချက်အလက်နှင့် ဆေးမြီးတိုများ စသည်တို့ကို အချို့သောသူတို့က ထုတ်ဝေဖြန့်ချိနေသည်တို့ကို တွေ့ရပါသည်။ ယင်းသည် အမှန်ပင် အန္တရာယ်ကြီးလှပါ၏။

ဤသို့သော လုပ်ကြံသတင်းနှင့် အချက်အလက်မှားများကို ထုတ်လုပ်ဖြန့်ချိနေခြင်းသည် ကူးစက်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းစဉ်ကို ဖျက်လိုဖျက်ဆီးလုပ်သည်ဟု အဓိပ္ပာယ်ရပါသည်။

အထူးသဖြင့် လူမှုကွန်ရက်တွင် မိမိတို့တစ်ဦးချင်းပိုင် နံရံကြီးတစ်ခုရှိနေရာ ထိုနံရံပေါ်တွင် ကိုယ်ကြိုက်ရာကို လွတ်လပ်စွာ ရေးခွင့် ဖြန့်ဝေခွင့် ရှိသည်မှန်သော်လည်း အများပြည်သူကို ထိခိုက်နစ်နာစေမည်ဆိုပါက ဥပဒေကို ချိုးဖောက်နေပြီဖြစ်ကြောင်းကိုလည်း သတိပြုသင့်ပါသည်။

ထိုမသမာသည့် ဖြန့်ဝေမှုတို့မှစကာ နားယောင်သူတို့က အဆင့်ဆင့် ကူးလူးပျံ့နှံ့ရင်း အများပြည်သူကြားသို့ ရောက်ရှိလာသောအခါ မလိုလားအပ်သည့် အထိတ်တလန့်ဖြစ်စရာများ၊ စိုးရိမ်ပူပန်မှုများ၊ ကြောင့်ကြမှုများ ဖြစ်ပေါ်စေပါသည်။

ထို့ပြင် အန္တရာယ်များသည့် နည်းလမ်းမှားများ၊ ဟုတ်နိုးနိုး ဆေးမြီးတိုများက လူတို့၏အသက်ဘေးကိုပါ ထိခိုက်စေနိုင်သည်ကို သတိပြုသင့်ပါသည်။

ထို့ကြောင့် ပြည်သူလူထုအနေဖြင့် ကိုဗစ်ကပ်ရောဂါနှင့် စပ်လျဉ်းသော သတင်းနှင့် အချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ သတင်းစာ၊ ရုပ်မြင်သံကြားတို့၏ တရားဝင်ထုတ်ပြန်ချက်များပေါ်တွင် အခြေခံ၍ ဆန်းစစ်ကြရန် လိုပါသည်။

အသက်ဉာဏ်စောင့်ဆိုသည့်အတိုင်း လူတိုင်းတွင် ဆန်းစစ်တိုင်းထွာသော ဉာဏ်ပညာဖြင့် ချင့်ချိန်သုံးသပ်ကြရန် လိုပါသည်။ တာဝန်ရှိရှိ ပြောဆို ထုတ်ပြန် ဖြန့်ဝေသော သတင်းများ၊ အချက်အလက်များ၊ စည်းကမ်းဥပဒေများကိုသာ ယုံကြည်လိုက်နာကြခြင်းဖြင့် နိုင်ငံသူ နိုင်ငံသားအပေါင်းတို့ အသက်ရှည်ရာအနာမဲ့ကြောင်း ကျင့်ကြံနိုင်ကြပါစေသတည်း။ ။

အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | အောက်တိုဘာ | ၅၂၆၄၇ | ၂၁၀၀၅ | ၇၃၆၅၂ | ၉၁၈၃၆ | ၂၇၅၉၀ | ၁၁၉၄၂၆ |
| ၂ | နိုဝင်ဘာလ | ၇၇၄၉၈ | ၂၁၄၈၂ | ၉၈၉၈၀ | ၁၁၅၈၉၈ | ၂၇၄၈၈ | ၁၄၃၃၈၆ |
| ၃ | ဒီဇင်ဘာလ | ၈၂၄၇၄ | ၁၉၅၃၈ | ၁၀၂၀၁၂ | ၁၂၇၉၅၀ | ၂၄၉၆၇ | ၁၅၂၉၁၇ |
| ၄ | ဇန်နဝါရီလ | ၉၃၁၂၅ | ၁၈၆၈၉ | ၁၁၁၈၁၄ | ၁၂၃၆၂၂ | ၂၆၀၃၂ | ၁၄၉၆၅၄ |
| ၅ | ဖေဖော်ဝါရီလ | ၁၀၂၀၁၆ | ၂၄၆၁၂ | ၁၂၆၆၂၈ | ၄၆၈၇၉ | ၂၁၉၄၈ | ၆၈၈၂၇ |
| ၆ | မတ် | ၉၅၉၃၂ | ၂၃၆၉၃ | ၁၁၉၆၂၅ | ၁၄၄၇၉ | ၂၁၉၇၉ | ၃၆၄၅၈ |
| ၇ | ဧပြီ | ၇၁၁၄၈ | ၂၂၈၄၈ | ၉၃၉၉၆ | ၀ | ၆၁ | ၆၁ |
| ၈ | မေ | ၆၇၄၁၀ | ၂၂၁၂၃ | ၈၉၅၃၃ | ၀ | ၁၀၂ | ၁၀၂ |
| ၉ | ဇွန် | ၆၅၈၇၉ | ၂၁၇၁၄ | ၈၇၅၉၃ | ၁ | ၂၇၈ | ၂၇၉ |
| ၁၀ | ဇူလိုင် | ၇၈၈၃၅ | ၂၃၂၄၅ | ၁၀၂၀၈၀ | ၀ | ၄၂၆ | ၄၂၆ |
| ၁၁ | ဩဂုတ် | ၈၈၇၇၂ | ၂၁၉၅၅ | ၁၁၀၇၂၇ | ၀ | ၁၁၇၅ | ၁၁၇၅ |
| ၁၂ | စက်တင်ဘာ | ၈၁၀၆၄ | ၂၃၇၂၁ | ၁၀၄၇၈၅ | ၀ | ၃၄၅ | ၃၄၅ |
| စုစုပေါင်း | | ၉၅၆၈၀၀ | ၂၆၄၆၂၅ | ၁၂၂၁၄၂၅ | ၅၂၀၆၆၅ | ၁၅၂၃၉၁ | ၆၇၃၀၅၆ |

မှတ်ချက်။ ၃၀-၃-၂၀၂၀ ရက်နေ့မှစ၍ ပြည်ပလေယာဉ်ဆိုက်ရောက်မှု ယာယီရပ်ဆိုင်းထားသော်လည်း Covid-19 နှင့် ပတ်သက်သော အထူးလေယာဉ်များမှ ဝင်ရောက်သည့် နိုင်ငံခြားသားများ ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ | ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ | | ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ်/ရေဆိပ် | ၄၂၇၁၇ | ၁၆၁၇၃ | ၀ | ၃၄၅ | |
| ၂ | မန္တလေးလေဆိပ် | ၃၁၆၆၀ | ၄၀၂၄ | ၀ | ၀ | |
| ၃ | နေပြည်တော်လေဆိပ် | ၁၄၀၁ | ၃၁၅ | ၀ | ၀ | |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | ၀ | ၀ | |
| ၅ | တာချီလိတ် | ၃၉၃၀ | ၁၂၂ | ၀ | ၀ | |
| ၆ | မြဝတီ | ၉၁၃ | ၂၉၈၄ | ၀ | ၀ | |
| ၇ | ကော့သောင်း | ၁၄၆ | ၆၄ | ၀ | ၀ | |
| ၈ | ထီးခီး | ၂၄ | ၂၂ | ၀ | ၀ | |
| ၉ | တမူး | ၂၆၈ | ၁၃ | ၀ | ၀ | |
| ၁၀ | ရိခေါဒါရ် | ၅ | ၄ | ၀ | ၀ | |
| စုစုပေါင်း | | ၈၁၀၆၄ | ၂၃၇၂၁ | ၀ | ၃၄၅ | |

မှတ်ချက်။ ၃၀-၃-၂၀၂၀ ရက်နေ့မှစ၍ ပြည်ပလေယာဉ်ဆိုက်ရောက်မှု ယာယီရပ်ဆိုင်းထားသော်လည်း Covid-19 နှင့် ပတ်သက်သော အထူးလေယာဉ်များမှ ဝင်ရောက်သည့် နိုင်ငံခြားသားများ ဖြစ်ပါသည်။

## တွန်းဇံ၌ ပုံမှန်ကာကွယ်ဆေး တိုက်ကျွေးထိုးနှံပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၆**

ချင်းပြည်နယ် တွန်းဇံမြို့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန တွန်းဇံမြို့ ကျေးလက်ကျန်းမာရေးဌာနမှ ယမန်နေ့ နံနက် ၉ နာရီက ငါးနှစ်အောက်ကလေးများအား ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

တွန်းဇံမြို့ ကျေးလက်ကျန်းမာရေးဌာနမှ ကလေးငယ်များကို ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ ဆုံဆို့-ကြက်ညှာ - မေးခိုင် - အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပိုလီယိုကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်-ဂျိုက်သိုးစသည့် ရောဂါကာကွယ်ဆေးများကို ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်း စသည့် ကျန်းမာရေးစောင့်ရှောက်မှုများအား ခေါဝုန်/ဂိုးဇန်ရပ်ကွက်အတွင်းရှိ ကလေးငယ်နှင့် ကိုယ်ဝန်ဆောင်မိခင်များကို ထိုးနှံပေးခဲ့သည်။ လျန်ပီး(သတင်းစဉ်)

## ကိုယ်လက်အင်္ဂါချို့ယွင်းမှု အဆင့်(၂) ရှိသူများအတွက် အလှူငွေများထောက်ပံ့

**နေပြည်တော် အောက်တိုဘာ ၆**

တပ်ကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တပ်ကုန်းမြို့နယ်အတွင်းရှိ အနာကြီးရောဂါကြောင့် ကိုယ်လက်အင်္ဂါချို့ယွင်းမှု အဆင့်(၂) ရှိသူ ၁၉၅ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၉၇ သိန်းကျော်ကို အောက်တိုဘာ ၆ ရက်တွင် မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာထွန်းထွန်းက တစ်ဦးချင်း ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

တင်ထွန်းတာ(တပ်ကုန်း)

# ပါမောက္ခ ဒေါက်တာ ဇော်ဝေစိုး အင်းလျား ကိုဗစ်စင်တာသို့ သွားရောက်စစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၆**



ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကုသတိုက်ဖျက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဆေးတက္ကသိုလ် (၁) (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ဇော်ဝေစိုးသည် အင်းလျားစင်တာတွင် ကိုဗစ်-၁၉ လူနာများကို စနစ်တကျကုသ ဆောင်ရွက်ရန် ပြင်ဆင်နေမှုများကို ယနေ့တွင် လာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

ပါမောက္ခ ဒေါက်တာ ဇော်ဝေစိုးက ယခုတည်ဆောက်လျက်ရှိသော စင်တာသည် နိုင်ငံတကာသို့ ချပြနိုင်သော အဆင့်မီကြောင်း၊ လုပ်ငန်းကော်မတီက လုပ်ဆောင်ချက်များအားလုံးကို စနစ်တကျ မှတ်တမ်းတင်ထားရန် လိုအပ်ပါကြောင်း၊ ရေနှင့်ပတ်သက်၍လည်းကောင်း၊ သန့်စင်ခန်းများ စနစ်တကျထားရှိမှုများနှင့် လူနာများအတွက် ကြိုတင်စီစဉ်ထားရှိမှုများအားလုံးကို မှတ်တမ်းတင်ထားစေလိုကြောင်း၊ တစ်ချိန်တွင် နိုင်ငံတကာသို့ အသိပေးတင်ပြလိုကြောင်း၊ ယခုစင်တာကို ကနဦးမတည်ခဲ့သော ကမ္ဘောဇဘဏ်နှင့် ရွှေသံလွင်ကုမ္ပဏီတို့ကိုလည်းကောင်း၊ အလှူရှင်များအားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်ကြောင်း ပြောကြားသည်။

ပါမောက္ခ ဒေါက်တာ ဇော်ဝေစိုးသည် ကိုဗစ်-၁၉ လူနာများထားရှိမည့် အခန်းများ၊ ဆရာဝန်များ၊ Volunteer များ လုပ်ငန်းလုပ်ဆောင်မည့်နေရာများ၊ ဆရာဝန်ကြီးများက လူနာများကို လမ်းညွှန်ကွပ်ကဲကုသပေးမည့်နေရာများ၊ အင်းလျားစင်တာလုပ်ငန်းကော်မတီ၏ ယာယီရုံးခန်းများ၊ သန့်စင်ခန်းများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

အင်းလျားစင်တာကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ လမ်းညွှန်မှုဖြင့် COVID-19 ရောဂါ ကုသရေးအတွက် ကမ္ဘောဇဘဏ်က ဦးဆောင်၍ ငွေကျပ် သိန်း ၇၀၀၀ ကနဦးမတည်ထားပြီး ကိုဗစ်-၁၉ လူနာ ၅၀၀ ကို ကုသပေးနိုင်မည်ဖြစ်သည်။ ကမ္ဘောဇဘဏ်သည် KBZ General Insurance၊ KBZ Life၊ MAI နှင့် Air KBZ တို့ကို ဦးဆောင်၍ COVID-19 ရောဂါ မြန်မာနိုင်ငံတွင် စတင်မတွေ့ရှိမီ ဖေဖော်ဝါရီလမှ စတင်ကာ ယနေ့အထိ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ငွေကျပ် ၇၄၂၃၆ သိန်း လှူဒါန်းထားပြီး ဖြစ်သည်။

ကိုကျော်

# ပြည်သူသာလျှင် အဓိက




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၌ နမူနာပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ် (၁) ရပ်ကွက် မဲရုံအမှတ် (၁)၏ မဲပေးသည့်အစီအစဉ် လက်တွေ့သရုပ်ပြနေမှုအား ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

◆ *ရှေ့ဖုံးမှ*

နေပြည်တော် ပြည်ထောင်စုနယ်မြေရှိ မဲရုံများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ယာယီမဲရုံများတွင် COVID-19 ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်း လမ်းညွှန်များနှင့်အညီ မဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ မဲရုံအတွင်း၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်းစစ်ဆေးခြင်းနှင့် မဲလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် မဲရုံပြင်ပတွင် ကြီးကြပ်သည့်လုပ်ငန်းများ ဆောင်ရွက်ရန် ဝန်ထမ်းများအား တာဝန်ပေးဆောင်ရွက်မည့် အစီအစဉ်၊ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း လမ်းညွှန်များနှင့်အညီ မဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

### လိုအပ်သည်များမှာကြား

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက် မဲရုံအမှတ် (၁) ၌ လက်တွေ့သရုပ်ပြ မဲပေးရန် တန်းစီစောင့်ဆိုင်းနေသူများအား မဲရုံပြင်ပ ကြီးကြပ်ရေးတာဝန် ထမ်းဆောင်သူများက ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်များသန့်စင်ခြင်း၊ နှာခေါင်းစည်း ထုတ်ပေးခြင်း ဆောင်ရွက်နေမှု၊ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း လမ်းညွှန်များနှင့်အညီ သတ်မှတ်အချိန်အတွင်း အောင်မြင်စွာ မဲပေးနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး လာရောက်မဲပေးသည့် ပြည်သူများ မဲပေးရန် တန်းစီစောင့်ဆိုင်းရာတွင် တစ်ယောက်နှင့်တစ်ယောက် ခပ်ခွာခွာနေနိုင်ရေး၊ လက်များကို လက်သန့်ဆေးရည်ဖြင့် သန့်စင်ဆေးကြောပေးရာတွင် မှန်မှန်ကန်ကန် ဆေးကြောသန့်စင်ပေးရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ နမူနာပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ် (၁) ရပ်ကွက် မဲရုံအမှတ်(၁)၏ မဲပေးသည့် အစီအစဉ် လက်တွေ့သရုပ်ပြနေမှုအား ကြည့်ရှုစစ်ဆေးရာ မဲပေးရန် တန်းစီစောင့်ဆိုင်းနေသူများအား မဲရုံပြင်ပ ကြီးကြပ်ရေးတာဝန် ထမ်းဆောင်သူများက ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်များသန့်စင်ခြင်း၊ နှာခေါင်းစည်း ထုတ်ပေးခြင်း ဆောင်ရွက်နေမှု၊ COVID-19 ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်း လမ်းညွှန်များနှင့်အညီ သတ်မှတ်အချိန်အတွင်း အောင်မြင်စွာ မဲပေးနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး မဲရုံပြင်ပနှင့် မဲရုံအတွင်း ခင်းကျင်းပြင်ဆင်ဆောင်ရွက်ရာတွင် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်း လမ်းညွှန်များနှင့်အညီ ဆောင်ရွက်ထားရှိရန်နှင့် သတ်မှတ်အချိန်အတွင်း အောင်မြင်စွာ မဲပေးနိုင်ရေးအတွက် မဲပေးခွင့်ရှိသူ အင်အားအနည်းအများအလိုက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် မှာကြားသည်။

### ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် လက်တွေ့သရုပ်ပြ မဲပေးသည့် အစီအစဉ်တွင် ပါဝင်ခဲ့သည့် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနတို့မှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ယနေ့ မဲပေးရာတွင် အဆင်မပြေမှုများ၊ အခက်အခဲများရှိပါက သက်ဆိုင်ရာဌာနများသို့ တင်ပြကြရန်နှင့် အကြံပြုလိုသည့် အချက်များရှိပါက အကြံပြုစာများ တင်ပြနိုင်ပါကြောင်း ပြောကြားခဲ့သည်။

ယနေ့တွင် မဲပေးသည့်အစီအစဉ် လက်တွေ့သရုပ်ပြမှု ဆောင်ရွက်ခဲ့သည့် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းရှိ ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက် မဲရုံအမှတ် (၁) တွင် မဲပေးခွင့်ရှိသူ ၂၁၀၃ ဦး ရှိကြောင်းနှင့် နမူနာကျင်းပပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက် မဲရုံအမှတ် (၁) တွင် မဲပေးခွင့်ရှိသူ ၈၁၁ ဦး ရှိကြောင်း။

လက်ရှိစာရင်းများအရ နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၈၅၅၁၃ ဦး၊ ဒက္ခိဏသီရိမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၂၇၇၈၆ ဦး၊ ပျဉ်းမနားမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၁၃၂၄၅၇ ဦး၊ လယ်ဝေးမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၂၁၇၆၂၀ ဦး၊ ဇေယျာသီရိမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၇၉၀၂၉ ဦး၊ တပ်ကုန်းမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၁၇၈၈၄၄ ဦး၊ ပုဗ္ဗသီရိမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၉၂၈၆၉ ဦး၊ ဥတ္တရသီရိမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၅၂၄၆၉ ဦး ရှိကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဇမ္ဗူသီရိမြို့နယ်ရှိ ဇေယျာသိဒ္ဓိရပ်ကွက် မဲရုံအမှတ် (၁) ၌ လက်တွေ့သရုပ်ပြ မဲပေးရန် တန်းစီစောင့်ဆိုင်းနေသူများအား မဲရုံပြင်ပ ကြီးကြပ်ရေးတာဝန် ထမ်းဆောင်သူများက ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်များသန့်စင်ခြင်း၊ နှာခေါင်းစည်း ထုတ်ပေးခြင်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

# (၁၃) ကြိမ်မြောက် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အာဆီယံဖိုရမ်အတွက် နိုင်ငံအဆင့် သုံးပွင့်ဆိုင် အကြိုလုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (International Labour Organization-ILO)တို့ ပူးပေါင်း၍ (၁၃) ကြိမ်မြောက် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အာဆီယံဖိုရမ်အတွက် နိုင်ငံအဆင့် သုံးပွင့်ဆိုင် အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် Virtual Meeting ဖြင့် ကျင်းပသည်။ **(ယာပုံ)**




**တက်ရောက်**

အစည်းအဝေးသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံရုံးမှ သံအမတ်ကြီး Ms. Andrea Faulkner၊ မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံရုံးမှ ပူးပေါင်းဆောင်ရွက်ရေး အကြီးအကဲ Ms. Eileen Stewart နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO-Yangon) မှ Liaison Officer Mr. Donglin Li ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ UN/ INGO/ NGO မှ ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်းများ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံအဆင့်အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယခင်ပြုလုပ်ခဲ့သည့် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အာဆီယံဖိုရမ်များ၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုဖြစ်ပေါ်တိုးတက်မှုများကို လေ့လာရန်၊ (၁၃) ကြိမ်မြောက် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အာဆီယံဖိုရမ်၏ ခေါင်းစဉ်ဖြစ်သည့် ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေစဉ်အတွင်း ရွှေ့ပြောင်းအလုပ်သမားများကို ပံ့ပိုးကူညီပေးရန် အတူတကွ ပေါင်းစည်း၍ တုံ့ပြန်ဆောင်ရွက်နိုင်သော အာဆီယံအသိုက်အဝန်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန်၊ (၁၃) ကြိမ်မြောက် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အာဆီယံဖိုရမ်သို့ တက်ရောက်မည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ထည့်သွင်းဆွေးနွေးနိုင်မည့် နိုင်ငံအဆင့်အကြံပြုချက်များ မူကြမ်းရေးဆွဲနိုင်ရန်နှင့် အတည်ပြုချမှတ်နိုင်ရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါကြောင်း။

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ စိန်ခေါ်မှုများ ရင်ဆိုင်နေရပြီး ကမ္ဘာ့လူနေမှုဘဝပုံစံ ပြောင်းလဲလာကြောင်း၊ နိုင်ငံတော်တော်များများတွင် လူဝင်မှုကြီးကြပ်ရေးနှင့်စပ်လျဉ်းပြီး ပုံစံအမျိုးမျိုးဖြင့် ဗီဇာသက်တမ်းတိုးပေးခဲ့သည့်အတွက် လုပ်သားအချို့ အဆင်ပြေနိုင်သော်လည်း အများစုသည် အလုပ်အကိုင်စာချုပ်သက်တမ်း ကုန်ဆုံးခြင်း၊ လုပ်သားအင်အားလျှော့ချခြင်း၊ စက်ရုံ/အလုပ်ရုံပိတ်သိမ်းခြင်း၊ အလုပ်အကိုင်ဆုံးရှုံးရခြင်းတို့ကို ကြုံတွေ့နေရကြောင်း၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ပြည်ပတွင် ရောက်ရှိနေသည့် ရွှေ့ပြောင်းအလုပ်သမားများသည် အခက်အခဲအမျိုးမျိုးကြောင့် နေရပ်ပြန်လိုမှု၊ တရားမဝင် နေထိုင်လုပ်ကိုင်နေသူများ နေရပ်ပြန်လိုမှု၊ နေထိုင်စားသောက်ရေး အခက်အခဲဖြစ်နေမှုတို့နှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနမှ ခန့်အပ်တာဝန်ပေးထားသည့် အလုပ်သမားသံအရာရှိများက သက်ဆိုင်ရာ မြန်မာသံရုံးနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နေထိုင်ခွင့်နှင့် စပ်လျဉ်းသည့်အချက်များ၊ နေရပ်ပြန်ရာတွင် ဆောင်ရွက်ရမည့်အချက်များ၊ ကိုဗစ်-၁၉ ရောဂါတားဆီးကာကွယ်ရေး သက်ဆိုင်ရာနိုင်ငံကချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လူမှုကွန်ရက်မှတစ်ဆင့် အလုပ်သမားများသိရှိနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့်သတင်း ဖြန့်ဝေပေးလျက်ရှိကြောင်း။

**ညှိနှိုင်းဆောင်ရွက်မှုများ အမြန်ဆုံးပြုလုပ်**

အကျပ်အတည်းကာလအတွင်း ရွှေ့ပြောင်းအလုပ်သမားအများစုက လူမှုကာကွယ်စောင့်ရှောက်မှုမရရှိသည့်အတွက် ရေရှည်တွင် ရွှေ့ပြောင်းအလုပ်သမားများအတွက် အာမခံမှုရှိသည့် လွှဲပြောင်းရယူနိုင်သည့် လူမှုကာကွယ်စောင့်ရှောက်မှုဖြစ်စေရေးနှင့် ပတ်သက်၍ မူရင်းနိုင်ငံနှင့် လက်ခံနိုင်ငံများအကြား ညှိနှိုင်းဆောင်ရွက်မှုများကို အမြန်ဆုံးပြုလုပ်သွားရန် လိုအပ်ကြောင်း။

ကိုဗစ်-၁၉ ၏ သက်ရောက်မှုသည် ကမ္ဘာတစ်ဝန်း အလုပ်သမားဈေးကွက်အပါအဝင် ကဏ္ဍပေါင်းစုံအပေါ် သက်ရောက်မှုရှိခြင်းကြောင့် ရွှေ့ပြောင်းလုပ်သားများကို မူရင်းနိုင်ငံသို့ပြန်ရန် တွန်းအားဖြစ်စေပြီး မူရင်းနိုင်ငံသို့ပြန်သည့်အခါတွင် တားမြစ်ကန့်သတ်ချက်များစွာ ရှိနေကြောင်း၊ ယခုကာလတွင် တရားဝင်လမ်းကြောင်းများ ပိတ်ဆို့ထားသည့်အတွက် အစိုးရအချင်းချင်းသာမက အရပ်ဘက်အဖွဲ့အစည်း၊ ပုဂ္ဂလိကအခန်းကဏ္ဍများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အချို့ နေရပ်ပြန်လုပ်သားများသည် ပြည်တွင်း၌ဆက်လက်နေထိုင်လုပ်ကိုင်မည်ဖြစ်၍ နေရပ်ပြန်လုပ်သားများ မူရင်းနိုင်ငံ၏ အလုပ်သမားဈေးကွက်များတွင် ပြန်လည်ပေါင်းစည်းနိုင်ရေး လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလုပ်အကိုင် ရှာဖွေရန်၊ အလုပ်ရှင်များ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှလက်ခံရန် အလုပ်သမားများ၏ ကျွမ်းကျင်မှုအသိအမှတ်ပြုရေးသည် အရေးကြီးပါကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများအပါအဝင် လုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရာတွင် ၎င်းတို့၏ Soft skills အတွက်ပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ကျွမ်းကျင်မှုသင်ကြားရာတွင် သမားရိုးကျမဟုတ်သော နည်းလမ်းများကို အသုံးပြုသင်ကြားပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

**အဖွင့်အမှာစကားပြောကြား**

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံရုံးမှ သံအမတ်ကြီး Ms. Andrea Faulkner၊ မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံရုံးမှ ပူးပေါင်းဆောင်ရွက်ရေး အကြီးအကဲ Ms. Eileen Stewart နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO- Yangon) မှ Liaison Officer Mr. Donglin Li တို့က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကိုယ်စားလှယ်များက အစည်းအဝေးနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း၊ အကြံပြုချက်များ ရယူခြင်းများ ပြုလုပ်ခဲ့ပြီး ယခု အစည်းအဝေးမှ ရရှိလာသည့် ရလဒ်များကို ဗီယက်နမ်နိုင်ငံက ဦးဆောင်ပြုလုပ်မည့် (၁၃) ကြိမ်မြောက် ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ အာဆီယံဖိုရမ်တွင် ထည့်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# (၁၉) ကြိမ်မြောက် အာဆီယံအဆင့်မြင့် ဥပဒေအရာရှိကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် (၁၉) ကြိမ်မြောက် အာဆီယံအဆင့်မြင့် ဥပဒေအရာရှိကြီးများ အစည်းအဝေး (ASLOM) နှင့် လုပ်ငန်းအဖွဲ့ (Working Group) အစည်းအဝေးကို အောက်တိုဘာ ၅ ရက်မှ ၇ ရက်အထိ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပလျက်ရှိသည်။ **(ယာပုံ)**



အဆိုပါ ASLOM အစည်းအဝေးသို့ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီသီမြင့်နှင့် အာဆီယံ ၁၀ နိုင်ငံမှ အဆင့်မြင့် ဥပဒေအရာရှိကြီးများ တက်ရောက်ကြသည်။

**ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်**

အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက (၁၉)ကြိမ်မြောက် အာဆီယံအဆင့်မြင့် ဥပဒေအရာရှိကြီးများ အစည်းအဝေးကို မြန်မာနိုင်ငံ နေပြည်တော်၌ ယခုနှစ်အတွင်း ကျင်းပရန် စီစဉ်ခဲ့သော်လည်း ကိုဗစ်-၁၉ ကူးစက်မြန် ရောဂါပျံ့နှံ့မှုကြောင့် အစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း၊ အစည်းအဝေးဖြစ်မြောက်ရေးအတွက် ကူညီပေးခဲ့သော အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် ASLOM အဖွဲ့ဝင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ အာဆီယံသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနည်းပညာနှင့် စီမံခန့်ခွဲရေးနယ်ပယ်များတွင် အပြန်အလှန် အကူအညီပေးရေးနှင့် တက်ကြွသော ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ရန် ရည်ရွယ်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံအသီးသီး၏ ပိုမိုကောင်းမွန်သော ဥပဒေဆိုင်ရာ ပတ်ဝန်းကျင်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ASLOM ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း။

**အဓိကမဏ္ဍိုင်တစ်ခုဖြစ်**

အာဆီယံဒေသတွင်းရှိ ဥပဒေပညာရှင်များ၏ အသိအမြင် အတွေ့အကြုံများ ဖလှယ်ခြင်းသည် ဥပဒေရေးရာကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကအခန်းမှ ပါဝင်ပါကြောင်း၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန် အကူအညီပေးရေးနှင့် လူကုန်ကူးမှုကိစ္စရပ်များစသည့် ဥပဒေနယ်ပယ်များတွင် ASLOM အနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်အတွက် ASLOM အစည်းအဝေးသည် အဓိကမဏ္ဍိုင်တစ်ခု ဖြစ်ကြောင်း၊ ASLOM ခေါင်းဆောင်များ၏ ကြိုးစားအားထုတ်မှုများကြောင့် အာဆီယံပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် အပြန်အလှန်အကူအညီပေးရေး သဘောတူစာချုပ်နှင့် အာဆီယံ တရားခံလွှဲပြောင်းရေး သဘောတူစာချုပ်တို့ ဖြစ်ပေါ်လာမှုကို ဂုဏ်ပြုပါကြောင်း၊ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေဆိုင်ရာ အပြန်အလှန် အကူအညီပေးရေးသည် ဒေသတွင်း ဥပဒေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက်သာမက အပြည်ပြည်ဆိုင်ရာ ဥပဒေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက်ပါ အရေးကြီးပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် ဥပဒေဆိုင်ရာ အပြန်အလှန် အကူအညီပေးရေး သဘောတူစာချုပ်နှင့် အာဆီယံတရားခံလွှဲပြောင်းရေး သဘောတူစာချုပ်တို့၏ ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံကုန်သွယ်ရေး ဥပဒေ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ပြစ်မှု တားဆီးကာကွယ်ရေးနှင့် ပြစ်မှုဆိုင်ရာ တရားမျှတမှု၊ တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှု၊ တရားမနှင့် ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေဆိုင်ရာ အပြန်အလှန်အကူအညီပေးရေးနှင့် အာဆီယံဒေသတွင်း ဥပဒေဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ် အောက်တိုဘာ ၇ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး COVID-19 ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲ မှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိရာ အောက်တိုဘာ ၇ ရက်တွင် COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြုအားဖြည့် ဆောင်ရွက်နိုင်ရေး အဖွဲ့ဝင် ကျန်းမာရေးပညာရှင်ကြီးများနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ ကျန်းမာရေးပညာရှင်များဖြစ်သည့် သွေးရည်ကြည်ကုထုံးကော်မတီ ဥက္ကဋ္ဌ၊ သွေးရောဂါ အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာရဲမြ၊ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြုအားဖြည့်ဆောင်ရွက်ရေးအဖွဲ့ (အဖွဲ့ဝင် ခေတ္တညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဒေါက်တာသန်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီး COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်တို့က ပြည်သူများ သိရှိမေးမြန်းလိုသည့် COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်းသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားချက်များကို ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၆**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တိုင်းဒေသကြီး/ ပြည်နယ် (၆) ခုရှိ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ လက်တွေ့မြေပြင် ဆောင်ရွက်နေသည့် အခြေခံကျန်းမာရေးပညာရှင်ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၆**

တိုင်းဒေသကြီး/ ပြည်နယ် (၆) ခုရှိ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား လက်တွေ့မြေပြင်တွင် ဆောင်ရွက်နေသည့် အခြေခံကျန်းမာရေး ပညာရှင်ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။ (**ဓာတ်ပုံ**)

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအပါအဝင် ပြည်သူများအတွက် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို လက်တွေ့မြေပြင်တွင် ဆောင်ရွက်နေကြသည့် အခြေခံကျန်းမာရေး ပညာရှင်ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အထူးအရေးကြီးပါကြောင်း၊ ယနေ့ တွေ့ဆုံရာတွင် လုပ်ငန်းဆောင်ရွက်မှုအတွေ့အကြုံများ၊ လိုအပ်ချက်များ၊ စိန်ခေါ်မှုနှင့် အခက်အခဲများအား ပွင့်လင်းစွာဆွေးနွေးတင်ပြကြစေလိုပါကြောင်း၊ လုပ်ငန်းအတွေ့အကြုံများ ဝေမျှခြင်းဖြင့် မြို့နယ်တစ်ခုမှ ကောင်းမွန်သည့် လုပ်ဆောင်ချက်များအား အခြားမြို့နယ်များမှ အတုယူဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အခြေခံကျန်းမာရေး ပညာရှင် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ ဖြန့်ဝေထားသော Mobile Tablet များကို အသုံးချဆောင်ရွက်စေလိုပါကြောင်း။

### ကျန်းမာရေးအသိပညာလေ့လာမှတ်သား

အဆိုပါ Mobile Tablet များတွင် ပါဝင်သည့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့် အညီ လုပ်ငန်းဆောင်ရွက်ခြင်း၊ ပါဝင်သည့် ကိုဗစ်-၁၉ ကာကွယ်ရေး၊ ကျန်းမာရေးအသိပညာဗဟုသုတများအား အသွားအလာ ကန့်သတ်ရာနေရာများတွင် လက်ကိုင်အသံချဲ့စက်ဖြင့် ပြောကြားခြင်းများ ပြုလုပ်စေလိုပါကြောင်း၊ ထို့ပြင် ၎င်း Mobile Tablet များတွင်ပါဝင်သည့် လုပ်ငန်းလမ်းညွှန်အမျိုးမျိုးနှင့် ရောဂါအမျိုးမျိုး ကာကွယ်ထိန်းချုပ်ရေး ကျန်းမာရေးအသိပညာ ဗဟုသုတများကိုလည်း ပုံမှန်လေ့လာမှတ်သားကြစေလိုပါကြောင်း၊ အခြေခံကျန်းမာရေး ပညာရှင်များသည် ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းနှင့် ပြည်သူ့ကျန်းမာရေးအသိပညာ မြင့်မားရေး လုပ်ငန်းများတွင် အလွန်အရေးကြီးသောကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသူများဖြစ်ပါကြောင်း၊ ဆီးချို၊ သွေးတိုး အစရှိသည့် မကူးစက်တတ်သော ရောဂါများကာကွယ်ထိန်းချုပ်ရေး၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ တီဘီ၊ ငှက်ဖျားနှင့် ခုခံကျ/ ကာလသား အစရှိသည့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ သည်လည်း အရေးကြီးပြီး လုပ်ငန်းများအားနည်းပါက အဆိုပါရောဂါများ ဖြစ်ပွားမှုနှင့် သေဆုံးမှုများ များပြားလာမည်ဖြစ်ပါကြောင်း။

### ချိတ်ဆက်ဆောင်ရွက်ရမည်

အသွားအလာကန့်သတ်ရာ နေရာများတွင်လည်း ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ တီဘီရောဂါ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါဖြစ်ပွားသူများပါဝင်နေနိုင်သဖြင့် ၎င်းတို့၏ ဆေးဝါးပြတ်လပ်မှု မရှိစေရေးအတွက် သက်ဆိုင်ရာ ကျန်းမာရေးစီမံချက် မန်နေဂျာများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးပွဲမှ တစ်ဆင့်ပြောကြားလိုသည်မှာ ကိုဗစ်-၁၉ ဖြစ်ပွားမှုနည်းပါးသည့် မြို့နယ်များတွင် အဆိုပါလုပ်ငန်းများအား လစ်ဟာမှုမရှိစေရေး ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မိမိနေအိမ်တွင်သာနေထိုင်ရေး အစီအစဉ် သတ်မှတ်ထားသော ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်၊ တွံတေး၊ မြောက်ဥက္ကလာပ၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ လှိုင်၊ လှိုင်သာယာနှင့် အင်းစိန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၊ မွန်ပြည်နယ် ဘီးလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တို့မှ မြို့နယ်ကျန်းမာရေးမှူး၊ ကျန်းမာရေးမှူး အဆင့် (၁)၊ လက်ထောက်ကျန်းမာရေးမှူး၊ မြို့နယ်သူနာပြု ဆရာမကြီး၊ ပြည်သူ့ကျန်းမာရေးဆရာမ၊ အမျိုးသမီးကျန်းမာရေးဆရာမ၊ သားဖွားဆရာမ၊ ပြည်သူ့ကျန်းမာရေး ကြီးကြပ် (၁) နှင့် (၂) များက ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းခြင်းလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ထမ်းများ မြို့နယ်အလိုက် အဖွဲ့များဖွဲ့စည်းကာ တာဝန်ထမ်းဆောင်နေမှုနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူအချို့၏ ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းကြောင့် တွေ့ကြုံရသည့် အခက်အခဲများ၊ အသွားအလာကန့်သတ်ရာနေရာများနှင့် လတ်တလော အနံ့ပျောက်လက္ခဏာ ခံစားရသူများအား ထားရှိရာနေရာများတွင် ကျန်းမာရေးဝန်ထမ်းများအား အဖွဲ့များဖွဲ့ကာ တာဝန်ထမ်းဆောင်နေမှု၊ သင်တန်းပြီးမြောက်ထားသည့် အခြေခံကျန်းမာရေးပညာရှင်များက မြို့နယ်အလိုက် အဖွဲ့များဖွဲ့ကာ ခေတ်ခွဲနမူနာရယူနေမှု၊ လုပ်ငန်းများ ဆောင်ရွက်ရန် သယ်ယူပို့ဆောင်ရေး ယာဉ်အချို့ ထပ်မံလိုအပ်မှု၊ အသွားအလာကန့်သတ်ရာနေရာများတွင် လိုက်နာရမည့်စည်းကမ်းများ ပြောကြားခြင်းနှင့် ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်နေမှု၊ အသွားအလာကန့်သတ်ရာနေရာများ စီမံခန့်ခွဲမှု၊ လိုအပ်ချက်နှင့် အခက်အခဲများ၊ အသွားအလာကန့်သတ်ရာနေရာများတွင် လိုက်နာရမည့်စည်းကမ်းများအား ပိုစတာများ၊ ဆိုင်းဘုတ်များ တပ်ဆင်ထားရှိမှု၊ လက်ကမ်းစာစောင်များ ဖြန့်ဝေထားရှိမှုနှင့် လက်ကမ်းစာစောင်များ ထပ်မံလိုအပ်မှု၊ အဖွဲ့များအလိုက် တယ်လီဖုန်း၊ အီးမေးလ်နှင့် Viber တို့ကို အသုံးပြုကာ သတင်းအချက်အလက်များ မျှဝေဆောင်ရွက်နေမှုနှင့် ထိုသို့ဆောင်ရွက်ရန်အတွက် ကျသင့်သော တယ်လီဖုန်း/ အင်တာနက်ခများ ပံ့ပိုးပေးရန် လိုအပ်မှု။

အသွားအလာကန့်သတ်ရာနေရာများတွင် ရုတ်တရက် ရောဂါလက္ခဏာပြလာသူများအား အရေးပေါ်ကုသမှုပေးရန် အောက်ဆီဂျင်များ လိုအပ်မှု၊ Pulse Oximeter များနှင့် သွေးပေါင်ချိန်တိုင်းကိရိယာများ ထပ်မံလိုအပ်နေမှု၊ လုပ်ငန်းများတွင် ပရဟိတစေတနာရှင်များက ဝိုင်းဝန်းကူညီဆောင်ရွက်နေမှုနှင့် ၎င်းတို့အား ရောဂါကာကွယ်ရေး အသုံးအဆောင်များ ပံ့ပိုးပေးရန်လိုအပ်မှု၊ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများကို သိရှိကြသော်လည်း လိုက်နာဆောင်ရွက်ခြင်း အားနည်းနေမှု၊ အထွေထွေ ဆွေးနွေးချက်များ၊ အကြံပြုချက်များကို တင်ပြကြသည်။

### ပြန်လည်ဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်နှင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးတို့က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေး ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များမှ ချက်ချင်းဖြည့်ဆည်းပေးနိုင်သည်များကို စီစဉ်ဖြည့်ဆည်းပေးကာ တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေး ပြောကြားရာ၌ ယနေ့တွေ့ဆုံဆွေးနွေးရာတွင် တင်ပြခဲ့သည့် အခြေခံကျန်းမာရေး ပညာရှင်ဝန်ထမ်းများ၏ လိုအပ်ချက်များကို အထူးဦးစားပေးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီများ၏ ပံ့ပိုးမှု၊ ကူညီဆောင်ရွက်မှုများ အထူးတိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိရပါကြောင်း၊ အသွားအလာကန့်သတ်ရာနေရာများ၏ စီမံခန့်ခွဲမှုများသည် ပိုမိုတိုးတက် စနစ်ကျလာသည်ကို တွေ့ရှိရပြီး ယခုထက် ပိုမိုကောင်းမွန်စေရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယခု ကိုဗစ်-၁၉ ဖြစ်စဉ်တွင် အသွားအလာကန့်သတ်ရာနေရာများတွင် ရှိနေသူများအနက် ရောဂါပိုးရှိနေသူများပါဝင်ကာ အခြားသူများထံသို့ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ရောဂါကူးစက်စေနိုင်သဖြင့် အသွားအလာကန့်သတ်ရာနေရာများ စီမံခန့်ခွဲမှုများသည် အခြားသောဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်သည့် လူစုလူဝေးနှင့် ယာယီစခန်းများကို စီမံခန့်ခွဲရသည်နှင့် မတူညီပါကြောင်း။

### ပိုမိုပံ့ပိုးသွားမည်

ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများကို အမြဲဆန်းစစ်သုံးသပ်ကာ အခြေအနေအရပ်ရပ်နှင့်ကိုက်ညီစွာ မွမ်းမံပြင်ဆင်ပြီး ဖြန့်ဝေလျက်ရှိပါကြောင်း၊ မြို့နယ်များမှ လုပ်ငန်းအစီရင်ခံစာများ ပေးပို့ရာတွင် ပါဝင်ရမည့်အချက်များကို ပိုမိုပီပြင်စေရန်နှင့် လိုအပ်သည့်အချက်များကို ရိုးရှင်းလွယ်ကူမြန်ဆန်စွာ ဖြည့်စွက်ပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဗဟိုအဆင့်သို့ ရောက်ရှိလာသည့် အချက်အလက်များကို သုံးသပ်ပြီး လိုအပ်သည့် နည်းဗျူဟာများကို လိုအပ်သလို ချမှတ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းခြင်းများ ဆောင်ရွက်နေသည့် မြို့နယ်အဆင့်တာဝန်ရှိသူများအား ဗဟိုမှ ပိုမိုအားဖြည့် ပံ့ပိုးသွားမည်ဖြစ်ပါကြောင်း၊ အောက်ဆီဂျင်ပေးစက်များ ပိုမိုပံ့ပိုးသွားမည်ဖြစ်ပြီး ထပ်မံလိုအပ်ပါက ထပ်မံဝယ်ယူမည်ဖြစ်ပါကြောင်း၊ မြို့နယ်အဆင့်၌ Rapid Antigen Diagnostic Test Kit အသုံးပြုစစ်ဆေးရန်အတွက် လုပ်ငန်းလမ်းညွှန်များ အမြန်ဆုံးဖြန့်ဝေသွားမည်ဖြစ်ပါကြောင်း၊ အသွားအလာကန့်သတ်ရာနေရာများနှင့် ခေတ်ခွဲနမူနာ ရယူရာနေရာများတွင် အသုံးပြုရန် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံများ၊ N95 mask များ အပါအဝင် ရောဂါကာကွယ်ရေး အသုံးအဆောင်များ ထပ်မံပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ အသွားအလာကန့်သတ်ရာနေရာများတွင် ကူညီဆောင်ရွက်နေသည့် ပရဟိတစေတနာရှင်များအား ရောဂါကာကွယ်ရေး အသုံးအဆောင်များ ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊ အသွားအလာကန့်သတ်ရာနေရာများတွင် အချက်အလက်များ လျင်မြန်စွာ ဖြည့်စွက်ပေးပို့နိုင်ရန်အတွက် ကွန်ပျူတာစနစ်ကို အသုံးချဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အသက်အရွယ်ကြီးသူများနှင့် နာတာရှည် ရောဂါရှိသူများအား အသွားအလာ ကန့်သတ်ရာနေရာများတွင် သီးခြားထားရှိနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အသွားအလာကန့်သတ်ရာနေရာများတွင် လုပ်ငန်းဆောင်ရွက်နေသူများသည် နေ့စဉ်လုပ်ငန်းများကို ပြန်လည်သုံးသပ်ကာ လုပ်ငန်းများ ပိုမိုပီပြင်စေရေးဆောင်ရွက်ကြစေလိုပါကြောင်း။

မိမိတို့၏ ကုသရေးဝန်ထမ်းများက တစ်ဖက်မှ ကိုဗစ်-၁၉ လူနာများကို ကုသမှုပေးနေသကဲ့သို့ ရောဂါကူးစက်ဖြစ်ပွားမှုများ နည်းပါးစေရန် ပြည်သူ့ကျန်းမာရေးဘက်မှလည်း အထူးပိုမိုအားဖြည့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ ရောဂါအမျိုးမျိုးဖြစ်ပွားမှုမရှိစေရေးအတွက် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများအား အမြဲအားထုတ်ဆောင်ရွက်နေသည့် အခြေခံကျန်းမာရေးပညာရှင်ဝန်ထမ်းများအား ကျေးဇူးတင်ရှိ အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ငွေကျပ်နှစ်ရာကိုးဆယ့်နှစ်သိန်း ထပ်မံလှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၆**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စုပေါင်းလှူဒါန်းသည့် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ယနေ့ညနေပိုင်းက နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးလှကျော်က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့အမှူးပြုသော ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များမှ နိုင်ငံ့ဝန်ထမ်းများ စုပေါင်းထည့်ဝင်လှူဒါန်းသည့် အလှူငွေကျပ် ၂၉၂၀၀၀၀၀ ကို ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများကိုယ်စား ဒုတိယဝန်ကြီးက ပေးအပ်လှူဒါန်းရာ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့ လှူဒါန်းမှုသည် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ လိုအပ်လျက်ရှိသော အောက်ဆီဂျင်ပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း အပါအဝင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ရည်ရွယ်လှူဒါန်းခြင်းဖြစ်ကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ပထမအကြိမ် လှူဒါန်းငွေကျပ် ၈၇၅၀၀၀၀၀ ကို စက်တင်ဘာ ၂၉ ရက်တွင် ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ လှူဒါန်းခဲ့ရာ ယနေ့ လှူဒါန်းမှုအပါအဝင်စုစုပေါင်း ငွေကျပ် ၁၁၆၇၀၀၀၀၀ ကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လှူဒါန်းခဲ့ပြီးဖြစ်သည်။




**သတင်းစဉ်**

# စီးဆင်းနေမည့် အလင်းတန်းများ

ဦးဘတင်(မင်္ဂလာမြေ)

**တိမ်ဝါရောင် ...တိမ်တောင်တွေ ...**
**စိမ်းစိမ်းစို ... အစ်ကိုတို့ရွာ ...**
**အခုများဖြင့်မြို့ကြီးလို ... ဓာတ်မီးရောင်ထိန် ...**
**ကုသိုလ်ဖြစ်ဆေးရုံ... ပွဲနဲ့လမ်းနဲ့သာသာယာ ...**
**စာသင်ကျောင်းတွေနဲ့ ... ဈေးကနဲ့မတူပါ ...**
**ကျေးရွာဝါဒ... ပြောင်းလဲလိုက်ကြပေါ့တစ်ခါ ...**

အထက်ပါသီချင်းလေးသည် တစ်ချိန်က နာမည်ကြီးပြီး လူကြိုက်များသည့် သီချင်းတစ်ပုဒ်ဖြစ်သည်။ နန်းတော်ရှေ့ဆရာတင် ရေးသားပြီး ကိုအံ့ကြီး သီဆိုခဲ့သော ကျေးရွာဝါဒသီချင်းဖြစ်သည်။ နန်းတော်ရှေ့ဆရာတင် ရေးသားခဲ့သော ရာပေါင်းများစွာသော တေးသီချင်းများအနက် 'ဝါဒ' သီချင်းလေးပုဒ်ရှိခဲ့သည်။ ယင်းတို့မှာ ကျေးရွာဝါဒ၊ သူဌေးဝါဒ၊ အရမ်းသုံးဝါဒ၊ ဗမာ့ဝါဒတို့ဖြစ်သည်။ ကျေးရွာဝါဒသီချင်းသည် တိုးတက်ဖွံ့ဖြိုးလာသော ရွှေဘိုမြို့လေး၏ အခြေအနေကို သီကုံးဖော်ကျူးထားသောသီချင်းဖြစ်ကာ ထိုအချိန် စစ်ပြီးကာလတွင် ရွှေဘိုမြို့အနေဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ပြီဖြစ်ကြောင်း ကျူးရင့်သည့်သီချင်းအဖြစ်လည်း မှတ်ယူ၍ရပါသည်။ ထိုခေတ်ထိုကာလက မြို့ကြီးပြကြီး မဟုတ်သော ကျေးလက်၊ နယ်ဘက်အရပ်ဒေသများအတွက် လျှပ်စစ်မီးသုံးစွဲနိုင်ရန် မလွယ်ကူကြပေ။ ထို့ကြောင့် လျှပ်စစ်မီးသုံးစွဲနိုင်ခြင်းသည် ထူးခြားဂုဏ်ယူဖွယ်ရာ ဝိသေသတစ်ခုဖြစ်လာခဲ့ရသည်။

**ယခင်ကမီးစက်မီးများဖြင့် သုံးစွဲခဲ့ရ**

အမှန်တကယ်အားဖြင့် ထိုခေတ်အခါက ရွှေဘိုမြို့ လျှပ်စစ်မီးသုံးစွဲနိုင်ခြင်းသည် နိုင်ငံတော်ဓာတ်အားစနစ်မှ ပေးပို့သော လျှပ်စစ်ဓာတ်အားမဟုတ်ဘဲ SCODA မီးစက်ကြီးများဖြင့် လည်ပတ်မောင်းနှင်သော မီးစက်မီးပင်ဖြစ်ပါသည်။ ရွှေဘိုမြို့အနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြင့် ၁၉၈၅ ခုနှစ် ခန့်ရောက်မှသာ မန္တလေး-စဉ့်ကူးမှ 33kV လိုင်း တည်ဆောက်ဓာတ်အားရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဆိုလိုသည်မှာ လျှပ်စစ်မီးရရှိနိုင်မှုသည် အခြေအနေအဆင့်ဆင့်ကို ဖြတ်သန်းရသည်။ နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားပေးသော ဗို့အားမြင့် ဓာတ်အားလိုင်းဖြင့် တည်ဆောက်မရယူနိုင်မီ ဦးစွာပထမ မီးစက်အင်ဂျင်မီး၊ ရေအားဒိုင်နမိုမီး၊ ထင်းမီး၊ ဘွိုင်လာရေနွေးငွေ့ဖြင့် ထုတ်လုပ်သော ရေနွေးငွေ့ဓာတ်အားပေးစက်မီး စသည်တို့ကို အသုံးပြုရသည်။ ယင်းသို့ အသုံးပြုရာတွင် အချိန်အပိုင်းအခြား၊ အကန့်အသတ်ဖြင့်သာ သုံးစွဲနိုင်ကြသည်။ နောက်ပိုင်းကာလ မိမိကျေးရွာဒေသသို့ ဓာတ်အားခွဲရုံကြီးများ၊ မဟာဓာတ်အားလိုင်းများ တည်ဆောက်သွယ်တန်းပြီးစီး၍ ဒေသတွင်း မြို့ပြ၊ ကျေးရွာများသို့ ဓာတ်အားလိုင်းများအဆင့်ဆင့် သွယ်ယူသုံးစွဲနိုင်မှသာ နိုင်ငံတော်ဓာတ်အားစနစ်မှ ပေးသည့် လျှပ်စစ်မီးကို အချိန်ပြည့်သုံးစွဲနိုင်ကြခြင်းဖြစ်သည်။

လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှုမှာလည်း ဓာတ်အားထုတ်လုပ်မှုအရင်းအမြစ်အမျိုးမျိုးအပေါ် အခြေခံ၍ ထုတ်လုပ်သုံးစွဲကြရာ ထုတ်လုပ်စရိတ်သက်သာပြီး စဉ်ဆက်မပြတ်၊ တည်ငြိမ်စွာဓာတ်အားပေးနိုင်သည့် ဓာတ်အားအရင်းအမြစ်သည်သာ သုံးစွဲသူအတွက် မှန်ကန်အားထားရသည့် ဓာတ်အားသုံးစွဲမှုဖြစ်နိုင်ပါသည်။

**ကိုလိုနီခေတ် ကာလ**

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမရမီ ကိုလိုနီခေတ် ကာလကတည်းကပင် ဓာတ်အားပေး အင်ဂျင်စက်များဖြင့် တစ်နိုင်တစ်ပိုင်အသုံးပြုလာခဲ့ကြသည်။ အထူးသဖြင့် အရင်းရှင်ကုမ္ပဏီကြီးများ၏ စီးပွားရေးလုပ်ငန်းများနှင့် ယင်းနှင့်ဆက်စပ်သော လူနေဒေသတို့တွင်သာ အသုံးပြုနိုင်ခြင်းဖြစ်ရာ အများပြည်သူ လူနေအိမ်ရပ်ကွက်များသို့ ဓာတ်အားပေးနိုင်ခြင်း မရှိခဲ့ပါ။ ဘာသာရေးအဖွဲ့အစည်း၊ ဂေါပကအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် တန်ခိုးကြီးဘုရား ကျောင်းစေတီများတွင် မီးစက်များတပ်ဆင်ထွန်းညှိနိုင်ကြမှသာ ယင်းဘုရား ကျောင်းစေတီတို့နှင့်နီးစပ်သော လူနေရပ်ကွက်အချို့တို့က ဓာတ်အားသုံးစွဲနိုင်ကြခြင်း ဖြစ်ပါသည်။ အချို့နေရာဒေသများတွင် စီးပွားရေးလုပ်ငန်းရှင်အချို့က ကိုယ်ပိုင်မီးစက်များနှင့် အဖိုးအခယူ၍ ဓာတ်အားရောင်းချမှုမျိုးရှိခဲ့သော်လည်း အနည်းအကျဉ်းမျှသာ ဖြစ်ပါသည်။ ယနေ့ခေတ်ကဲ့သို့ အစိုးရ (သို့) ကော်ပိုရေးရှင်းကြီးများက ရပ်ရွာလူနေဒေသများသို့ တာဝန်ယူဓာတ်အား ဖြန့်ဖြူးသည့်စနစ် မပေါ်ပေါက်သေးပါ။ ၁၉၄၈ ခုနှစ်နောက်ပိုင်းရောက်မှသာ အစိုးရက တာဝန်ယူ ဓာတ်အားဖြန့်ဖြူးပေးသည့်စနစ် ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။

**နေရာကွက်ကြား ဓာတ်အားပေးရမှု**

ယင်းသို့အစိုးရက တာဝန်ယူဆောင်ရွက်ရသည့် ဓာတ်အားဖြန့်ဖြူးမှုသည်လည်း အကန့်အသတ်များစွာရှိပါသည်။ မြို့၊ ရပ်ကွက်၊ ကျေးလက်တို့တွင် ဓာတ်အားလိုင်းများ သွယ်တန်းမပေးပို့နိုင်မီ ရပ်ရွာအတွက် နိုင်နင်းနိုင်မည့် မီးစက်လေးများဖြင့်သာ တသီးတခြား ဓာတ်အားပေးရခြင်းဖြစ်သည်။ ဒီဇယ်၊ ဓာတ်ဆီ၊ မီးထိုးဆီ၊ ရေနွေးငွေ့သုံး အင်ဂျင်စက်များဖြင့် နေရာကွက်ကြား ဓာတ်အားပေးရမှုမျိုးဖြစ်ပါသည်။



မြဝတီ-ကော့ကရိတ် ဓာတ်အားလိုင်းသွယ်တန်းထားမှုကို တွေ့ရစဉ်။

**"လောပိတ (ဘီလူးချောင်း) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးသည့် ၁၉၆၀ ပြည့်နှစ် ဧပြီလ (၁) ရက် နောက်ပိုင်းမှသာ လောပိတ(လွိုင်ကော်)မှ ရန်ကုန်ဒေသနှင့် မန္တလေးဒေသတို့သို့ 230 kV/ 132kV မဟာဓာတ်အားလိုင်းများ အသီးသီးတည်ဆောက်ပြီး ရေအားလျှပ်စစ် ဓာတ်အားပေးကွန်ရက် (Hydal Grip) အဖြစ် ပေါ်ပေါက်လာစေကာ ရေအားလျှပ်စစ် အရင်းအမြစ်ဖြင့် ဈေးနှုန်းသက်သာသည့် ဓာတ်အားကို ပြည်သူတို့ စတင်သုံးစွဲနိုင်ခဲ့ကြခြင်းဖြစ်"**

**လောပိတ (ဘီလူးချောင်း) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ**

လောပိတ (ဘီလူးချောင်း) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးသည့် ၁၉၆၀ ပြည့်နှစ် ဧပြီလ (၁) ရက် နောက်ပိုင်းမှသာ လောပိတ(လွိုင်ကော်)မှ ရန်ကုန်ဒေသနှင့် မန္တလေးဒေသတို့သို့ 230 kV/ 132kV မဟာဓာတ်အားလိုင်းများ အသီးသီးတည်ဆောက်ပြီး ရေအားလျှပ်စစ်ဓာတ်အားပေးကွန်ရက် (Hydal Grip) အဖြစ် ပေါ်ပေါက်လာစေကာ ရေအားလျှပ်စစ်အရင်းအမြစ်ဖြင့် ဈေးနှုန်းသက်သာသည့် ဓာတ်အားကို ပြည်သူတို့ စတင်သုံးစွဲနိုင်ခဲ့ကြခြင်း ဖြစ်ပါသည်။

ယင်းသို့ လောပိတ (ဘီလူးချောင်း) ရေအားလျှပ်စစ် တည်ဆောက်ပြီးသော်လည်း ဓာတ်အား အရင်းအမြစ်များ စဉ်ဆက်မပြတ်ရှာဖွေဖော်ဆောင်နိုင်ခြင်းမရှိသဖြင့် သုံးစွဲမှုမြင့်မားလာသော နောက်ပိုင်း ကာလများတွင် ဓာတ်အားအလုံအလောက် မပေးနိုင်ခြင်း၊ ဓာတ်အားဖြန့်ဖြူးဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ တိုးချဲ့မတည်ဆောက်နိုင်ခြင်းစသည့် အခက်အခဲများစွာ ရင်ဆိုင်ခဲ့ရပါသည်။ လျှပ်စစ်ကဏ္ဍသည် ဖွံ့ဖြိုးတိုးတက်သင့်သလောက် မတိုးတက်ဘဲ အများပြည်သူတို့၏ ဓာတ်အားသုံးစွဲနိုင်မှု အချိုး Electrification Ratio (ER%) မှာ အလွန်နည်းပါးခဲ့ပါသည်။ **စာမျက်နှာ ၇ သို့**



၆၆ ကေဗွီ မြဝတီ-ကော့ကရိတ် ဓာတ်အားခွဲရုံကို တွေ့ရစဉ်။

*စာမျက်နှာ ၆ မှ*

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လျှပ်စစ်ကဏ္ဍအနေဖြင့် ထုတ်လုပ်မှုစရိတ်အနည်းဆုံးနှင့် အရည်အသွေးရှိသော ဓာတ်အားကို စဉ်ဆက်မပြတ် ပေးနိုင်ရေးသည် အလွန်အရေးပါလှပေသည်။ ဓာတ်အားထုတ်လုပ်နိုင်သည့် အရင်းအမြစ်များ မည်မျှကြွယ်ဝ၍ မည်မျှအသုံးချနိုင်ပြီလဲ။ ဓာတ်အားခွဲရုံကြီးများ၊ ဓာတ်အားလိုင်းများ မည်မျှတည်ဆောက်သုံးစွဲနိုင်ပြီလဲ စသည့် အခြေခံအကြောင်းများပေါ်မူတည်ကာ လူမှုဘဝဖွံ့ဖြိုးရေးနှင့် စက်မှုဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများကို ရေးဆွဲဖော်ဆောင်ကြရသည်။

**လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးရေး**

ထို့ကြောင့် မိမိတို့နိုင်ငံ၏ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးရေးအတွက် ဓာတ်အားထုတ်လုပ်မှုအပိုင်း၊ ဓာတ်အားပို့လွှတ်မှုအပိုင်းနှင့် ဓာတ်အားဖြန့်ဖြူးမှုအပိုင်း စသည့် အပိုင်းသုံးပိုင်းတို့သည် ဟန်ချက်ညီညီ တိုးတက်တည်ဆောက်နိုင်ရန် လွန်စွာအရေးကြီးပါသည်။ အပိုင်းတစ်ပိုင်းနောက်ကျနေပါကလည်း ဖြစ်စဉ်ကြီးတစ်ခုလုံး နောက်ကျနေဦးမည်ဖြစ်သည်။

ဓာတ်အားထုတ်လုပ်ရေးအပိုင်းတွင်လည်း ဓာတ်အားထုတ်လုပ်မှုအရင်းအမြစ်နှင့်စပ်လျဉ်း၍ ရေအား၊ ကျောက်မီးသွေး၊ နေရောင်ခြည်၊ သဘာဝဓာတ်ငွေ့၊ LNG စသည်တို့မှ ထုတ်လုပ်ကြခြင်းအပေါ် အမြင်သဘောထားအမျိုးမျိုးနှင့် ကန့်ကွက်ပြောဆိုအငြင်းပွားနေဆဲဖြစ်သည်။ မိမိနိုင်ငံ၏ စွမ်းအင်အကျပ်အတည်းအပေါ် ယထာဘူတကျကျ အခြေခံထား စဉ်းစားရှုမြင်သုံးသပ်ခြင်းထက် မိမိနားလည်အားသန်ရာနှင့် မိမိစိုးရိမ်ခံစားချက်တို့အပေါ် စွဲမြဲရပ်တည်ကာ ပြောဆိုဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ ထို့ကြောင့် တရိပ်ရိပ်တိုးတက်တောင်းဆိုလာသည့် ဓာတ်အားလိုအပ်ချက်များကို အမီလိုက်ထုတ်လုပ်ရန် အခက်အခဲအဟန့်အတားများ ဖြစ်ပေါ်နေဆဲဖြစ်သည်။ ထို့ကြောင့် အချိန်ခါကာလနှင့်လျော်ညီသော ဓမ္မဓိဋ္ဌာန်ကျကျ တွေးမြင် နားလည်မှုများဖြင့် အမျိုးသားအကျိုးစီးပွားကို အမြော်မြင်ရှိရှိ ဖော်ဆောင်ရန်လည်း လိုအပ်နေပါသည်။

**ဓာတ်အားပို့လွှတ်မှုအပိုင်း**

ဓာတ်အားပို့လွှတ်မှုအပိုင်းတွင်လည်း ဓာတ်အားခွဲရုံကြီးများ၊ ဓာတ်အားပို့လွှတ်လိုင်းများပါဝင်သော ဓာတ်အားကွန်ရက်ကြီးအဖြစ် ကြီးမားကျယ်ပြန့် ခိုင်မာအားကောင်းဖို့လိုပါသည်။ လျှပ်စစ်ဓာတ်အား၏ သဘောသဘာဝအရ ဓာတ်အားထုတ်လုပ်သည့် ဝေးလံသောနေရာမှ ဓာတ်အားဖြန့်ဖြူးမည့် ခွဲရုံကြီးများသို့ သာမန်ဗို့အားစနစ်ဖြင့်ပို့လွှတ်၍မရပေ။ ထို့ကြောင့် ဓာတ်အားပေးစက်ရုံမှ ထွက်ရှိလာသော 11 kV ဓာတ်အားကို ဗို့အားမြင့်ထရန်စဖော်မာ (Booster Transformer) ကြီးများဖြင့် 132 kV (သို့) 230 kV ဗို့အားတို့သို့မြှင့်တင်ကာ ပို့လွှတ်ပေးကြရသည်။ သို့မှသာ သတ်မှတ်ဓာတ်အားခွဲရုံများသို့ ရောက်ရှိ ချိတ်ဆက်နိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ ဓာတ်အား အမြောက်အမြားသုံးစွဲသည့် မြန်မာနိုင်ငံ တောင်ပိုင်းသို့ ပင်မဓာတ်အားအရင်းအမြစ်များ၊ ဓာတ်အားပေးစက်ရုံများတည်ရှိရာ မြောက်ပိုင်းနှင့်အရှေ့မြောက်ဒေသမှ ဝေးလံရှည်လျားစွာ ဓာတ်အားပို့လွှတ်နေရသည့်အတွက် ဓာတ်အားပို့လွှတ်သယ်ဆောင်ရေးသည် ဓာတ်အားစနစ်ကြီးတစ်ခုလုံး၏အသက်သွေးကြောဖြစ်နေသည်။


**တည်ဆောက်ပြီးစီးတော့မည်**

ယခုအခါ 500 kV ဓာတ်အားလိုင်းစနစ်ကို တည်ဆောက်ပြီးစီးတော့မည်ဖြစ်ရာ ဓာတ်အားပို့လွှတ်ကွန်ရက်ကြီးအနေဖြင့် ဓာတ်အားပမာဏ အမြောက်အမြားကို သယ်ဆောင်ပို့လွှတ်နိုင်တော့မည် ဖြစ်ကြောင်းလည်း သိရသည်။ ထိုသို့ ဓာတ်အားပေးစက်ရုံများက ပို့လွှတ်လိုက်သော ဓာတ်အားများကို မဟာဓာတ်အားလိုင်းများမှတစ်ဆင့် ဒေသအသီးသီးရှိ မဟာဓာတ်အားခွဲရုံကြီးတို့ထံ ပို့လွှတ်ပေးရသည်။ ထိုခွဲရုံကြီးတို့၌ Transformer ကြီးများဖြင့် ထပ်မံဖြန့်ဖြူးမည့် ဗို့အားအဆင့်ဆင့်ဖြစ်သော 66 kV, 33 kV, 11 kV, 6.6 kV စသည့် ဗို့အားတို့သို့ ပြန်လည်ချယူ ပြောင်းလဲကာ ဓာတ်အားလိုင်းအသီးသီးဖြင့် သုံးစွဲရာနေရာများသို့ ထပ်မံခွဲဝေပေးကြရပါသည်။ သုံးစွဲမည့် မြို့ပြ၊ ရပ်ရွာဒေသတို့က အဆိုပါ 66 kV, 33 kV, 11 kV, 6.6 kV ဓာတ်အားတို့ကို ရပ်ကွက်နေရာများသို့ ဓာတ်အားဖြန့်ဖြူးသုံးစွဲနိုင်မည့် 400V, 230V စသည့် ဓာတ်အားဖြန့်ဖြူးဗို့အား ရောက်အောင် ဓာတ်အားခွဲရုံငယ်လေးများဖြင့် ထပ်မံပြောင်းလဲ ဖြန့်ဖြူးကြရပါသည်။ *(ဆက်လက်ဖော်ပြပါမည်)*



ဖဖ ကေဗွီ ကလေးဝ-မော်လိုက် ဓာတ်အားခွဲရုံကို တွေ့ရစဉ်။

- ❒ ဓာတ်အားထုတ်လုပ်နိုင်သည့် အရင်းအမြစ်များ မည်မျှကြွယ်ဝ၍ မည်မျှအသုံးချနိုင်ပြီလဲ။ ဓာတ်အားခွဲရုံကြီးများ၊ ဓာတ်အားလိုင်းများ မည်မျှတည်ဆောက်သုံးစွဲနိုင်ပြီလဲ စသည့် အခြေခံအကြောင်းများပေါ်မူတည်ကာ လူမှုဘဝဖွံ့ဖြိုးရေးနှင့် စက်မှုဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများကို ရေးဆွဲဖော်ဆောင်ကြရ
- ❒ ယခုအခါ 500 kV ဓာတ်အားလိုင်းစနစ်ကို တည်ဆောက်ပြီးစီးတော့မည်ဖြစ်ရာ ဓာတ်အားပို့လွှတ်ကွန်ရက်ကြီးအနေဖြင့် ဓာတ်အားပမာဏအမြောက်အမြားကို သယ်ဆောင်ပို့လွှတ်နိုင်တော့မည်ဖြစ်



# ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

## ထက်လျှံ

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အောက်တိုဘာ ၆ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး ။** ။ ပရိသတ်များရှင်။ လတ်တလော ကမ္ဘာတစ်ဝန်းမှာ ဖြစ်ပွားနေတဲ့ ကိုဗစ်– ၁၉ ကမ္ဘာ့ကပ်ရောဂါနဲ့ ပတ်သက်တဲ့ သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကနေ ပြန်လည်ကြိုဆိုပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလ ၂၉ ရက်နေ့ကစလို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကိုဗစ် – ၁၉ ရောဂါစစ်ဆေးမှုတွေကို တောင်ကိုရီးယားနိုင်ငံက ဝယ်ယူထားတဲ့ Test Kit တွေ အသုံးပြုပြီး မြန်မြန်ဆန်ဆန် စစ်ဆေးအဖြေထုတ်နိုင်ခဲ့တဲ့အတွက် အတည်ပြုလူနာတွေ့ရှိမှု အရေအတွက်လည်း တိုးပွားလာနေတာကို မိဘပြည်သူတွေအသိပဲ ဖြစ်ပါတယ်။

ဒါပေမယ့် ဒါဟာ အရေအတွက်များများကို မြန်မြန်စစ်နိုင်တဲ့အတွက် မြန်မြန်တွေ့ရှိပြီး စောစီးစွာနဲ့ ကုသလို့ရနိုင်တာကြောင့် အလွန်အမင်း စိုးရိမ်ကြောင့်ကြမှု မဖြစ်ကြဖို့ကိုလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြီးခဲ့တဲ့ သောကြာနေ့တုန်းက ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနဲ့စပ်လျဉ်းပြီး ပြည်သူတွေကို အစီရင်ခံတင်ပြတဲ့ မိန့်ခွန်းမှာ ပြောကြားပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။

ကိုဗစ် – ၁၉ ကမ္ဘာ့ကပ်ရောဂါနဲ့ ပတ်သက်လို့ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြု အားဖြည့်ဆောင်ရွက်ရေးအဖွဲ့က ပါမောက္ခကြီးတွေ၊ အငြိမ်းစား ပါမောက္ခကြီးတွေနဲ့ သမားတော်ကြီးတွေက ကိုဗစ် – ၁၉ ရောဂါနဲ့ ပတ်သက်လို့ မိဘပြည်သူတွေသိရှိလိုတဲ့ မေးခွန်းတွေကို ဖြေကြားဆွေးနွေးပေးနေတာဆိုရင် ဒုတိယမြောက် ရက်သတ္တပတ်ကို ရောက်ရှိလာပြီလည်း ဖြစ်ပါတယ်။

ဒီနေ့အတွက် မေးခွန်းမေးမြန်း ဖြေကြားဆွေးနွေးမှုမှာတော့ ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (အငြိမ်းစား) ဒေါက်တာဝင်းမြင့်နှင့် ဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာ ညွှန့်သိန်း (ဆေးပညာဌာန – အငြိမ်းစား) နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင်တို့က ပါဝင်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဆရာကြီးတို့အားလုံး မင်္ဂလာပါ။ ဒီနေ့ဆွေးနွေးပွဲမှာ ဆရာကြီးတို့အနေနဲ့ ယခုလို အချိန်ပေးပြီး ပါဝင်ဆွေးနွေးပေးတဲ့အတွက် ကျေးဇူးအထူးတင်ရှိပါတယ်။ ဒီနေ့ရဲ့ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း ဆွေးနွေးမှုတွေ စတင်ဖို့အတွက် ဆရာကြီး ဒေါက်တာ သာထွန်းကျော်က ဦးဆောင်ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။



ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်တွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (အငြိမ်းစား) ဒေါက်တာ ဝင်းမြင့်နှင့် ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာညွှန့်သိန်းတို့ ပါဝင်ဖြေကြား ဆွေးနွေးစဉ်။

**ဒေါက်တာသာထွန်းကျော် ။** ။ ဆရာကြီးများ မင်္ဂလာပါ။ ကျွန်တော့်ရဲ့ ဆရာများဖြစ်ကြတဲ့အတွက် ဒီနေရာက ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်တို့ လက်ခံရရှိထားတဲ့ မေးခွန်းတွေထဲက ပထမဦးဆုံး ဖြေရမှာတော့ ဆရာကြီးဦးဝင်းမြင့် ဖြစ်ပါတယ်။

မေးထားတဲ့ မေးခွန်းက ဘယ်သူ့ဆီမှာ ရောဂါရှိနေပြီး မသိနိုင်တဲ့အတွက် မိမိထံကို ရောဂါကူးစက်မှုမရှိရအောင် ဘယ်လို လိုက်နာဆောင်ရွက်ရမလဲ ဆိုတဲ့ မေးခွန်းကို ရှင်းလင်း ဖြေကြားပေးစေလိုပါတယ်။

**ဒေါက်တာဝင်းမြင့် ။** ။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို တိုက်ရိုက်မဖြေခင်မှာ အခြေခံအချက်အချို့ကို တင်ပြလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ အခြေခံအချက်အချို့ဟာ သိချင်တဲ့သူတွေ မေးထားတဲ့ မေးခွန်းတချို့လည်း ဖြေပြီးသားဖြစ်မှာဖြစ်သလို၊ နောက်ထပ်လည်း လိုက်နာဆောင်ရွက်ရတဲ့အခါမှာ ဒါကြောင့် ကျွန်တော်တို့ လိုက်နာရပါလားဆိုတဲ့အချက်ကို သိစေလိုတဲ့အတွက် အခြေခံအချို့ကို တင်ပြလိုပါတယ်။

ယနေ့အချိန်မှာ မြန်မာနိုင်ငံရဲ့ အခြေအနေကို ကြည့်မယ်ဆိုရင် ပြည်သူအတွင်းမှာ ကူးစက်မှုဖြစ်နေတယ်ဆိုတာ ယုံမှားသံသယဖြစ်စရာမရှိပါဘူး။ ဒါကြောင့်မို့ မည်သူ့မှာ ရောဂါ ပိုးရှိနေတယ်ဆိုတာကို တပ်အပ်ပြောလို့ မရပါဘူး။ လူတိုင်း လူတိုင်းသည် ရောဂါပိုးရှိနိုင်တယ်ဆိုတဲ့ စိတ်နဲ့ ဆောင်ရန်၊ ရှောင်ရန်လေးတွေကို လိုက်နာဖို့လိုပါတယ်။

ဒီနေရာမှာ ဘာကြောင့် ကူးစက်သလဲဆိုတာကို သိမှ ဘယ်လိုကာကွယ်ရမလဲဆိုတာ သိမှာဖြစ်ပါတယ်။ အဲဒီတော့ ကူးစက်ပုံ၊ ကူးစက်နည်းလေးကို အကြမ်းဖျင်း တင်ပြရမယ်ဆိုရင် ဒီပိုးဟာ ဆယ်လသားပိုးလေး၊ တစ်နှစ်တောင် မပြည့်သေးပါဘူး။ ဒါကြောင့်မို့ သုတေသနပညာရှင်တွေအနေနဲ့ ဒီပိုးနဲ့ပတ်သက်လို့ ရနိုင်သမျှသော သုတေသန တွေ့ရှိချက်တွေကို ချပြနေသော်လည်း တကယ်တော့ ပြည့်ပြည့်စုံစုံ မရှိသေးပါဘူး။

သို့သော် ရရှိတဲ့ သုတေသနအပေါ်မှာ အခြေခံပြီးတော့ ကူးစက်ပုံ၊ ကူးစက်နည်းကို ပြောပြရရင် နည်းက နှစ်နည်းပဲ ရှိပါတယ်။ ပထမနည်းက တိုက်ရိုက်ကူးစက်တာ ဖြစ်ပါတယ်။ တိုက်ရိုက်ကူးစက်တာက ချောင်းဆိုးနေတဲ့သူ ဒါမှမဟုတ် နှာချေနေတဲ့သူ ဒါမှမဟုတ်ရင်လည်း စကားပြောလိုက်တဲ့အခါမှာ သူရဲ့ နှာခေါင်း၊ ပါးစပ်တွေက ထွက်လာတဲ့ အမှုန်အမွှားတွေထဲမှာ ရောဂါပိုး ပါနိုင်ပါတယ်။

အဲဒီ ရောဂါပိုးတွေဟာ ရောဂါပိုးမရှိတဲ့သူထံကို တိုက်ရိုက်ကူးစက်သွားတာမျိုးဖြစ်နိုင်သလို၊ ဒုတိယနည်းက ဒီပိုးရဲ့ အရွယ်အစားသည် အနည်းငယ်လေးတဲ့အတွက် ဝေးဝေးမသွားနိုင်ပါဘူး။ မြေပေါ် ပြုတ်ကျပါတယ်။ ပြုတ်ကျတဲ့အခါမှာ စားပွဲပေါ် ပြုတ်ကျတာပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ကျွန်တော်တို့ ကိုင်နေတဲ့ လက်တန်းပေါ်ကို ပြုတ်ကျတာပဲ ဖြစ်ဖြစ်၊ ဒါမှမဟုတ် တံခါးဂျက်တွေပေါ်ပဲ ပြုတ်ကျတာပဲဖြစ်ဖြစ် အဲဒီဟာကို ရောဂါပိုး မရှိတဲ့သူက ကိုင်မိပြီး မိမိမျက်နှာကို ကုတ်ရာကနေ ရောဂါပိုးတွေက နှာခေါင်း၊ ပါးစပ်၊ မျက်စိ တို့မှတစ်ဆင့် ကူးစက်ပြီးတော့ ရနိုင်တာလည်း ဖြစ်နိုင်ပါတယ်။

ဒါကြောင့်မို့ ဒီနည်း နှစ်နည်းဟာ အဓိက ဖြစ်ပါတယ်။ သုတေသနပြုနေပေမယ့်၊ မသေချာတဲ့ နည်းလေးတွေ ရှိသော်လည်း ကျွန်တော်တို့က တခြားနည်းတွေကို အာရုံမစိုက်တော့ဘဲ၊ ဒီနှစ်နည်းကို အခြေခံပြီးတော့ ကျွန်တော်တို့ ဘယ်လိုကာကွယ်ရမလဲဆိုတဲ့အချက်ကို အထူးပြုဖို့ လိုပါလိမ့်မယ်။ လူတိုင်းလူတိုင်း သိသော်လည်းပဲ ဒီအခြေခံအချက်အလက်ပေါ်မှာ မူတည်ပြီး ဖြစ်လာတဲ့ ကာကွယ်နည်းကို မဖြစ်မနေ လိုက်နာဆောင်ရွက်ဖို့လိုပါတယ်။

ရောဂါပိုးရှိတဲ့သူနဲ့ မရှိတဲ့သူ ခွဲခြားမရနိုင်တဲ့အတွက် မည်သူ့ထံမှ မည်သူ့ထံသို့ ကူးတယ်ဆိုတာ မသေချာတဲ့အတွက် မိမိအိမ်ထဲမှာနေခြင်းအားဖြင့်၊ ပတ်ဝန်းကျင်နဲ့ ဆက်သွယ်မှုနည်းပါးခြင်းအားဖြင့် ရောဂါကူးစက်မှုကို ဖြတ်တောက်နိုင်မှာ ဖြစ်ပါတယ်။

ဒီအချိန်မှာတော့ သူလည်း မလည်၊ ကိုယ်လည်း မလည်နဲ့ ကိုယ့်အိမ်ထဲမှာ ကိုယ်နေမယ်။ သို့သော် ကိုယ့်အိမ်ထဲမှာ နေတဲ့အချိန်မှာ ကိုယ့်မိသားစုနဲ့က ရှိနေတာ ဖြစ်တဲ့အတွက် ကိုယ့်မိသားစုထဲမှာလည်း မည်သူ ရောဂါပိုး ရှိနိုင်တယ်၊ မရှိနိုင်ဘူး မသေချာတဲ့အတွက် ခြောက်ပေခွာပြီး ခပ်ခွာခွာလေး မိသားစုထဲမှာနေဖို့ အရေးကြီးပါတယ်။

ထိုနည်းတူစွာပဲ မိသားစုအနေနဲ့ အာဟာရမျှတတဲ့ အစားအစာတွေ စားဖို့၊ အချိန်မှန် အိပ်ဖို့၊ သင့်တော်တဲ့ လေ့ကျင့်ခန်းတွေ ဆောင်ရွက်ဖို့၊ နောက်အိမ်ကလည်းပဲ တတ်နိုင်လို့ရှိရင် လေဝင်လေထွက် ကောင်းတဲ့အိမ်ဖြစ်ဖို့ ဒါလေးတွေ အရေးကြီးပါတယ်။

အဲဒီတော့ အိမ်ထဲမှာ နေစဉ်ကာလအတွင်းမှာလည်း ကိုယ့်အိမ်မှာ အသက် ၆၀ ကျော် အဘိုးအဘွားတွေ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါ စသဖြင့် အဘိုး အဘွားတွေ၊ လူနာတွေ ရှိမယ်ဆိုရင် သူတို့ကို ပိုပြီးဂရုစိုက်ပြီး ခြောက်ပေအကွာက နေသလို၊ သူတို့ စားသုံးတဲ့ အိုးခွက်ပန်းကန်ကစပြီး သီးခြားလေးတွေ ဆောင်ရွက်ပြီးတော့ သေချာလေးဆောင်ရွက်ဖို့ လိုပါလိမ့်မယ်။

မကြာခဏ လက်ဆေးတဲ့ဟာသည် လူတိုင်းစေ့ လိုက်နာဆောင်ရွက်ဖို့ လိုသလို၊ အိမ်ပြင်ကို မဖြစ်မနေ ထွက်မယ်ဆိုရင်လည်း မဖြစ်မနေကိစ္စမှ ထွက်ရမယ်။ ထွက်တဲ့အခါမှာလည်း နံပါတ် (၁) အရေးကြီးမှုက လူစုလူဝေးများတဲ့ နေရာတွေကို နံပါတ် (၁) ရှောင်ရှားဖို့ လိုပါတယ်။ နံပါတ် (၂) ခြောက်ပေ အကွာမှာ နေမယ်၊ နေပြီးလို့ရှိရင် Mask ကို စနစ်တကျ တပ်မယ်ဆိုရင်၊ Mask လေးနဲ့ စနစ်တကျ အုပ်လိုက်ခြင်းအားဖြင့် နှာခေါင်း၊ ပါးစပ်တွေကို တိုက်ရိုက်မသွားဖို့အတွက် ကာကွယ်ပြီးသားဖြစ်ပါလိမ့်မယ်။

နောက်တစ်ခုက ခုနကပြောသလို တစ်ဆင့်ပေ့ါလေ၊ တိုက်ရိုက်မဟုတ်ဘဲနဲ့ တစ်ဆင့်ကူးစက်တဲ့၊ ခုနက လက်တန်းကနေတစ်ဆင့်၊ အရာဝတ္ထုတွေကနေတစ်ဆင့် ကူးစက်မယ်ဆိုရင်လည်း ဒါကို လက်မကြာခဏ သေချာဆေးခြင်းအားဖြင့်၊ စနစ်တကျဆေးခြင်းအားဖြင့် ကာကွယ်နိုင်မယ်ဆိုတာ တိကျစွာ ပြောလို့ရပါတယ်။

ယခုပြောနေတဲ့ အချက်အလက်တွေကို ကျွန်တော်ထင်ပါတယ်။ ယခု နားထောင်နေတဲ့ ပရိသတ် ၁၀၀ မှာ ၁၀၀ နီးနီးလောက် သိချင်သိလိမ့်မယ်။ သို့သော် အသိကနေ သတိ ဒါကို ယုံယုံကြည်ကြည်နဲ့ လက်ခံဖို့က အင်မတန် အရေးကြီးပါတယ်။ ယုံယုံကြည်ကြည်နဲ့ လက်ခံလို့လည်း ကူးစက်တတ်တဲ့ ဒီသုတေသနတွေ့ရှိချက်တွေ အရ ကူးစက်တဲ့သဘာဝကို ပြောပြီးသားဖြစ်တဲ့အတွက် ဒါကိုလည်း လက်ခံယုံကြည်လိမ့်မယ်လို့ ယုံကြည်တယ်။

အဲဒီတော့ အယောက် ၁၀၀ မှာ ၁၀၀ သိပေမယ့် ဒါကို ယုံကြည်လက်ခံတဲ့သူက ၈၀ ဖြစ်ချင်ဖြစ်နေမယ်။ တတိယအဆင့်က အဲဒါကို လိုက်နာတာပါ။ လိုက်နာတာဆိုတာကလည်း တကယ်အရေးကြီးပါတယ်။ တိတိကျကျ လိုက်နာဖို့ဆိုတာ ယခုအချိန်မှာ လိုက်နာတာ ၅၀ ရာခိုင်နှုန်း / ၆၀ ရာခိုင်နှုန်း ရှိသော်လည်းပဲ တိတိကျကျ လိုက်နာတဲ့သူက အဲဒီလောက်ရှိမှာ မဟုတ်ဘူးလို့ ယူဆပါတယ်။ ဥပမာအားဖြင့် Mask တပ်တယ်ဆိုရင် တပ်နေကြတာပဲ၊ ဒါပေမယ့် တကယ့်စနစ်တကျ တပ်မယ်ဆိုရင် Mask တပ်မယ့်သူက Mask မတပ်ခင် လက်ဆေးရမယ်ဆိုတာ လူဘယ်နှယောက် အဲဒီလို Mask မတပ်ခင် လက်ဆေးကြပါသလဲ၊ အဲဒါကို ဆန်းစစ်ကြဖို့ လိုပါတယ်။

Mask ကို တပ်ပြီဆိုရင်လည်း ဒီမျက်နှာဖွင့်ကနေ နားရွက်ကိုချိတ်တဲ့အခါမှာ အပေါ်ဘက်ကထားရမယ့် သတ္တုပြားလေး ဘယ်နေရာမှာရှိသလဲ ဒါအရင်လေ့လာရပါတယ်။ အရောင်က ဘယ်ဘက်မှာရှိသလဲ လေ့လာရပါတယ်။ အရောင်ကို အပြင်ဘက်မှာထားပြီး သတ္တုပြားလေးကိုအပေါ်မှာထားပြီးတော့မှ မေးစေ့အထိရောက်အောင် ဆွဲချရတဲ့ စနစ်တကျ အင်မတန်အရေးကြီးပါတယ်။ ဒါလေးကို လိုက်နာဖို့ လိုပါတယ်။

ခုနက ပြောသလို Droplets( အမှုန်အမွှားလေး) တွေ ကျသွားရင် ပလတ်စတစ်ဘူးခွံပေါ်မှာ ဘယ်လောက်နေမလဲဆိုရင် ငါးရက်လောက် နေနိုင်ပါတယ်။ နောက်တစ်ခုက Stainless Steel တွေပေါ်မှာ ၄၈ နာရီလောက်အထိ နေနိုင်ပါတယ်။ ဒါမှမဟုတ်ရင်လည်း မှန်တို့၊ သစ်သားတို့၊ စက္ကူတို့ပေါ်မှာကျတော့ လေးရက် / ငါးရက်လောက်အထိ နေနိုင်ပါတယ်။ ဒါက လက်ရှိ သုတေသနတွေ့ရှိချက်ဖြစ်ပါတယ်။ နောက်ပိုင်းတွေ့လာလို့ ဒီဟာတွေသည် ပြောင်းလဲရင်လည်း ပြောင်းလဲသွားမယ့် အခြေအနေရှိတယ်ဆိုတာကို တင်ပြလိုပါတယ်။

နောက်တစ်ခုကတော့ အဓိကအရေးကြီးတာက တစ်ယောက်နဲ့တစ်ယောက် ထိတွေ့မှုတွေ အကြိမ်ပမာဏကို လျှော့ဖို့ လိုပါလိမ့်မယ်။ ထိတွေ့မှုအကြိမ်တိုင်းမှာ Risk ရှိပါတယ်။ အန္တရာယ်ရှိပါတယ်။ ထိုနည်းလည်းကောင်းပဲ တစ်ခါတစ်ခါ တွေ့တဲ့အချိန်ကိုလည်း လျှော့ချဖို့လိုပါလိမ့်မယ်။ ဥပမာ မဖြစ်မနေ ဈေးသွားမယ်ဆိုရင် ဈေးထဲမှာ အကြာကြီး လျှောက်ကြည့်နေမယ့်အစား မြန်မြန်ဆန်ဆန် ကိုယ်ဝယ်ချင်တဲ့ဟာလေး ဝယ်ခြင်းအားဖြင့် ဒီလိုထိတွေ့မှုအချိန်ကို ဒီလိုလျှော့ချမှ ဖြစ်မယ်ဆိုတာကို သိစေလိုပါတယ်။

နောက်တစ်ခုကတော့ ခုနကပြောသလို အသိရယ်၊ သတိရယ်၊ လိုက်နာတာရယ်က အင်မတန်မှ အရေးကြီးပါတယ်။ လူတိုင်းလူတိုင်းဟာ ခုနက ပြောတဲ့ အချက်တွေကို လေးလေးစားစား တိတိကျကျ လိုက်နာနိုင်တယ်ဆိုရင် တိုင်းပြည်ကနေ ကိုဗစ်အန္တရာယ်ဆိုးကြီးကို မြန်မြန်ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ ပျောက်သွားအောင်တော့ လုပ်လို့မရသေးပါဘူး၊ မြန်မြန်ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ပြီးခဲ့တဲ့အပတ်က ဆရာကြီးတစ်ယောက် ပြောသွားတဲ့ ဆေးစပ်ကြီး လေးမျိုးဆိုတဲ့နေရာမှာ ကျွန်တော်က ဆေးစပ် ငါးမျိုးပေ့ါ၊ လူစုလူဝေးရှောင်ပါ။ အိမ်မှာနေပါ။ ခပ်ခွာခွာ ခြောက်ပေအကွာမှာနေပါ။ Mask တပ်ပါ။ လက်မကြာခဏဆေးပါ။ သို့သော် ဒါတွေကိုလည်း စနစ်တကျ ကျွန်တော်တို့ လိုက်နာဆောင်ရွက်ဖို့ လိုပါလိမ့်မယ်။

**ဒေါက်တာသာထွန်းကျော် ။** ။ ဆေးစပ်ကြီး ငါးမျိုးနဲ့ ဆက်စပ်ပြီး ဖြေကြားပေးသွားတဲ့ ဆရာကြီး ဦးဝင်းမြင့်ကို အများကြီးကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးတော့ ဆရာကြီး ဦးညွှန့်သိန်းကို မေးလိုတဲ့ မေးခွန်းက ပြုစုကုသရေးနဲ့ ပတ်သက်လို့ စင်ကာပူနည်းနာကို ယူသင့်ပါတယ်။ ကိုဗစ် – ၁၉ ကာကွယ်ဆေးကို ပြည်တွင်းမှာ စက်ရုံတည်ဆောက်ပြီး ထုတ်လုပ်မှာလား၊ မြန်မာပြည်ကို ရောက်ဖို့ ဘယ်လောက်အထိစောင့်ရမလဲ သိချင်ပါတယ် ဆိုတဲ့ မေးခွန်းကို ဆရာကြီး ဦးညွှန့်သိန်း ဖြေကြားပေးစေလိုပါတယ်။

**ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာညွှန့်သိန်း ။** ။ ဟုတ်ကဲ့ နှစ်ပိုင်းပေ့ါလေ။ ပထမ တစ်ပိုင်းကတော့ စင်ကာပူပေ့ါ။ စင်ကာပူနဲ့ ပတ်သက်လို့ ပြောရမယ်ဆိုရင် အားလုံးသိတဲ့အတိုင်းပါပဲ။ စင်ကာပူနိုင်ငံက အာရှမှာဆိုရင် တော်တော်လေးကို ဖွံ့ဖြိုးဆုံး၊ အချမ်းသာဆုံးနိုင်ငံပါ။ GDP အနေနဲ့ တွက်မယ်ဆိုရင်လည်း တစ်ကမ္ဘာလုံးမှာ နံပါတ် ၇ လောက်ရှိတဲ့နိုင်ငံ၊ ဆိုလိုတာက သူက ဘဏ္ဍာရေး အလွန်တောင့်တင်းတယ်။ နံပါတ် (၂) က လူဦးရေ၊ သူရဲ့ လူဦးရေက ၅ ဒသမ ၇ သန်းပဲ ရှိတယ်။ အဲဒီ ဘဏ္ဍာရေးနဲ့ လူဦးရေ အားသာချက်က စင်ကာပူရဲ့ အားသာချက် ဖြစ်သွားပါတယ်။

နိုင်ငံတော်တော်များများမှာ ပထမ စင်ကာပူရဲ့ သေဆုံးမှု တော်တော်နည်းတယ်။ အဲဒါကို အကုန်လုံးက အားကျတယ်ပေ့ါလေ။ အားကျလို့ သူတို့က လေ့လာကြတဲ့ အခါမှာ၊ သုတေသနတွေလုပ်တော့ တွေ့ထားတဲ့အချက်တွေထဲက အရေးကြီးတဲ့ ၅ ချက်ကို ပြောချင်ပါတယ်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

နံပါတ် (၁) အချက်က ခုနတုန်းက စင်ကာပူနိုင်ငံမှာ ရှိနေတဲ့ လူဦးရေထဲမှာမှ တချို့က ၉၀ ရာခိုင်နှုန်းပြောတယ်။ တချို့က ၉၅ ရာခိုင်နှုန်းပြောတယ်။ အဲဒါတွေက လူငယ် လူရွယ်တွေနဲ့ ကျန်းမာသန်စွမ်းတဲ့သူတွေ ဖြစ်နေတယ်။ ဒါကြောင့် သူတို့က ရောဂါဝင်သည့်တိုင်အောင် အသည်း အသန်မဖြစ်ဘူး။ သေလောက်တဲ့အထိ မဖြစ်ဘူး။ ဒါ နံပါတ် (၁) ပါ။

နံပါတ် (၂) ကတော့ ခုနကပြောခဲ့တဲ့ ဘဏ္ဍာရေးနဲ့ လူဦးရေရဲ့ အားသာချက်ပါ။ ဘဏ္ဍာရေးနဲ့ လူဦးရေရဲ့ အားသာချက်ကြောင့်မို့ စဖြစ်ခါစမှာ စောစောစစ်၊ စောစော သိ၊ စောစော တွေ့၊ စောစောကု ဆိုတာကို လုပ်နိုင်သွားတဲ့ အတွက်ကြောင့် ဒီလူဦးရေရဲ့ ၁၅ ရာခိုင်နှုန်း မကကို သူတို့ စစ်လိုက်နိုင်တဲ့အတွက်ကြောင့် အဲဒီလိုမျိုး အားသာချက် တွေ ရှိသွားတာက နံပါတ် (၂) ပါ။

နံပါတ် (၃) အချက်က ယခုပြောတဲ့ အားသာချက် နှစ်ခုပဲ၊ ခုနက ဘဏ္ဍာရေးနဲ့ လူဦးရေကြောင့်မို့လို့ သူတို့ နိုင်ငံမှာရှိတဲ့ ဆေးရုံတွေ Public ဆေးရုံကော၊ Private ဆေးရုံကော ပြီးတော့ ပစ္စည်းကိရိယာတွေ၊ ပြီးတော့ ကျွမ်းကျင်လုပ်သားတွေ အဲဒါတွေအားလုံးက လုံလုံ လောက်လောက်ရှိခဲ့တယ်။ သူတို့ရဲ့ ဘဏ္ဍာရေး၊ သူတို့ရဲ့ လူဦးရေအရပေါ့လေ။ ကျန်တဲ့ နိုင်ငံတွေနဲ့ တွက်ရင်ပေါ့လေ။ တစ်ခါ SARS တုန်းက ဘယ်လိုဖြစ်လဲဆိုတော့၊ ၂၀၀၃ – ၂၀၀၄ SARS တုန်းက စင်ကာပူက လူ ၂၃၈ ယောက် ရောဂါပိုးတွေ့ပြီး လူ ၃၃ ယောက် ဆုံးသွားတယ်။ ဒါက အာရှမှာ စံချိန်ကိုဖြစ်သွားတာပေါ့။ အဲဒီပြီးတဲ့အချိန်မှာ သူတို့က အလွန်ကို ပြင်ဆင်ထားတယ်။ ဆေးရုံတွေကို ပြင်ဆင်တယ်။ ICU တွေကို ပြင်ဆင်တယ်။ လူတွေကို Train လုပ်ထားတယ်။ အဲဒါတွေကြောင့်မို့ ဒီတစ်ခါ ဖြစ်တဲ့အခါမှာ သူတို့က ကောင်းကောင်းကြီးကို Prepare ဖြစ်နေတယ်။ အဲဒါကလည်း နံပါတ် (၃) အချက်ပါ။

နံပါတ် (၄) အချက်ကတော့ နှာခေါင်းစည်း၊ ပါးစပ် စည်းကို တပ်ကြပါလို့ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းမှာ ပြောတယ်။ စင်ကာပူမှာလည်း ပြောတယ်။ မြန်မာပြည်မှာလည်း ပြောတယ်။ ဒါပေမယ့် စင်ကာပူမှာ ဘာပါလဲဆိုတော့ အဲဒါနဲ့ပတ်သက်လို့ ဥပဒေထုတ်တယ်။ မတပ်ရင် ဘာလုပ် မယ်ဆိုတဲ့ ဥပဒေ သတ်မှတ်ချက်ရှိတယ်။ အရေးယူတာမှ တင်းတင်းကျပ်ကျပ် အရေးယူတယ်။ ဒဏ်ငွေကို အကြီး အကျယ် ဆောင်ခိုင်းတယ်။ ထောင်တောင်ချတယ်။ အဲဒါကလည်း ခုနတုန်းက ဒီကူးစက်တာကိုကော၊ သေဆုံး တာကိုပါ ကျစေတဲ့အချက်ပါ။

နောက်ဆုံး နံပါတ် (၅) အချက်ကတော့ စင်ကာပူမှာ ကိုဗစ်ကြောင့် သေတယ်ဆိုတဲ့ သေနှုန်းကို သူတို့တွက်တဲ့ အခါမှာ သူတို့က ကိုဗစ်သက်သက်ပဲ တွက်တယ်။ ဆိုကြ ပါစို့ နှလုံးရောဂါရှိတဲ့သူတစ်ယောက်က Heart Attack နဲ့ ဆေးရုံကို ရောက်ပြီးတော့ ကိုဗစ်လည်းရှိတယ်၊ Heart Attack နဲ့လည်း ဆုံးတယ်။ အဲဒါကို ကိုဗစ်ထဲမှာ ထည့်မတွက်ဘူး။ ထိုနည်းတူစွာပဲ ကျောက်ကပ်ရောဂါ ထည့်မတွက်ဘူး။ သွေးရောဂါ ထည့်မတွက်ဘူး။ ဒါကြောင့်မို့ ကိုဗစ်နဲ့ သူတို့သေနှုန်းက အရင်လောက်မများဘဲ ယခု အချိန်အထိ ၂၇ ယောက်ပဲရှိနေတာပါ။ ဒါက စင်ကာပူနဲ့ ပတ်သက်လို့ပါ။

အဲဒီတော့ စင်ကာပူပုံစံကို ကမ္ဘာ့နိုင်ငံတိုင်းက လိုက်လုပ်နေပါတယ်။ မြန်မာပြည်ကလည်း လိုက်လုပ်နေ ပါတယ်။ ဒါပေမယ့် ခုနကပြောတဲ့ ဘဏ္ဍာရေးနဲ့ လူဦးရေ အခြေအနေက စင်ကာပူမှီဖို့က ဆက်လက်ကြိုးစားနေ တုန်းပါပဲ။

နံပါတ် (၂) က ဗက်ဆင်း (Vaccine) ကိစ္စပေါ့။ Vaccine နဲ့ ပတ်သက်လို့ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားတဲ့ စာရင်းအရ နိုင်ငံကြီး ၂၀၊ နေရာအနှံ့အပြား၊ ဌာန ၂၀၀ မှာ ၁၄၀ ကျော်ပဲ Vaccine တွေ ထုတ်နေကြပါတယ်။ အဲဒီမှာ Vaccine ၂၉ ခုကတော့ လူနဲ့စမ်းသပ်တဲ့ အဆင့်ဖြစ်သွားပြီ၊ အဲဒီမှာမှ ၉ ခုက နောက်ဆုံးအဆင့်ကိုရောက်သွားပြီ နောက်ဆုံး အဆင့်ဆိုတော့ နံပါတ် ၅ အဆင့် ရောက်သွားပြီ။ အဲဒီတော့ Vaccine က ရှင်းရှင်းပြောရရင်တော့ အားလုံးလက်ခံထား တာက ဒီနှစ်ကုန်၊ နောက်နှစ်ဆန်းလောက်မှာ အန္တရာယ် ကင်းစွာနဲ့ လူတိုင်းကို ထိုးပေးနိုင်မယ့် အခြေအနေ ရှိပါတယ်။

တစ်လောက ရုရှားက စပွန်တနစ် (Sputnik) ဆိုတဲ့ Vaccine ထွက်လာတယ်။ အဲဒါကို WHO ကကော၊ US CDC ကကော ရာနှုန်းပြည့်တော့ သူတို့ အာမ မခံစေချင် သေးပါဘူး။ သူနိုင်ငံမှာတော့ သူထိုးတယ်ပေါ့လေ။ မနေ့ တစ်နေ့ကပဲ ဗင်နီဇွဲလားကို သိန်းနဲ့ချီပြီး ပို့လိုက်တယ်။ အဲဒီတော့ Vaccine တစ်ခုက ခုနကမေးထားတဲ့ မေးခွန်း

> **“ရန်ကုန်မှာ ယခုဖွင့်လှစ်ထားတဲ့ ကိုဗစ်ကုသရေးစင်တာ ရှစ်ခုမှာ လူနာ ၆၇၀၀ ကျော်ကို လက်ခံကုသနေပါတယ်။ နောက်ထပ်ပြီးတော့ တိုးချဲ့ပြင်ဆင်နေတဲ့ ကိုဗစ်စင်တာ လေးခုမှာ လူနာ ၃၅၀၀ ကျော်ကို လက်ခံနိုင်အောင် ဆောင်ရွက်နေပါတယ်။ အားလုံးပေါင်းလိုက်ရင် လူနာ ၁၀၀၀၀ ကျော်ကို လက်ခံကုသနိုင်အောင် ဆောင်ရွက်နေတာ ဖြစ်ပါတယ်”**

အရ စက်ရုံမှာထုတ်ပါဆိုတော့ Vaccine ထုတ်တဲ့ စက်ရုံက နေ့ချင်းညချင်း ထုတ်လို့ မရပါဘူး။ အထူးသဖြင့် ဆရာတို့ တိုင်းပြည်မျိုးဆိုရင် လူနာထားဖို့နေရာတောင် မနည်း လုပ်ယူနေရတဲ့ အချိန်မှာ ဒီလိုစက်ရုံမျိုး လုပ်တာကတော့ အလကား မကိုက်ညီပါဘူး။

နောက်တစ်ခု ဗင်နီဇွဲလားကို သူက Vaccine တွေ ပို့လိုက်တဲ့အချိန်မှာ သူတို့ဆီမှာလည်း ထုတ်လုပ်မယ်ပေါ့။ သူတို့က ဘာလုပ်သလဲဆိုတော့ သူတို့လူတွေကို အစမ်း သပ်ခံရမယ်။ အဲဒီတော့ Phase 3 စမ်းသပ်လည်း ခံရမယ်။ ပြီးတော့မှ သူတို့က ထုတ်ခွင့်ပေးမယ်ဆိုတော့ တစ်လော တုန်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောသွားသလို ကိုယ့်လူမျိုးတွေတော့ အစမ်းသပ်ခံ မပါထားဘူး။

ဒါပေမယ့် Vaccine နဲ့ ပတ်သက်လို့ သေချာတာ တစ်ခုကတော့ ခုနက မေးထားတဲ့ မေးခွန်းပေါ့၊ ဘယ်တော့ လောက်ရမလဲဆိုတာ ယေဘုယျအားဖြင့် နှစ်ကုန် ဒါမှ မဟုတ် နောက်နှစ်ဆန်းမှာ လူတိုင်းက လက်ခံထားတယ်။ အဲဒီမှာ Vaccine နဲ့ ပတ်သက်လို့ COVAX ဆိုတဲ့အဖွဲ့မှာ WHO ပါတယ်။ GAVI ပါတယ်။ CEP ဆိုတဲ့ အဖွဲ့ပါတယ်။ အဲဒီလို အဖွဲ့တွေအားလုံးနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဦးစီးထားတဲ့အဖွဲ့က ချိတ်ထားပါပြီ။ အဲဒီတော့ ကမ္ဘာအနှံ့အပြားမှာ Vaccine ထိုးလို့ရပြီဆိုရင်တော့ မြန်မာပြည်ကလည်း Vaccine ထိုးလို့ ရပြီလို့ သေချာပေါက် ရှိတယ်လို့ ပြန်ကြားချင်ပါတယ်။

**ဒေါက်တာ သာထွန်းကျော်** ။ ။ ဖြေကြားပေးတဲ့ ဆရာကြီး ဦးညွှန့်သိန်းအများကြီး ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ဆက်လက်ပြီးတော့ ဒီမှာ၊ ရန်ကုန်မှာ ကိုဗစ်ကုသရေးစင်တာတွေ တိုးချဲ့ဖွင့်လှစ် ကုသပေးတဲ့နေရာမှာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေ လုံလောက်မှုရှိပါရဲ့လား ဆိုတဲ့မေးခွန်းကို ကျွန်တော် ဖြေလိုပါတယ်။

ရန်ကုန်မှာ ယခုဖွင့်လှစ်ထားတဲ့ ကိုဗစ်ကုသရေး စင်တာ ရှစ်ခုမှာ လူနာ ၆၇၀၀ ကျော်ကို လက်ခံကုသနေ ပါတယ်။ နောက်ထပ်ပြီးတော့ တိုးချဲ့ပြင်ဆင်နေတဲ့ ကိုဗစ်စင်တာ လေးခုမှာ လူနာ ၃၅၀၀ ကျော်ကို လက်ခံနိုင် အောင် ဆောင်ရွက်နေပါတယ်။ အားလုံးပေါင်းလိုက်ရင် လူနာ ၁၀၀၀၀ ကျော်ကို လက်ခံကုသနိုင်အောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။

အဲဒီအထဲမှာ အထူးကြပ်မတ်ကုသနိုင်တဲ့ လူနာ ခုတင်က ၁၂၀ ကျော် လက်ခံနိုင်အောင် ဆောင်ရွက်ထား ပြီးဖြစ်ပါတယ်။ ဒီကိုဗစ်ကုသရေးစင်တာတွေမှာ လိုအပ် တဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ပတ်သက်ပြီး ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနမှာရှိတဲ့ ဆေးရုံကြီးတွေ၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးက ဆေးရုံတွေ၊ ဆေး တက္ကသိုလ်တွေနဲ့ ဆေးဘက်နီးနွယ်တက္ကသိုလ်တွေက အထူးကုဆရာဝန်တွေ၊ လက်ထောက်ဆရာဝန်တွေ၊ သူနာပြုတွေ၊ ကျွမ်းကျင်ဝန်ထမ်းတွေ၊ အခြေခံကျန်းမာရေး ပညာရှင်တွေကို ခေါ်ယူပြီးတော့ တာဝန်ပေးဆောင်ရွက် နေပါတယ်။

ဒ့ါအပြင် တပ်မတော်ဆေးတပ်ဖွဲ့၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း၊ ပုဂ္ဂလိကဆေးရုံ များအသင်းတွေက ကျန်းမာရေးဝန်ထမ်းတွေအပြင် လူမှုရေးအသင်းအဖွဲ့တွေက Volunteer တွေကိုပါ အားလုံး စုစည်းပြီး တာဝန်ပေးဆောင်ရွက်နေပါတယ်။ ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တကွ၊ အစိုးရအဖွဲ့ဝင် တွေနဲ့လည်း နေ့စဉ် ညှိနှိုင်းပေါင်းစပ်ပြီး လိုအပ်ချက် တွေကို ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ ကိုဗစ် ကုသရေး စင်တာတွေမှာ လူအင်အား၊ ပစ္စည်းအင်အား လိုအပ်ချက် တွေကိုရရှိအောင် ပေါင်းစပ်ပြီး ဖြေရှင်းပေးနေတယ်လို့ ဖြေကြားပေးလိုပါတယ်ခင်ဗျာ။

ဆက်လက်ပြီး ဆရာကြီးဦးဝင်းမြင့်ကို မေးချင်တဲ့ မေးခွန်းက ကိုဗစ် – ၁၉ ရောဂါ ကူးစက်မှု နဲ့ပတ်သက်လို့ ဆောင်ရန်၊ ရှောင်ရန် အချက်အလက်တွေဟာ လူမှု ကွန်ရက်မှာ အမျိုးစုံ ပျံ့နှံ့နေပါတယ်။ မှန်မှန်ကန်ကန် သိလိုတဲ့အတွက် ရှင်းရှင်းလင်းလင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝင်းမြင့်** ။ ။ ကျေးဇူးတင်ပါတယ် ဆရာ။ ဒီမေးခွန်းကလည်း မေးထားတဲ့ မေးခွန်းတွေထဲမှာ ၃ / ၄ ခုက ဒါနဲ့ပတ်သက်ပြီး မေးထားတာရှိတဲ့အတွက် စုပေါင်းပြီး ဖြေပါမယ်။ သုတေသနပညာရှင်တွေရဲ့ တွေ့ရှိချက်အပေါ်မူတည်ပြီး ယနေ့ အချိန်အထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒါမှမဟုတ် သုတေသနအဖွဲ့အစည်းအသီးသီးက လက်ခံထားတဲ့ ယုံကြည်မှုတွေကိုပဲ အခြေခံပြီး ဖြေကြားသွားမှာ ဖြစ်ပါ တယ်လို့ ဦးစွာပြောကြားလိုပါတယ်။

ပထမရက်ကလည်း မေးထားတာတွေ ရှိပါတယ်။ ဗီတာမင် ကိစ္စပါ။ Vitamin တွေ၊ Zinc တို့၊ Vitamin D တို့၊ Vitamin C တို့သည် ကိုဗစ်ရောဂါကို ကာကွယ်နိုင် သလားဆိုတာ မေးထားပါတယ်။ ဒါလည်း ကိုဗစ်ကိုတော့ တိုက်ရိုက်ကာကွယ်နိုင်တဲ့ ဆေးမျိုးတွေ မဟုတ်သေးပါ ဘူးလို့ပဲ သုတေသနပညာရှင်တွေက ပြောပါတယ်။

သို့သော် ဒီဆေးတွေသည် လူရဲ့ Immune System လို့ခေါ်တဲ့ ခန္ဓာကိုယ်ခုခံနိုင်တဲ့ စွမ်းရည်ကို တိုးတက်စေတဲ့ အတွက် သုံးမယ်ဆိုရင် သုံးလို့ရပါတယ်။ သို့သော် ဒီဆေးတွေသည် တန်ဆေးလွန်ဘေးဆိုတဲ့အတိုင်း များများ သုံးဆောင်ရင်လည်း အန္တရာယ်လေးတွေရှိတဲ့အတွက် မိမိ သုံးဆောင်ချင်တယ်ဆိုရင် သူက အသက်အရွယ်အပေါ်မှာ သော်လည်းကောင်း၊ ရောဂါအခြေအနေအပေါ်မှာ မူတည် ပြီး သော်လည်းကောင်း၊ သူရဲ့ တိုက်ရမယ့်ပမာဏကို ချိန်တွယ်ရတာဖြစ်တဲ့အတွက် မိမိတို့ရဲ့ မိသားစုဆရာဝန်နဲ့ တိုင်ပင်ပြီးတော့ သုံးဆောင်ရင်တော့ သုံးဆောင်ခွင့် ရှိပါတယ်။ သုံးဆောင်လို့ရပါတယ်လို့ ဖြေကြားလို ပါတယ်။

နောက်တစ်ခုက ပထမဦးဆုံးအစမှာ သုံးခဲ့တဲ့၊ ကုသရေးမှာသုံးခဲ့တဲ့ ကလိုရိုကွင်းဆေးကိုသုံးလို့ ထိရောက်မှု ရှိသလားဆိုတဲ့ မေးခွန်းကိုတော့ ယခုအချိန်မှာ ပြန်ပြီး ပြောရရင် ကလိုရိုကွင်းဆေးသည် ထိရောက်မှု မရှိပါဘူး ဆိုတဲ့အဖြေကိုပဲ သုတေသနပညာရှင်တွေက ထုတ်ထား တာ တွေ့ရပါတယ်။

နောက်တစ်ခုကတော့ Exercise လုပ်ရင် Mask တပ်ရမလားဆိုတဲ့ မေးခွန်းမှာ Exercise လုပ်ရင် ဖြစ်နိုင် ရင်တော့ mask မတပ်ပါနဲ့။ ခပ်ခွာခွာလေး တစ်ယောက်နဲ့ တစ်ယောက် ၆ ပေ အကွာကနေ Exercise လုပ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ Exercise လုပ်ခြင်းအားဖြင့် အသက်ရှူရာမှာ Oxygen Level က အသက်ရှူရတာ သက်သောင့်သက်သာ မဖြစ်တဲ့အတွက် ဒါလေးကိုတော့ Mask မတပ်ရင် ရပါတယ်လို့ ဖြေပါတယ်။

နောက်ပြီး Mask တပ်ခြင်းအားဖြင့် ကာဗွန်ဒိုင်အောက် အဆိပ်ဖြစ်တယ်တို့၊ ဒါမှမဟုတ် အောက်ဆီဂျင် လိုအပ် တာတွေဖြစ်တယ် ဆိုတာသည် သုတေသနတွေ့ရှိချက်အရ ဒါ လည်း မဟုတ်ပါဘူး။ Mask တပ်ခြင်းအားဖြင့် ဒါတွေ ဖြစ်တယ်ဆိုတာ မဟုတ်ပါဘူးလို့ ဖြေကြားလိုပါတယ်။

နောက်တစ်ခုက အရက်သောက်ခြင်းအားဖြင့် ကိုဗစ် ရောဂါကာကွယ်ဆိုတာ သတင်းအမှားပါ။ လုံးဝမဟုတ် ပါဘူး။ အရက်နဲ့ ကိုဗစ် ဘာမှမဆိုင်ပါဘူး။ ပိုတောင်ဆိုးချင် ဆိုးသွားပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အရက် သောက်ပြီး တွေဝေနေမယ်၊ Mask မတပ်တာတို့၊ လက်မဆေးတာတို့ စသည်ဖြင့် ပိုပြီးအန္တရာယ်များပါတယ်။

နောက်တစ်ခုက ငွေစက္ကူတွေကနေ ရောဂါပိုးကူးစက် နိုင်သလားဆိုတဲ့ကိစ္စပါ။ ခုန ကျွန်တော်ပြောသလို စက္ကူ အပေါ်မှာတော့ သူက ၄ ရက် / ၅ ရက်နေသော်လည်း ယနေ့အချိန်အထိ ငွေစက္ကူကကူးတဲ့ လူနာမတွေ့ရှိသေး ပါဘူး။ သို့သော် ဒီငွေစက္ကူတွေကို ကိုင်ပြီးတိုင်း လက်ဆေး မယ်ဆိုရင်တော့ ကူးစက်မှုအခွင့်အရေးက မရှိသလောက် ကို ဖြစ်သွားမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ခုနက ဆရာကြီး ဦးညွှန့်သိန်းလည်း ပြောသွားပါတယ်။ ကာကွယ်ဆေးတွေကိစ္စ၊ ကုသဆေးတွေ ကိစ္စသည် ယနေ့အချိန်အထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ အခြား နိုင်ငံ အသီးသီးက လိုင်စင်ရပြီးသား ကာကွယ်ဆေး၊ လိုင်စင်ရပြီးသား ကုသဆေး မပေါ်သေးပါဘူး။ သို့သော် ဒီရောဂါကို တတ်နိုင်သရွေ့ ကုသမှုအတွက် အသုံးဝင်မယ့် ဆေးအချို့ကိုတော့ လက်ရှိ အားလုံးရဲ့ ခွင့်ပြုချက်နဲ့ သုံးစွဲနေတာ ဖြစ်ပါတယ်။

နောက် ငရုတ်ကောင်းတို့၊ ကြက်သွန်ဖြူတို့သည် ကိုဗစ်ရောဂါကို ကာကွယ်တယ်လို့လည်း ပြောကြ/ ဆိုကြ ပါတယ်။ တကယ်တော့ ရေလုံလုံလောက်လောက် သောက်ဖို့၊ Balance Diet လို့ခေါ်တဲ့ မျှတတဲ့၊ အာဟာရရှိတဲ့ အစာတွေ စားဖို့၊ ကောင်းကောင်း အိပ်ဖို့၊ သင့်တင့်တဲ့ ကိုယ်လက်လေ့ကျင့်ခန်းတွေ လုပ်ဖို့သာလျှင် အရေးကြီး ပါတယ်။ ခုနဆေးတွေ၊ အစားအစာတွေသည် ကိုဗစ် ရောဂါကို ကာကွယ်နိုင်တယ်ဆိုတာ မဟုတ်ပါဘူး။

နောက်ပြီး အချို့ကတော့ မေးပါတယ်။ ယင်ကနေ တစ်ဆင့်၊ ခြင်ကနေတစ်ဆင့် ရောဂါကူးစက်နိုင်သလားတဲ့ လုံးဝမကူးစက်နိုင်သေးပါဘူး။ ယနေ့တွေ့ရှိချက်အထိ တော့ ယင်က၊ ခြင်ကကူးတဲ့ ကိုဗစ်ရောဂါကို မတွေ့သေး ပါဘူး။

နောက်တစ်ခုက ခန္ဓာကိုယ်ကို ပိုးသတ်ဆေးတွေ ဖျန်းတဲ့ကိစ္စပါ။ ဒါကိုလည်း အချို့နေရာတွေမှာ လုပ်နေ တာတွေ တွေ့ရပါတယ်။ အချို့လည်း ဒါကို မေးထား ပါတယ်။ တကယ်တမ်းတော့ ခန္ဓာကိုယ်မှာ ဖျန်းတာသည် လူကိုလည်း အဆိပ်ဖြစ်စေနိုင်သလို မျက်စိထဲကို ဝင်ရင် လည်း အန္တရာယ်ရှိပါတယ်။ အရေပြားယားယံမှုတွေ ကိုလည်း ဖြစ်စေနိုင်တဲ့အတွက် ခန္ဓာကိုယ်ကို ဖျန်းတာ တော့ မလုပ်သင့်တဲ့ကိစ္စပါ။ အရာဝတ္ထုပစ္စည်းတွေကိုတော့ ဖျန်းလို့ ရပါတယ် ဆိုတာကို ဖြေကြားလိုပါတယ်။

နောက်တစ်ခုက Direct Sunlight နေပူထဲမှာ တိုက်ရိုက်နေတာတို့၊ ၂၅ ဒီဂရီစင်တီဂရိတ်ထက်ကျော်ရင် ဒီဗိုင်းရပ်စ်ပိုးက သေတယ်။ ဒါမှမဟုတ် အလွန်အေးတဲ့ နေရာမှာလည်း ဗိုင်းရပ်စ်ပိုးက မနေနိုင်ဘူး စသည်ဖြင့် ပြောကြ၊ ဆိုကြတွေကလည်း အလွဲတွေပါ။ ဒါသည် မဟုတ်ပါဘူး။ သုတေသနတွေ့ရှိချက်တွေထဲမှာ ပူတဲ့၊ အေးတဲ့ နေရာတွေမှာလည်း ဒီဗိုင်းရပ်စ်ပိုးက ကူးစက် နိုင်ပါတယ်ဆိုတာ ဖြေကြားလိုပါတယ်။

နောက်တစ်ခုက ၁၀ စက္ကန့်လောက် အသက်ရှူ အောင့်လိုက်လို့ ချောင်းမဆိုးဘူး၊ မအီ မသာ မဖြစ်ဘူးဆိုရင် ဒီရောဂါပိုးမရှိဘူးလို့ အချို့ကလည်း ပြောနေတာလေးတွေ တွေ့ပါတယ်။ ဒါလည်း မဟုတ်ပါဘူး။ တကယ်ရောဂါပိုး ရှိ/မရှိကတော့ ဓာတ်ခွဲစစ်ဆေးမှသာ အဖြေမှန်ကို သိရှိရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက Hair Dryer တွေနဲ့ လက်ကို သန့်စင် တာသည် ကိုဗစ်ရောဂါပိုးကို သေနိုင်တယ်ဆိုတာလည်း မှားပါတယ်။ စနစ်တကျ စက္ကန့် ၂၀ လက်ဆေးတာသည် အထိရောက်ဆုံး နည်းလမ်းဖြစ်တယ်ဆိုတာကို ဖြေကြား လိုပါတယ်။

နောက်တစ်ခုက UV Lamp တွေ၊ ခရမ်းလွန်ရောင်ခြည် မီးအိမ်တွေ / မီးသီးတွေ ဒါတွေကို လက်တွေ၊ အရေပြား တွေကို ထိတွေ့ပေးတာသည် ထိရောက်သလားဆိုတာပါ။ ဒါလည်း ထိုနည်းလည်းကောင်းပါပဲ။ အန္တရာယ်ရှိပါတယ်။ မျက်စိကိုလည်း အန္တရာယ်ရှိနိုင်သလို အရေပြားကိုလည်း ယားယံမှုတွေ ဖြစ်နိုင်တဲ့အတွက် ဒါကိုလည်း မသုံးသင့် ပါဘူး။

နောက်တစ်ခုက နှာခေါင်းကို ဆားရည်နဲ့ ဆေးခြင်း အားဖြင့် ကိုဗစ်ရောဂါ မဖြစ်နိုင်ဘူး လို့ ပြောတာသည် ဒါလည်း မှားပါတယ်။ မလုပ်သင့်ပါဘူး။ နှာခေါင်းမှာ အခြားအန္တရာယ်တွေ ဝင်ရောက်လာနိုင်တာဖြစ်ပါတယ်။

နောက်တစ်ခုက သောက်ရေမှာ ရောဂါပိုးရှိတဲ့သူက အသက်ရှူထုတ်လိုက်တာပဲဖြစ်ဖြစ်၊ ချောင်းဆိုးလိုက် တာပဲဖြစ်ဖြစ်၊ စကားပြောလိုက်တာပဲဖြစ်ဖြစ် သောက်ရေ ထဲကိုကျသွားပြီး အဲဒီသောက်ရေက ကူးစက်နိုင်သလား ဆိုတာ ယနေ့အချိန်အထိတော့ ကူးစက်နိုင်တာ မရှိသေး ပါဘူး။ ကူးစက်မှုလည်း မတွေ့သေးပါဘူး။ ဒါတွေကို ကျွန်တော် ခြုံငုံဖြေကြားတာ ဖြစ်ပါတယ်။

အဲဒီမှာ တစ်ခုတင်ပြလိုတာက ချင့်ချိန်ယုံကြဖို့ အရေးကြီးပါတယ်။ ဆိုရှယ်မီဒီယာကနေ လူတိုင်းက ကိုယ့်ရဲ့အတွေ့အကြုံကို သော်လည်းကောင်း၊ ကြားဖူး နားဝ ကိုသော်လည်းကောင်း အမျိုးစုံတော့ တင်နေကြ မှာပါ။

သို့သော် ဒါတွေကို လိုက်ယုံပြီး လိုက်လုပ်ဖို့ မဟုတ် ပါဘူး။ အဓိက ပြောချင်ကတော့ ချင့်ချိန်ယုံဖို့နဲ့ တကယ့် တရားဝင်ထုတ်ပြန်တဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၊ သက်ဆိုင်ရာ တရားဝင်ဌာနတွေကနေ ပညာပေး ဆောင်ရွက်ချက်တွေ၊ ညွှန်ကြားချက်တွေ ဒါတွေကို တိတိကျကျ လိုက်နာဖို့ အရေးကြီးပါတယ်။ သတင်းအမှား တွေကို မယုံကြည်ကြဖို့ ဒီနေရာကနေ မေတ္တာရပ်ခံလို ပါတယ်။

*စာမျက်နှာ ၁၂ သို့*



# ဘယ်သူ့မှာ ရောဂါပိုးရှိတယ်ဆိုတာ ပြောလို့မရ

ခြောက်ပေကွာအောင် နေဖို့ခက်တဲ့အခြေအနေမှာ Mask လည်းတပ်ထားတယ်။ နောက်ပြီးတော့ လက်ကိုလည်း သန့်သန့်စင်စင် ဖြစ်အောင်လို့ လုပ်ထားမယ်ဆိုရင် ကူးစက်နိုင်တဲ့ အလားအလာက အင်မတန်မှ နည်းပါတယ်။ အဲဒီတော့ ကျွန်မတို့ ဒါကို ဦးတည်ဖို့ လိုပါတယ်။ Stay at Home ဆိုပြီးတော့ အိမ်မှာနေဖို့ ကြေညာချက် ထုတ်ထားတဲ့ မြို့နယ်တွေမှာ ပြန့်ပွားမှုများလို့ ဒီလို ထုတ်ထားတာပါ။ အဲဒီလို ပြန့်ပွားမှုများလို့ ထုတ်ထားတာဆိုတော့ သေသေချာချာ လိုက်နာစေချင်ပါတယ်။ အဲဒီမြို့နယ်တွေမှာ ရောဂါပြန့်ပွားမှုများနေတယ်ဆိုတော့ ကိုယ်ကအိမ်ပြင်ထွက်သွားပြီး အပြင်မှာတွေ့တဲ့သူတွေဟာ ဘယ်သူ့မှာ ရောဂါပိုးရှိတယ်ဆိုတာ ပြောလို့မရပါဘူး။ ရောဂါလက္ခဏာကို မပြတဲ့သူတွေကလည်း များပါတယ်။ ကိုဗစ်ရောဂါက ကြည့်လိုက်ရုံနဲ့ သူကတော့ ရောဂါရှိတယ်၊ သူ့ကို ရှောင်ရမှာပဲဆိုပြီးတော့ ဒီလိုတွက်လို့ မရပါဘူး။ ဘာမှမဖြစ်တဲ့ ပုံစံနဲ့၊ တချို့ဆိုရင် ရောဂါ ပိုးရှိမှန်း တွေ့ရတာတောင်မှ ဘာရောဂါ လက္ခဏာမှ ထင်သာမြင်သာ မပြတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် အတင့်မရဲပါနဲ့။ အဲဒီ နေရာမှာတော့ သတိအင်မတန်ထားပါလို့ ကျွန်မအနေနဲ့ ထပ်ပြီးတော့ ပြောချင်ပါတယ်။


(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အောက်တိုဘာ ၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၁၂၅၂ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၀၀၃၃ ဦး ရှိသွားပြီ

နေပြည်တော် အောက်တိုဘာ ၆

အောက်တိုဘာ ၅ ရက် ည ၈ နာရီမှ အောက်တိုဘာ ၆ ရက် ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ ၁၀၀၇၄ ခုအား စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၁၂၅၂ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၀၀၃၃ ဦးရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၂၀၀၃၃ ဦးအနက် သေဆုံးသူ ၄၇၁ ဦးနှင့် ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၅၇၈၂ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်




## မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) ကို Quarantine Center အဖြစ် အသုံးပြုနိုင်ရန် ရောဝတီဖောင်ဒေးရှင်း ဆောင်ရွက်ထား

နေပြည်တော် အောက်တိုဘာ ၆

ရောဝတီဖောင်ဒေးရှင်းသည် မန္တလေးမြို့ရှိ မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးလုပ်ငန်းများအတွက် Quarantine Center အဖြစ် အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်သည် အောက်တိုဘာ ၅ ရက်က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရောဝတီဖောင်ဒေးရှင်းမှ တာဝန်ယူပံ့ပိုး ကူညီဆောင်ရွက်ပေးလျက်ရှိသည့် မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) ပြင်ဆင်ဆောင်ရွက်ထားမှုများကို လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ရောဝတီဖောင်ဒေးရှင်းသည် မန္တလေးတိုင်းဒေသကြီးအတွင်း၌ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ခံရသူများထားရှိရန်အတွက် နေရာအခက်အခဲ မဖြစ်ပေါ်စေရန် မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) ကို Quarantine Center အဖြစ် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ရောဝတီဖောင်ဒေးရှင်းသည် မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) အဆောက်အအုံတွင် Quarantine ဝင်မည့် စောင့်ကြည့်ခံရသူ ၁၀၀ နှင့် စေတနာ့ဝန်ထမ်း ၂၅ ဦး အဆင်သင့်နေထိုင်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ပေးထားသည်။ ရောဝတီဖောင်ဒေးရှင်းသည် လိုအပ်သည့်ပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီး တစ်နေ့လျှင် လေးကြိမ် အစားအသောက်ကျွေးမွေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားသည်။

ရောဝတီဖောင်ဒေးရှင်းက ကိုဗစ်-၁၉ ရောဂါကာကွယ် ကုသရေးလုပ်ငန်းများတွင် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး ရန်ကုန်မြို့တွင် ရောဂါကုသရေးစင်တာများ၊ Quarantine Center များ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသလို မန္တလေးမြို့တွင် မြန်မာဘောလုံး အကယ်ဒမီ (မန္တလေး) ကို စောင့်ကြည့်ခံရသူများထားရှိရန် Quarantine Center အဖြစ် အသုံးပြုကာ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ရဲရင့်ရှိုင်း

## ၆-၁၀-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၆၈၀၀၂၈ | ၄၈၉၅၂၉၁ | ၂၁၅၀၃၉ |
| ၂။ | အိန္ဒိယ | ၆၆၈၇၂၄၇ | ၅၆၆၂၄၉၀ | ၁၀၃၆၂၉ |
| ၃။ | ဘရာဇီး | ၄၉၄၀၄၉၉ | ၄၂၉၅၃၀၂ | ၁၄၆၇၇၃ |
| ၄။ | ရုရှား | ၁၂၃၇၅၀၄ | ၉၈၈၅၇၆ | ၂၁၆၆၃ |
| ၅။ | ကိုလံဘီယာ | ၈၆၂၁၅၈ | ၇၆၆၃၀၀ | ၂၆၈၄၄ |
| ၆။ | စပိန် | ၈၅၂၈၃၈ | စိစစ်ဆဲ | ၃၂၂၂၅ |
| ၇။ | ပီရူး | ၈၂၉၉၉၉ | ၇၁၂၈၈၈ | ၃၂၈၃၄ |
| ၈။ | အာဂျင်တီးနား | ၈၀၉၇၂၈ | ၆၄၉၁၀၇ | ၂၁၄၆၈ |
| ၉။ | မက္ကဆီကို | ၇၈၉၇၈၀ | ၅၅၃၉၃၇ | ၈၁၈၇၇ |
| ၁၀။ | တောင်အာဖရိက | ၆၈၂၂၁၅ | ၆၁၅၆၈၄ | ၁၇၀၁၆ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၆- ၁၀ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၃၂၆၈၃၃ | ၂၇၃၃၁၃ | ၅၈၆၅ |
| အင်ဒိုနီးရှား | ၃၁၁၁၇၆ | ၂၃၆၄၃၇ | ၁၁၃၇၄ |
| စင်ကာပူ | ၅၇၈၃၀ | ၅၇၅၉၇ | ၂၇ |
| မြန်မာ | ၂၀၀၃၃ | ၅၇၈၂ | ၄၇၁ |
| မလေးရှား | ၁၃၅၀၄ | ၁၀၄၂၇ | ၁၄၁ |
| ထိုင်း | ၃၆၀၀ | ၃၃၉၀ | ၅၉ |
| ဗီယက်နမ် | ၁၀၉၇ | ၁၀၂၂ | ၃၅ |
| ကမ္ဘောဒီးယား | ၂၈၀ | ၂၇၆ | ၀ |
| ဘရူနိုင်း | ၁၄၆ | ၁၄၃ | ၃ |
| လာအို | ၂၃ | ၂၂ | ၀ |

# (၇၁) ကြိမ်မြောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အွန်လိုင်းမှတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၆**

ကမ္ဘာတစ်ဝန်းရှိ နေရပ်စွန့်ခွာမှုများ၊ ရွှေ့ပြောင်းသွားလာမှုများနှင့် လူသားချင်း စာနာမှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆွေးနွေးမှုများပြုလုပ်ရန် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် နှစ်စဉ် ကျင်းပလေ့ရှိသော ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ (၇၁) ကြိမ်မြောက် အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး အွန်လိုင်းမှ ပါဝင်တက်ရောက်သည်။

အစည်းအဝေးသို့ UNHCR အမှုဆောင် ကော်မတီအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့ဝင် လေ့လာသူ နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့ဝင် မဟုတ်သော လေ့လာသူနိုင်ငံများ၊ လေ့လာသူ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့ အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ အွန်လိုင်းမှတစ်ဆင့် ပါဝင် တက်ရောက်ကြသည်။



**အမှာစကားပြောကြား**

အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၅ရက်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပခဲ့ရာ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Fillipo Grandi၊ ကုလသမဂ္ဂအဖွဲ့၏ ကလေးသူငယ်များဆိုင်ရာရန်ပုံငွေအဖွဲ့ (UNICEF) ၏ အမှုဆောင်ဒါရိုက်တာ Ms. Henrietta Fore တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံအသီးသီးမှ မိန့်ခွန်းပြောကြားသည့် အစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ဗီဒီယိုဖြင့် မိန့်ခွန်း ပြောကြားရာ မိမိတို့မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ ကုသခြင်းနှင့် တုံ့ပြန်ခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မည်သူ တစ်ဦးတစ်ယောက်မျှ ကျန်ရစ်ခြင်း မရှိစေရဟူသောမူအတိုင်း ကာကွယ် တုံ့ပြန်မှုများကို ဆောင်ရွက်နေပါကြောင်း၊ အထူးသဖြင့် နေရပ်စွန့်ခွာသူများ၊ တိုက်ပွဲရှောင်ပြည်သူများ စသည့် ထိခိုက်လွယ်အုပ်စုများ၏ အရေးကိုလည်း ဦးစားပေးဆောင်ရွက်နေကြောင်း၊ နေရပ်စွန့်ခွာသူများ ယာယီခိုလှုံရာစခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်း နေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ တုံ့ပြန်နိုင်ရန်အတွက် စီမံချက် ရေးဆွဲ၍ နိုင်ငံတော်မှ ငွေကျပ် ၂ ဒသမ ၁ ဘီလီယံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြီးခဲ့သည့် ဩဂုတ်လလယ်မှစ၍ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ပြည်တွင်းကူးစက်လူနာများ စတင်တွေ့ရှိပြီးနောက်ပိုင်း ကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ တုံ့ပြန်မှု လုပ်ငန်းများကို ထပ်မံတိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း။

**အထောက်အပံ့များ ပေးအပ်**

ရခိုင်ပြည်နယ် မြို့နယ်ရှစ်မြို့နယ်ရှိ အသွားအလာကန့်သတ်ထားသော ပြည်သူများအတွက် စားနပ်ရိက္ခာ အဆင်ပြေစေရန်အတွက် အစိုးရနှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တို့ ညှိနှိုင်း၍ ထောက်ပံ့ဆောင်ရွက်ပေးနေကြောင်း၊ ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် လုပ်ငန်းများ ဆောင်ရွက်နေသလို လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ဆက်လက်ပေးအပ်နေကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ် ကာလအတွင်း စိတ်လူမှုဆိုင်ရာ အထောက်အပံ့ပေးခြင်း၊ ကျား/မ အခြေပြု အကြမ်းဖက်မှုများနှင့် ပတ်သက်၍ ဖြေရှင်းပေးနိုင်ရန် ၂၄ နာရီတယ်လီဖုန်း ဝန်ဆောင်မှုဖြင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်း တို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် လူမှုကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ စီးပွားရေး ကုစားမှု အစီအစဉ်ဖြင့် ချိတ်ဆက်၍ နေရပ်စွန့်ခွာသူများ ယာယီခိုလှုံရာစခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်း နေရပ်စွန့်ခွာသူများအပါအဝင် ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကို လူမှုကာကွယ်စောင့်ရှောက်ရေး အထောက်အပံ့များ ပေးအပ်လျက်ရှိပါကြောင်း။

**တိုးတက်မှုများရရှိခဲ့**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကန့်သတ်မှုများ ရှိနေသော်လည်း ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာ စခန်းများပိတ်သိမ်းရေး ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနှင့်အညီ ပြန်လည်နေရာချထားရေးနှင့် စခန်းပိတ်သိမ်းရေး ဆိုင်ရာ လုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်နေကြောင်း၊ သက်ဆိုင်ရာ ပြည်သူများ၊ နေရပ်စွန့်ခွာသူများ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းများ စသဖြင့် ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက် ဆောင်ရွက်နေသကဲ့သို့ ပြည်တွင်း/ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ ပါဝင်ပတ်သက်သူများဖြင့် ဆွေးနွေး၍ ဒေသအလိုက်လုပ်ငန်း စီမံချက်များ ရေးဆွဲနိုင်ရေးကို ဆက်လက် လုပ်ဆောင်နေကြောင်း၊ ထို့အပြင် ပဋိပက္ခများ ချုပ်ငြိမ်းရေး အတွက် အလွန်အရေးပါသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကိုလည်း ဆက်လက် ဆောင်ရွက်လျက်ရှိရာ စတုတ္ထအကြိမ်မြောက် ငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေးဆိုင်ရာ အခြေခံမှုများ၊ ၂၀၂၀ ကာလအလွန် ရှေ့ဆက်ဆောင်ရွက်မည့် အချက်များအပေါ် သဘောတူညီမှုများ စသည့် အရေးပါသည့် တိုးတက်မှုများရရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများစွာ ရှိသော်လည်း ဒီမိုကရေစီစနစ် ပြောင်းလဲရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ လူ့အခွင့်အရေးမြှင့်တင်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံအလိုက် ပြောကြားချက်များအပေါ် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးဖြစ်သူ Mr. Fillipo Grandi က ပြန်လည်ဆွေးနွေးရာ မြန်မာနိုင်ငံနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ တုံ့ပြန်ခြင်းလုပ်ငန်းများအတွက် UNHCR မှလည်း ပါဝင်ကူညီဆောင်ရွက်နေပါကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ရန် အစိုးရ၏ ဆောင်ရွက်ချက်များကို ကြားသိရပါကြောင်း၊ အဆိုပါသတင်းစကားများမှာ နေရပ်စွန့်ခွာသူများအတွက် အရေးကြီးပါကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ အခြေအနေတိုးတက်ကောင်းမွန်မှုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ရောက်ရှိနေသော နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ် စတင်နိုင်ရေးနှင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအပေါ် အကျိုးသက်ရောက်မှု ရှိကြောင်း၊ ဆက်လက်၍ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများနှင့် စပ်လျဉ်း၍ အစိုးရ၏ ဆောင်ရွက်ချက်များကို နေရပ်စွန့်ခွာသူများထံ ဆက်သွယ်၍ သတင်းစကားပါးနိုင်မည့် နည်းလမ်းများ ရှာဖွေလုပ်ဆောင်ရန် အစိုးရကို တိုက်တွန်းကြောင်း၊ မကြာမီကျင်းပမည့် အထွေထွေရွေးကောက်ပွဲကိုလည်း လွတ်လပ်၍တရားမျှတပြီး ငြိမ်းချမ်းစွာ ဆောင်ရွက်နိုင်ရန် ဆုမွန်ကောင်း တောင်းပါကြောင်းနှင့် ရွေးကောက်ပွဲအလွန် ကာလတွင် ဒုက္ခသည်များအရေးနှင့် ပတ်သက်၍ ဆက်လက် အားစိုက်ဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးကို အောက်တိုဘာ ၉ ရက်အထိ ဆက်လက် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် အောက်တိုဘာ ၆**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် နိုင်ငံအရပ်ရပ်၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် (၂၅)ကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည စနာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေ ချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၁၀၀၊ ရုရှားဖက်ဒရေးရှင်းမှ ခြောက်ဦး၊ ဂျာမနီမှ နှစ်ဦး၊ နယူးဇီလန်မှ တစ်ဦး၊ မြန်မာနိုင်ငံသား စုစုပေါင်း ၁၀၉ ဦး လိုက်ပါလာခဲ့သည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍ အလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ မြန်မာနိုင်ငံသား စုစုပေါင်း ၁၈၁၈၃ ဦးအား ကယ်ဆယ်ရေးလေယာဉ် / အထူးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



❄ *ကျောဖုံးမှ*

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ပိုးတွေ့လူနာများပြားလာခြင်းကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ နေအိမ်တွင်နေထိုင်ရေး ကြေညာလိုက်ပြီးနောက် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူ နည်းပါးလာပြီး သင်္ဘောခရီးစဉ်များနှင့် ကားကူးဇက်ယာဉ်ကူးတို့လမ်းတို့၌ ပုံမှန်ခေါက်ရေထက် လျှော့ချပြီး ခရီးသည်သွားလာမှု အဆင်ပြေစေရေးနှင့် ကုန်စည်များပြတ်တောက်မှု မဖြစ်ပေါ်စေရေးအတွက် ခရီးသည်နှင့် မော်တော်ယာဉ်သွားလာမှု အခြေအနေပေါ်မူတည်ပြီး ရပ်နားခြင်းမရှိဘဲ ပြေးဆွဲပို့ဆောင်ပေးလျက်ရှိကြောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ) မှ သိရသည်။

အဆိုပါ ရန်ကုန်(ပန်းဆိုးတန်း-ဒလ) သင်္ဘောဆိပ်ကမ်းသည် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားခင် ကာလများက အနယ်နယ်အရပ်ရပ်မှ ခရီးသွားမိဘပြည်သူ ၃၀၀၀၀ ကျော်ကို နေ့စဉ် ချယ်ရီသင်္ဘော သုံးစင်းဖြင့် အသွား ၄၆ ခေါက်၊ အပြန် ၄၆ ခေါက်နှုန်းဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ) မှ ပြေးဆွဲပို့ဆောင်ပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးကာလအတွင်း ခရီးသည်သွားလာမှုနည်းပါးခြင်း၊ တစ်မြို့နယ်မှ တစ်မြို့နယ်သို့ ခရီးသွားလာခြင်း ကန့်သတ်ထားခြင်းနှင့် ဝန်ထမ်းများကို နှစ်ပတ်ရုံးတက်၊ နှစ်ပတ် နေအိမ်မှာ အလုပ်လုပ်ကြရန် ညွှန်ကြားထားခြင်းကြောင့် သင်္ဘောခရီးစဉ်များကို လျှော့ချပြေးဆွဲပေးခဲ့ပြီး လက်ရှိအချိန်တွင် အစိုးရ ရုံးဖွင့်ရက်များ၌ အသွား ၁၆ ခေါက်၊ အပြန် ၁၆ ခေါက်ဖြင့် ပြေးဆွဲခြင်း၊ ရုံးပိတ်ရက်များတွင် အသွား ၁၂ ခေါက်၊ အပြန် ၁၂ ခေါက်ဖြင့် ပြေးဆွဲပို့ဆောင်ပေးလျက်ရှိရာ နေ့စဉ် ခရီးသည် ၆၀၀ ကျော်ခန့်သာ ကူးသန်းသွားလာကြပြီး ခရီးသည် သိသိသာသာလျော့နည်းသွားကြောင်း ရန်ကုန်ပန်းဆိုးတန်းဆိပ်ကမ်း လက်မှတ်ရုံရှိ မန်နေဂျာ ဒေါ်တီတီမြင့် ထံမှ သိရသည်။

ထို့အတူ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ) အနေဖြင့် ရန်ကုန် ဝါးတန်း(ကီလီ) မှ ဒလ သွားသော ကားကူးဇက်ယာဉ်လမ်း၌ ခရီးသည်၊ ကုန်စည်နှင့် မော်တော်ယာဉ်များကို သယ်ယူပို့ဆောင်ပေးလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးကာလအတွင်း တစ်ရက်လျှင် ကားကူးဇက် ခုနစ်ခေါက်နှုန်းဖြင့် ကုန်စည် ၁၂ တန်၊ ယာဉ်အစီးရေ ၈၀ ခန့် သွားလာလျက်ရှိကြောင်း၊ ယခင် ရောဂါမဖြစ်ပွားမီကာလက တစ်ရက်လျှင် ခရီးသည်၊ ကုန်စည်အပါအဝင် မော်တော်ယာဉ်အစီးရေ ၆၀၀ နီးပါးခန့် သွားလာမှုရှိခဲ့ကြောင်း၊ ယခုအခါ အစားအသောက်များ သယ်ယူပို့ဆောင်သည့် ဈေးကားများ၊ အိမ်စီးကားများနှင့် အရေးပေါ်ကားများသာ ကူးသန်းသွားလာလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီကာလများက ရန်ကုန်(ပန်းဆိုးတန်း-ဒလ) သင်္ဘောဆိပ်ကမ်း၊ ဝါးတန်း(ကီလီ) မှ ဒလ ကားကူးဇက်ယာဉ်လမ်း၊ ဒလမြို့နယ် အဝေးပြေးကားဝင်းတို့တွင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားမိဘ ပြည်သူများစွာတို့ဖြင့် နေ့စဉ် စည်ကားများပြားလျက်ရှိသည်။ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ထုတ်ပြန်ထားသော စည်းကမ်းများနှင့်အညီ စနစ်တကျလိုက်နာပြီး ပူးပေါင်းပါဝင် ဆောင်ရွက်သွားပါက ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်တားဆီးနိုင်မည် ဖြစ်ပေသည်။

**နိုင်လင်းကျော်(ဒလ)**

*စာမျက်နှာ ၉ မှ*

**ဒေါက်တာသာထွန်းကျော်** ॥ ॥ အထူး ကျေးဇူးတင်ရှိပါတယ်ခင်ဗျာ။ ဆက်လက်ပြီး ဆရာကြီး ဒေါက်တာညွန့်သိန်းကို မေးချင်တဲ့ မေးခွန်းက ကိုဗစ်ပိုးကင်းစင်သူ လူနာတွေအနေနဲ့ လူကောင်းတစ်ယောက်လို ပြန်ဖြစ်နိုင်ပါသလား၊ နောက်ဆက်တွဲဆိုးကျိုးတွေ ဘာတွေဖြစ်နိုင်ပါသလဲ ဆိုပြီး မေးထားတဲ့ မေးခွန်းဖြစ်ပါတယ်။

**ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာညွန့်သိန်း** ॥ ॥ အဲဒီမေးခွန်းကိုဖြေရမယ်ဆိုရင် နံပါတ် (၁) က ဖြစ်တဲ့ အသက်အရွယ်၊ နံပါတ် (၂) ကဖြစ်တဲ့ လူနာရဲ့ ကိုယ်ခံအား၊ နံပါတ် (၃) က အရင်က သူ့မှာ အခံရောဂါတွေရှိသလား၊ နံပါတ် (၄) က ဘယ်လောက် ပြင်းပြင်းထန်ထန်တွေ ဖြစ်ခဲ့သလဲ အဲဒီအပေါ်မှာမူတည်ပြီး ခုနပြောတဲ့ နောက်ဆက်တွဲ ပြဿနာတွေပေါ့နော်။ အချို့တွေကို လေ့လာထားတာတွေ ရှိပါတယ်။ Small Study လေးတွေပါ။

မြန်မာပြည်မှာ ကောင်းသွားတဲ့သူက ၅၀၀၀ ကျော်ပဲ ရှိပါသေးတယ်။ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းမှာ အဲဒီလို Small Study တွေ လုပ်ထားတာ၊ ပြောတာလေးတွေတော့ ရှိပါတယ်။ ဒါပေမယ့် Scientifically ဒါက ၁၀၀ ရာခိုင်နှုန်း ပြောလို့မရသေးပါဘူး။ လူငယ်လည်း ဖြစ်တယ်။ သိပ်လည်း မပြင်းထန်ဘူးဆိုရင် အများအားဖြင့် ရက်ပိုင်းအတွင်း ပြန်ကောင်းသွားတဲ့ သူတွေရှိပါတယ်။

တချို့မကောင်းတဲ့သူတွေက ဘယ်လောက်အထိဖြစ်သလဲဆိုရင် သုံးလ/လေးလအထိကို မကောင်းတာလေးတွေ ကျန်ပါတယ်။ အထူးသဖြင့် အနံ့ပျောက်တယ်။ အရသာပျောက်တယ်။ တစ်ပတ်/နှစ်ပတ်နဲ့ အရသာပြန်ရတယ်။ အချို့ဆိုရင် တစ်လတိတိ မကောင်းဘူး ပြောတာရှိပါတယ်။ နောက်တစ်ခုက မောတယ်။ မောတာက ဆက်မောနေတာတော့ မဟုတ်ဘူး။ ဒါပေမယ့် အမောမခံနိုင်ဘူး။ အဲဒါမျိုးလေးတွေကတော့ ဖြစ်တတ်ပါတယ်။ ဒါပေမယ့် ရာခိုင်နှုန်း အတိအကျကတော့ Data တွေက မထွက်လာသေးပါဘူး။

နောက်ပြီး စဖြစ်တဲ့အချိန်တုန်းက ပြင်းပြင်းထန်ထန်ဖြစ်ခဲ့တဲ့သူဆိုရင်တော့ နောက်ပိုင်း နောက်ဆက်တွဲ ပြဿနာပိုများမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ကိုဗစ်မှာ နောက်ပိုင်း သိလာတဲ့ဇာတ်လမ်းက သွေးကြောတွေထဲမှာ သွေးတွေကျဲတယ်။ ဖြစ်ခဲ့တဲ့အချိန်တုန်းက သွေးခဲတာတွေ များခဲ့တဲ့သူက နှလုံးပြဿနာ၊ ဦးနှောက်အာရုံကြော ပြဿနာတွေ ဖြစ်တာကို တွေ့ရပါတယ်။

နောက်တစ်ခုက ပြင်းပြင်းထန်ထန်ဖြစ်ခဲ့တဲ့သူတွေဆိုရင် ဆိုကြပါစို့ – ICU ထဲ ဝင်ခဲ့ရတယ်။ စက်တွေ တပ်ခဲ့ရတယ်ဆိုတဲ့သူမျိုးတွေက ထွက်လာရင် ဆေးလောကမှာ PPSD ခေါ် တာပေ့ါ။ ပြင်းပြင်းထန်ထန်ခံစားရလို့ဖြစ်တဲ့ စိတ်ကျန်းမာရေးပြဿနာတွေ ကြုံရတဲ့သူတွေရှိ ပါတယ်။ ပူပန်မှုတွေ ရှိတယ်။ စိတ်ကျမှုတွေ ရှိတယ်။ တချို့ မှတ်ဉာဏ်ပျောက်သွားတာလေးတွေလည်း ရှိကောင်းရှိနိုင်ပါတယ်။ ဒါလေးတွေက ဖြစ်တတ်တာပါ။ လူတိုင်းဖြစ်မယ်လို့ မဆိုလိုပါဘူး။ အတိအကျကတော့ တစ်နှစ်ကျော်လောက်မှ ထွက်လာလိမ့်မယ်လို့ ထင်ပါတယ်။

**ဒေါက်တာသာထွန်းကျော်** ॥ ॥ နောက်ထပ် မေးထားတဲ့ မေးခွန်းတစ်ခုပါ။ နှစ်စဉ်ဖြစ်နေကျ တုပ်ကွေးရောဂါနဲ့ ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပုံ၊ ကာကွယ်ကုသပုံ၊ နောက်ဆက်တွဲ ဆိုးကျိုးတွေကို နှိုင်းယှဉ်ပြီး သိရှိလိုပါတယ်လို့ မေးထားပါတယ် ဆရာကြီး ခင်ဗျာ။

**ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာညွန့်သိန်း** ॥ ॥ ရာသီတုပ်ကွေးဆိုတာ ကမ္ဘာပေါ်မှာရှိတာ ရာစုနှစ်တစ်ခု ကျော်သွားပါပြီ။ ကိုဗစ်ကတော့ ဆယ်လသားလေးပဲ ရှိပါသေးတယ်။ သူတို့ နှစ်ခုတူတာက ဗိုင်းရပ်စ်ကြောင့် ဖြစ်တာပါ။ ရာသီတုပ်ကွေးက Influenza ဗိုင်းရပ်စ်၊ ကိုဗစ်က SARS–CoV – 2 သူတို့ နှစ်ယောက်ရဲ့ တူတဲ့အချက်က နှစ်ယောက်စလုံးသည် Droplets အမှုန်အမွှားက ကူးတယ်။ လက်ကနေ၊ အရာဝတ္ထုကနေ ကူးတယ်။ အဲဒီနှစ်ခုသည် တူတဲ့ အချက်ဖြစ်ပါတယ်။

သူတို့ မတူတဲ့အချက်လေးတွေ ရှိပါတယ်။ ရောဂါပျိုးချိန်က ရာသီတုပ်ကွေးက တစ်ရက်ကနေ လေးရက်အတွင်း ကူးတယ်။ ကိုဗစ်က ၂ ရက်မှ ၁၂ ရက်လောက်အတွင်းမှာကူးတယ်။ အဲဒီထက်ပိုကြောက်ဖို့ကောင်းတာက ကူးပွားမှုပြင်းထန်နှုန်းက ကိုဗစ်က လူတစ်ယောက်ကနေ ဘယ်နှစ်ယောက်ကို ကူးနိုင်သလဲဆိုတော့ ၁ ဒသမ ၃ မှ ၁ ဒသမ ၄ အထိ ကိန်းဂဏန်းအရ၊ ကိုဗစ်က စခါစက ၂ လို့ထင်ပါတယ်။ ယခု ၂ ဒသမ ၇ ကနေ ၃ လောက် အထိကို ဖြစ်နိုင်ပါတယ်။

တစ်ယောက်ကနေ သုံးယောက် ကူးတယ်။ အဲဒီသုံးယောက်မှာ တစ်ယောက်ချင်းက သုံးယောက်၊ သုံးယောက်ကို ပြန်ကူးတယ်။ ကိုဗစ်က ပိုပြင်းတဲ့ သဘောပါ။ ရာသီတုပ်ကွေးဆိုတာလည်း တစ်ချိန်တုန်းက ပြင်းခဲ့ပါတယ်။ ၁၉ ရာစုအစ ၁၉၁၈ ခုနှစ်တုန်းက ကမ္ဘာမှာ ကပ်ရောဂါအနေနဲ့ စပိန်တုပ်ကွေးပေ့ါလေ။ အဲဒီခေတ်အဲဒီ အခါက တချို့ကလည်း သန်း ၁၀၀ လောက်အထိ သေဖူးတယ်လို့ ပြောပါတယ်။ အဲဒီတုန်းကတော့ တကယ့်ကို ကြောက်စရာကြီး ဖြစ်ခဲ့ပါတယ်။

ရာသီတုပ်ကွေးနဲ့ ပတ်သက်လို့ကတော့ နံပါတ် (၁) က ကာကွယ်ဆေးတွေ ပေါ်လာပြီ။ နံပါတ် (၂) က ကုသဆေးတွေလည်း ရှိနေပြီ။ ဒါကြောင့် ရာသီတုပ်ကွေးကတော့ ကိုယ်နဲ့ သိပ်မစိမ်းတော့ပါဘူး။ သိပ်မကြောက်ကြတော့ဘူး။ အန္တရာယ်ဖြစ်တဲ့ အုပ်စုကိုသာ ရှောင်ထားလိုက်မယ်ဆိုရင် သူရဲ့ သေဆုံးနှုန်းက ၀ ဒသမ ၁ ရာခိုင်နှုန်း၊ ဆိုလိုတာက လူ ၁၀၀၀ မှာ တစ်ယောက်တောင် မသေတော့ပါဘူး။

ဆယ်လသားလေးပဲရှိသေးတဲ့ ကိုဗစ်ကတော့ ကမ္ဘာမှာ အသိအမှတ်ပြုထားတဲ့ ကာကွယ်ဆေး မရသေးပါဘူး။ ကုသဆေး တရားဝင် သတ်မှတ်ထားတာ မရှိသေးပါဘူး။ EUA ခေါ်တဲ့ Emergency Use Authorization နဲ့ သုံးနေတာလေးပဲ ရှိပါတယ်။

**ဒေါက်တာသာထွန်းကျော်** ॥ ॥ ယခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့ ဆရာကြီး ဦးဝင်းမြင့်နဲ့ ဆရာကြီး ဦးညွန့်သိန်း နှစ်ယောက်စလုံးကို အထူးကျေးဇူးတင်ရှိပါတယ်ခင်ဗျာ။ ဒီကနေ့ ဆွေးနွေးနေရင်းနဲ့ စိတ်ထဲမှာ ကျွန်တော်တို့ ငယ်ငယ်တုန်းက သင်ကြားခဲ့ရတဲ့ ဖွန်ပန်းရုံအနီးဆိုတဲ့ ကဗျာလေး ခေါင်းထဲ ရောက်လာပါတယ်။

အဲဒီကဗျာလေးရဲ့ နောက်ဆုံးစာကြောင်း နှစ်ကြောင်းလေးကို သတိရမိပါတယ်။ ကိုဗစ် – ၁၉ ရောဂါအန္တရာယ်ကို တိုက်ဖျက်နေကြရာမှာ ကဗျာထဲမှာပါတဲ့အတိုင်း လေးလံ၍ မရွှေ့နိုင်ဘူးလား၊ ကူ၍ တွန်းပေးကြပါ။ ပြိုင်တူတွန်းလျှင် ရွှေ့နိုင်ပါသည် ဆိုတဲ့စကားအတိုင်း အားလုံးကူပြီးတော့ တွန်းပေးကြပါ။ အားလုံး ပြိုင်တူတွန်းလျှင် ရွှေ့နိုင်ပါတယ်လို့ တိုက်တွန်းပြောကြားရင်းနဲ့ ဒီနေ့အမေးအဖြေကဏ္ဍကို ရပ်နားလိုက်ပါတယ်။

အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။

## ပဲခူးမြို့နယ်တွင် ပစ္စတိုသေနတ် တစ်လက်၊ ကျည်ဆန်/ကျည်အိမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၈ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် ၀ ဒသမ ၀၀၄ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၆**

ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၅ ရက် ည ၁၀ နာရီ ၄၅ မိနစ်က ပဲခူးမြို့နယ် ဘောနတ်ကြီးကျေးရွာအထွက် ဘုရားကြီး–ဇောင်းတူကားလမ်းပေါ်၌ စစ်ဆေးမှုများ ဆောင်ရွက်နေချိန် စိုးမိုးမောင်းနှင်ပြီး မဇာခြည်ထိုက်နှင့် အောင်အောင်ဖြိုးတို့ လိုက်ပါလာသည့် 2J/---- မက်တူးယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်၏တူးဘောက်အတွင်းမှ ဩစတြေးလျနိုင်ငံထုတ် Glock 17 အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ကျည် အတောင့် ၅၀၊ ကျည်အိမ် နှစ်ခု၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၈ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ၀ ဒသမ ၀၀၄ ကီလိုနှင့် ငွေကျပ် ၁၁၁၆၀၀ တို့ကို သိမ်းဆည်းရမိသည်။



စိုးမိုး၊ မဇာခြည်ထိုက်နှင့် အောင်အောင်ဖြိုးတို့ကို ဖမ်းဆီးရမိသည့် လက်နက်ခဲယမ်းများ၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူတွေ့ရစဉ်။

သိမ်းဆည်းရမိ လက်နက်ခဲယမ်းများကို သီပေါမြို့နေ (စိစစ်ဆဲ) ရှမ်းအမျိုးသားတစ်ဦးထံမှ လည်းကောင်း၊ မူးယစ်ဆေးဝါးများကို မရမ်းကုန်းမြို့နေ (စိစစ်ဆဲ) အမျိုးသားတစ်ဦးထံမှ လည်းကောင်း ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုသဖြင့် စိုးမိုး(၃၉ နှစ်)၊ မဇာခြည်ထိုက် (၃၉ နှစ်) နှင့် အောင်အောင်ဖြိုး(၂၄ နှစ်) တို့ သုံးဦးအား လက်နက်အက်ဥပဒေဖြင့် လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေဖြင့်လည်းကောင်း အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ထံမှ သတင်းရရှိသည်။ **သတင်းစဉ်**

## တာချီလိတ်မြို့တွင် ငွေကျပ်သိန်းပေါင်း ၈၄၉၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၅ ရက် ည ၆ နာရီ မိနစ် ၅၀ ခန့်က သတင်းအရ တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ပါလျှံ(၃) ဗိုလ်ချုပ်လမ်းမပေါ်တွင် စိုင်းဆွေအောင် (ခ)အိုက်ခမ်း မောင်းနှင်လာသော တိုရိုတာ ဟိုက်လက်ဝီဗို အမျိုးအစား ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၉၈၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း။

သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများကို ထိုင်းနိုင်ငံ မယ်စလောင်းမြို့နေ အားထူ၏အစီအမံဖြင့် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းအုပ်စု ရေပူစမ်းကျေးရွာနေ ကျော်စိုးက သိမ်းဆည်းရမိယာဉ်ဖြင့် တာချီလိတ်မြို့ ဆန်ဆိုင်း(က) ရပ်ကွက်သို့ လာရောက်ပို့ဆောင်ပေးခဲ့ကြောင်း၊ ၎င်းမှ အဆိုပါယာဉ်ကို ယူဆောင်ပြီး မြန်မာ–လာအိုနယ်စပ် ဝမ်တုံရွာအလွန် မဲခေါင်မြစ်ဘေးသို့ သယ်ဆောင်ပေးရန် မောင်းနှင်လာစဉ် ဖမ်းဆီးခြင်းခံရကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် စိုင်းဆွေအောင် (ခ)အိုက်ခမ်းကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်တရားခံများအား ဆက်လက်ဖမ်းဆီးလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## မူဆယ်မြို့မရဲစခန်းနှင့် မန်ဟီးရိုးနယ်မြေရဲစခန်းတို့မှ တရားစွဲတင်ထားသော အမှုငါးမှုမှ သိမ်းဆည်းရမိ ထိန်းချုပ်ဓာတုပစ္စည်းများကို ဖျက်ဆီး

**မူဆယ် အောက်တိုဘာ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် ကျင်စန်းကျော့သွားလမ်း ဟိုနောင်ကျေးရွာ နောက်ကြောတောင်ကြားတွင် မူဆယ်မြို့နယ်နှင့် မန်ဟီးရိုးမြို့နယ်ရဲစခန်းတို့မှ ဖမ်းဆီးရမိထားသော မူးယစ်ဆေးဝါးထိန်းချုပ် ဓာတုပစ္စည်းများကို ယနေ့ နံနက် ၇ နာရီက ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ဖမ်းဆီးထိန်းချုပ် ဓာတုပစ္စည်းများ ဖျက်ဆီးပွဲကို မူဆယ်/ခရိုင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်မတော်သားများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မူဆယ်ခရိုင်/မြို့နယ် အဆင့်ရှိ တရားရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ ဒေသခံများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဖျက်ဆီးခဲ့သည့် ထိန်းချုပ်ဓာတုပစ္စည်းများမှာ မန်ဟီးရိုးနယ်မြေရဲစခန်းမှ အက်စီတုံး ၁၇၂၃၈ ဒသမ ၆၈လီတာ၊ မူဆယ်မြို့မရဲစခန်းမှ ဟိုက်ဒရိုကလိုရစ်အက်ဆစ် ၉၅၉၉ ဒသမ ၄ လီတာ၊ အီသိုင်းအီသာ ၈၉၄၂ လီတာ၊ မက်သနော ၂၀၇၆ ဒသမ ၇၅ လီတာ၊ အီသိုင်းအက်စီတစ် ၁၂၇၉၈ လီတာတို့ကို သက်ဆိုင်ရာ အဖွဲ့အစည်းများက ဖျက်ဆီးခဲ့ကြသည်။

**သန့်ဇင် (မူဆယ်)**

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၄ ရက်တွင် မန္တလေး–မူဆယ်ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၇၃ စီး၊ သွင်းကုန် ၁၉၇ စီး၊ ရန်ကုန်–မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၉၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၄ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၁၆၅ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သည့် M–150 (150 ml x 50 Bottles) (15 Pkgs) ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

● *ကျောဖုံးမှ*

ပြီးခဲ့သည့်သုံးပွဲစလုံး အနိုင်ရထားသည်။ အောင်လအန်ဆန်သည် ဂျပန်နိုင်ငံသား ဟဆဲဂါဝါနှင့် နှစ်ပွဲ၊ လက်ဘနွန်နိုင်ငံသား ကရာကီနှင့် တစ်ပွဲထိုးသတ်ထားရာ သုံးပွဲစလုံး အနိုင်ရပြီး ချန်ပီယံဆု ကာကွယ်ထားသည်။ ဒီရစ်ဒါသည် ၁၂ ပွဲစလုံး အနိုင်ရကာ မှတ်တမ်းကောင်းပိုင်ဆိုင်ထားပြီး မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ကာကွယ်ခွင့်ရခဲ့ခြင်း ဖြစ်သည်။ အောင်လအန်ဆန်သည် ၂၀၁၉ ခုနှစ် အောက်တိုဘာလက နောက်ဆုံးထိုးသတ်ခဲ့သည့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲတွင်လည်း ဖိလစ်ပိုင်နိုင်ငံသား ဘရန်ဒန်ဗီရာကို အနိုင်ရထားသည်။

အောင်လအန်ဆန်သည် ONE Championship ၏ မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်ပြီး မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲသုံးပွဲ၊ လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲ တစ်ပွဲ ထိုးသတ်ထားရာ ပွဲတိုင်းအနိုင်ရထားသည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ–onefc**

# စည်းကမ်းလိုက်နာဘေးကင်းကွာ၊ ကိုရိုနာဗိုင်းရပ်စ်ရောဂါ (ကိုဗစ်- ၁၉ ) အစဉ်အမြဲ သတိပြုကာကွယ်ပါ


ဒေါက်တာသန်းနိုင်စိုး(ကျန်းမာရေးအသိပညာ)

၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်းက စတင်ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ် – ၁၉) ကမ္ဘာ့ကပ်ရောဂါသည်ယခုအချိန်တွင် ကမ္ဘာ့နိုင်ငံအများအပြားသို့ ကူးစက်ဖြစ်ပွားလျက်ရှိပါသည်။ အချိန်တိုအတွင်း နိုင်ငံနှင့်နေရာဒေသအများအပြားသို့ လျင်မြန်စွာ ကူးစက်ဖြစ်ပွားခဲ့သည့်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကမ္ဘာ့ကပ်ရောဂါ (Pandemic Disease)အဖြစ် (၁၂-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ၄ – ၁၀-၂၀၂၀ ရက်နေ့ ည ၈:၃၀ နာရီ အထိ ကမ္ဘာတွင် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားသူပေါင်း ၃၄ သန်းကျော်ရှိနေပြီဖြစ်ကာ ရောဂါကြောင့် သေဆုံးသူ တစ်သန်းကျော်ရှိပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်မတ်လ ၂၃ ရက်နေ့တွင် ပထမဦးဆုံး ကိုဗစ် – ၁၉ ရောဂါ လူနာအား စတင်တွေ့ရှိခဲ့ရာ ၄-၁၀-၂၀၂၀ရက်နေ့ ညနေပိုင်းအထိ ကိုဗစ် – ၁၉ ရောဂါလူနာ ၁၇၇၉၄ ဦး ရှိ၍ ကိုဗစ် – ၁၉ ရောဂါဖြင့် သေဆုံးသူ ၄၁၂ ဦးရှိပါသည်။ ဇွန်လနှောင်းပိုင်းနှင့်ဇူလိုင်လများတွင် ပြည်တွင်းကူးစက်မှုများလျော့ကျပြီး ဖြစ်ပွားလူနာလျော့နည်းသယောင်ရှိခဲ့ရာမှ ဩဂုတ်လလယ်ခန့်မှ စတင်ကာ ကိုဗစ် – ၁၉ ရောဂါသည် ရခိုင်ပြည်နယ်တွင် တစ်ကျော့ပြန် အသွင်စတင်ပြန့်ပွားလာခဲ့ရာမှ ယခုရက်ပိုင်းတွင်အခြားပြည်နယ်/တိုင်းဒေသကြီးများ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိမြို့နယ်များတွင် လျင်မြန်စွာဖြင့် ကူးစက်မှုများပြားပြင်းထန်နေခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ကူးစက်ပြန့်ပွားမှု အများဆုံးဖြစ်နေသည့် သဃ်န်းကျွန်းမြို့နယ်တွင် ၄-၁၀-၂၀၂၀ ရက်နေ့အထိ ဖြစ်ပွားလူနာ ၈၁၄ ဦးရှိပြီဖြစ်ပါသည်။ ကူးစက်ခံရသူအများစု ၁၀၀ ကျော်မှာ ကာရာအိုကေဆိုင်(KTV) တစ်ခုမှဝန်ထမ်းများနှင့် အဆိုပါဆိုင်သို့ သွားရောက်ခဲ့သူများမှတစ်ဆင့် ကူးစက်ခံရသူများဖြစ်ကြပါသည်။ ကာရာအိုကေဆိုင်(KTV)များ၌ အလုံပိတ်အခန်း/air-conditioned အခန်းများ(enclosed settings) တွင် လူစုလူဝေးဖြင့်နေထိုင်ခြင်း(crowding)၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေကွာ၍ ခပ်ခွာခွာမနေခြင်း(close contacts)၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) မတပ်ဆင်ခြင်း၊ ကျယ်လောင်စွာသီချင်းဆိုရာမှ ရောဂါပိုးများအပြင်သို့ များပြားစွာထွက်ရှိလာခြင်း၊ မိုက်ကရိုဖုန်းများကို တစ်ဦးမှတစ်ဦး လက်ဆင့်ကမ်းသုံးစွဲသီဆိုခြင်း၊ အစားအသောက်/အဖျော်ယမကာများကို အတူတကွ နီးကပ်စွာစားသောက်ခြင်းစသည့် ကိုဗစ် – ၁၉ ရောဂါကို လွယ်ကူလျင်မြန်စွာ ကူးစက်စေသည့် အပြုအမူနှင့် အခြေအနေများစွာရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ကိုရိုနာဗိုင်းရပ်စ်(ကိုဗစ် – ၁၉ ) ရောဂါပိုးပါဝင်နိုင်သည့် အစက်အမှုန်ငယ် (droplets) များသည် အသက်ရှူထုတ်ခြင်းမှတစ်ဆင့် အနီးပတ်ဝန်းကျင် ငါးပေခန့်အထိလည်းကောင်း၊ ချောင်းဆိုးခြင်းမှတစ်ဆင့် တစ်စက္ကန့်လျှင် ၃၃ ပေနှုန်းအရှိန်ဖြင့် ခြောက်ပေခွဲခန့်အထိ၊ နှာချေခြင်းမှတစ်ဆင့် တစ်စက္ကန့်လျှင် ၁၆၄ ပေနှုန်း အရှိန်ဖြင့် ၁၉ ပေခွဲခန့်အထိ ရောက်ရှိနိုင်ပါသည်။ လတ်တလော သုတေသနတွေ့ရှိချက်များအရ အဆိုပါအစက်အမှုန်ငယ် (droplets) များသည် ပလတ်စတစ်ဘူးခွံများ ပေါ်တွင် ငါးရက်ခန့်၊ မှန်/သစ်သား/စက္ကူတို့ပေါ်တွင် (၄-၅) ရက်ခန့်၊ စတီးပစ္စည်း (Stainless Steel) များပေါ်တွင် ၄၈ နာရီခန့်ရှင်သန်နေထိုင်နိုင်ပါသည်။ ထို့အပြင် ကိုဗစ် – ၁၉ ဗိုင်းရပ်စ်ပိုး၏ မျိုးရိုး ဗီဇပြောင်းလဲမှုများကြောင့် ပိုး၏ကူးစက်နိုင်မှု(infectivity) သည် ယခင်မျိုးရိုးဗီဇရှိသောပိုးနှင့် နှိုင်းယှဉ်လျှင် ၁၀ ဆ ခန့်အထိ မြင့်မားလာကြောင်း သိရှိရပါသည်။




ကိုရိုနာဗိုင်းရပ် (ကိုဗစ် – ၁၉ ) ပိုးပါဝင်သောအစက်အမှုန်များပျံ့နှံ့ရောက်ရှိနိုင်ပုံ။

**“ကာရာအိုကေဆိုင်(KTV)ဆိုင်များ၊ ညကလပ်များစသည့် အလားတူ လုပ်ငန်းများကိုမှီခို၍ အသက်မွေးဝမ်းကျောင်း ဆောင်ရွက်နေရသူများသည် အထက်ဖော်ပြပါအခြေအနေများကြောင့် ကာလတိုအတွင်း ကိုယ်တိုင် ရောဂါကူးစက်ခံရမှ ထိုသူ၏မိသားစုများအပါအဝင် အခြားသူများကိုပါ ရောဂါအဆင့်ဆင့် ဆက်လက်ကူးစက်သွားနိုင်သည့်အခြေအနေရှိပါသည်။ အလားတူပင် မြန်မာနိုင်ငံတွင် ရောဂါစတင်ဖြစ်ပွားချိန်ဖြစ်သည့် မတ်လ၊ ဧပြီလတို့တွင် အခန်းငယ်ကျဉ်းကျဉ်းအတွင်း လူစုလူဝေးဖြင့် မိုက်ကရိုဖုန်းသုံး၍ ဘာသာရေးဆိုင်ရာဟောပြောပွဲများ ပြုလုပ်ခဲ့မှုကြောင့် ဆက်စပ်ပတ်သက်ခဲ့ကြသော အင်းစိန်မြို့နယ်မှ ပြည်သူ ၇၂ ဦးခန့် ရောဂါကူးစက်ခံခဲ့ရ”**

ကာရာအိုကေဆိုင်(KTV)ဆိုင်များ၊ ညကလပ်များစသည့် အလားတူ လုပ်ငန်းများကိုမှီခို၍ အသက်မွေးဝမ်းကျောင်း ဆောင်ရွက်နေရသူများသည် အထက်ဖော်ပြပါအခြေအနေများကြောင့် ကာလတိုအတွင်း ကိုယ်တိုင် ရောဂါကူးစက်ခံရမှ ထိုသူ၏မိသားစုများအပါအဝင် အခြားသူများကိုပါ ရောဂါအဆင့်ဆင့် ဆက်လက်ကူးစက်သွားနိုင်သည့် အခြေအနေရှိပါသည်။ အလားတူပင် မြန်မာနိုင်ငံတွင် ရောဂါစတင်ဖြစ်ပွားချိန်ဖြစ်သည့် မတ်လ၊ ဧပြီလတို့တွင် အခန်းငယ်ကျဉ်းကျဉ်းအတွင်း လူစုလူဝေးဖြင့် မိုက်ကရိုဖုန်းသုံး၍ ဘာသာရေးဆိုင်ရာ ဟောပြောပွဲများ ပြုလုပ်ခဲ့မှုကြောင့် ဆက်စပ် ပတ်သက်ခဲ့ကြသော အင်းစိန်မြို့နယ်မှ ပြည်သူ ၇၂ ဦးခန့် ရောဂါ ကူးစက်ခံခဲ့ရပါသည်။

ကာရာအိုကေဆိုင်(KTV)များသို့ သွားရောက်သူများကိုပါ ရောဂါကူးစက်စေမှုများပြားစေခဲ့သည့်အတွက် ကာရာအိုကေဆိုင် (KTV)များ၊ ညကလပ်များစသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများစေသည့်လုပ်ငန်းများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ရောဂါကူးစက်မှုများပြားချိန်တွင် လုံးဝပိတ်သိမ်းထားရန်လိုအပ်သကဲ့သို့ တရားမဝင်ဖွင့်လှစ်ထားရာနေရာများသို့လည်း လုံးဝမသွားရောက်ရန်လည်း ပြည်သူလူထုမှ နားလည်သဘောပေါက်ကြကာ လိုက်နာကြရန် လိုအပ်ပါသည်။

ရောဂါကူးစက်မှုကွင်းဆက်များကို လျင်မြန်ထိရောက်စွာ ဖြတ်တောက်နိုင်၍ လူမှုရေး၊ စီးပွားရေးလုပ်ငန်းဆောင်တာများ အမြန်ဆုံးပြန်လည်ပုံမှန်ဖြစ်စေရေးအတွက် ယခုအချိန်တွင် မိမိအိမ်တွင်သာနေထိုင်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ စားဝတ်နေရေးအတွက် မဖြစ်မနေ ဈေးဝယ်သွားခြင်းကဲ့သို့ ကိစ္စများကို ဆောင်ရွက်မည့်သူများ အနေဖြင့် မိမိကိုယ်တိုင်၏ ကျန်းမာရေးနှင့် ရောဂါပြင်းထန်၍ ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲအသက်ဘေးအန္တရာယ်အားငဲ့ကွက်၍ လည်းကောင်း နေအိမ်တွင်ကျန်ခဲ့သော အသက်/အရွယ်ကြီးရင့်သူ၊ ဆီးချို/နှလုံး/သွေးတိုး/ကျောက်ကပ် စသည့်နာတာရှည်ရောဂါရှိသူ မိသားစုဝင်များတွင်လည်း ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲအသက် ဘေးအန္တရာယ်အား ငဲ့ကွက်၍ လည်းကောင်း သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို ပိုမို၍ တိတိကျကျ အစဉ်အမြဲသတိပြုလိုက်နာကြရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယခုအချိန်တွင် မိမိနေအိမ်တွင်သာ နေထိုင်ခြင်းသည်သာ အကောင်းဆုံးဖြစ်၍ စားဝတ်နေရေးအတွက် မဖြစ်မနေအပြင်ထွက်ရမည်ဆိုပါက ကျန်းမာရေးကောင်းမွန်သူ လူငယ်လူရွယ်များသာ ဖြစ်သင့်ပါသည်။ ထိုသို့ ထွက်ရာတွင် အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျ မပျက်မကွက်(မပျက်မကွက်) တပ်ဆင်ခြင်း၊ လူစုလူဝေးလုံးဝရှောင်ခြင်း၊ အခြားသူများနှင့် ခြောက်ပေအကွာဖြင့် ခပ်ခွာခွာနေထိုင်ခြင်း၊ အယ်ကိုဟော(လ်) အနည်းဆုံး ၆၀ ရာခိုင်နှုန်း ပါဝင်သော ရေမလိုလက်သန့်ဆေးရည်ကိုဆောင်ထား၍ အသုံးပြုခြင်း(သို့မဟုတ်) ဆပ်ပြာနှင့်ရေကို အသုံးပြု၍ လက်ကို စက္ကန့် ၂၀ ကြာအောင် စနစ်တကျ မကြာခဏဆေးကြောခြင်း၊ အိမ်ပြန်ရောက်သည်နှင့် အပြင်ထွက်စဉ် ဝတ်ဆင်ထားသည့်အဝတ်များကို ဆပ်ပြာနှင့်ရေအသုံးပြု၍ မိနစ် ၃၀ ခန့် စိမ်၍ လျှော်ဖွပ်ခြင်း၊ နေ့စဉ်အိမ်အပြင်ထွက်ရသူသည် နေအိမ်ရှိ အသက်/အရွယ်ကြီးရင့်သူ၊ ဆီးချို/ နှလုံး/သွေးတိုး/ကျောက်ကပ် စသည့်နာတာရှည်ရောဂါရှိသူ မိသားစုဝင်များနှင့် အနီးကပ်ထိတွေ့မှုမရှိအောင် နေထိုင်ခြင်းတို့ကို အပြင်ထွက်သူတစ်ဦးချင်းစီမှ စည်းကမ်းတကျလိုက်နာဆောင်ရွက်ကြရန် အထူးလိုအပ်လှပါသည်။

ကိုဗစ် – ၁၉ ရောဂါ အမြန်ဆုံး ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူသာလျှင် အဓိကဖြစ်သည်နှင့်အညီ တစ်ဦးတစ်ယောက်ချင်းစီမှ စတင်ကာပြည်သူအားလုံးအနေဖြင့် လူတိုင်းကိုယ်စီကိုယ်င ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် အထက်ဖော်ပြပါလိုက်နာရန်အချက်များအား အစွမ်းထက်ထိရောက်ပြီး လုံခြုံစိတ်ချသည့် ကာကွယ်ဆေးမရရှိမီအထိ အစဉ်အမြဲ ပြုမူနေထိုင်ကြရမည် ဖြစ်ပါသည်။ **“ယခုအချိန်ကာလတွင် အိမ်မှာနေပါ၊ မဖြစ်မနေအိမ်ပြင်ထွက်ရသူများအနေဖြင့် မိမိ၏အသက်ကို ဦးစွာစတင်ကာကွယ်ပါ၊ အိမ်တွင်ကျန်နေခဲ့သည့် မိသားစုဝင်များ၏ အသက်ကိုလည်း ကာကွယ်ပေးပါ၊ ကိုဗစ်–၁၉ ရောဂါတိုက်ဖျက်ရေးတွင်ရှေ့တန်းမှ စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနေကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်းဆောင်ရွက် ပေးကြပါရန်”**တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**ကိုဗစ် - ၁၉ ရောဂါ အမြန်ဆုံး ကာကွယ်ထိန်းချုပ်နိုင်ရေး အတွက် ပြည်သူသာလျှင် အဓိကဖြစ်သည်နှင့်အညီ တစ်ဦးတစ်ယောက်ချင်းစီမှ စတင်ကာပြည်သူအားလုံး အနေဖြင့် လူတိုင်း ကိုယ်စီကိုယ်ငှ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် အထက်ဖော်ပြပါ လိုက်နာရန် အချက်များအား အစွမ်းထက် ထိရောက်ပြီး လုံခြုံစိတ်ချသည့် ကာကွယ်ဆေးမရရှိမီအထိ အစဉ်အမြဲ ပြုမူနေထိုင်ကြရမည် ဖြစ်၊ “ယခုအချိန်ကာလတွင် အိမ်မှာနေပါ၊ မဖြစ်မနေ အိမ်ပြင်ထွက်ရသူများအနေဖြင့် မိမိ၏အသက်ကို ဦးစွာစတင် ကာကွယ်ပါ၊ အိမ်တွင်ကျန်နေခဲ့သည့် မိသားစုဝင်များ၏ အသက်ကိုလည်း ကာကွယ်ပေးပါ၊ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးတွင် ရှေ့တန်းမှ စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနေကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း ဆောင်ရွက်ပေးကြပါရန်” တိုက်တွန်းနှိုးဆော်**

# သမ္မတထရမ့် ကိုဗစ် - ၁၉ ကူးစက်ခံရပြီး ဆေးရုံတက်ရောက်ပြီးနောက် အိမ်ဖြူတော်သို့ ပြန်ရောက်လာ

ဝါရှင်တန် အောက်တိုဘာ ၆

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ကိုဗစ်-၁၉ ကူးစက်မှုကြောင့် စစ်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူပြီးနောက်တွင် ကျန်းမာရေးပြန်လည်ကောင်းမွန်လာပြီဖြစ်သောကြောင့် ဆေးရုံမှဆင်းကာ အိမ်ဖြူတော်သို့ ပြန်ရောက်လာကြောင်း သိရသည်။**


သမ္မတထရမ့်က အောက်တိုဘာ ၂ ရက်တွင် ကိုဗစ်- ၁၉ ကူးစက်ခံထားရပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ရောဂါပိုး စစ်ဆေးတွေ့ရှိပြီးနောက်တွင် ၎င်းကို ဝါရှင်တန်ဒီစီအပြင်ဘက်ရှိ ဝေါ်လ်တာရီ အမျိုးသားတပ်မတော်ဆေးကုသရေးစင်တာသို့ ရွှေ့ပြောင်းခဲ့သည်။ သမ္မတ ထရမ့်သည် စစ်ဆေးရုံ၌ ဗိုင်းရပ်စ်သတ်ဆေးများနှင့် အခြားကုထုံးများဖြင့် ကုသမှုခံယူခဲ့သည်။

သမ္မတထရမ့် ကျန်းမာရေးအခြေအနေတိုးတက်ကောင်းမွန်လာပြီးနောက် အောက်တိုဘာ ၆ ရက်တွင်ဆေးရုံမှဆင်းလာခဲ့သည်။ ဆေးရုံအပြင်ဘက်သို့ လမ်းလျှောက်လာခဲ့စဉ် သမ္မတထရမ့်က ကျေးဇူးတင်စကားဆိုခဲ့သည်။

ထို့နောက်တွင် ထရမ့်သည် သမ္မတစီးနင်းသည့် မရင်းဝမ်း ရဟတ်ယာဉ်ဖြင့် အိမ်ဖြူတော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ ဆရာဝန်များက သမ္မတထရမ့်၏ အခြေအနေကို အချိန်နှင့်အမျှ ကောင်းစွာ စစ်ဆေးစောင့်ကြည့်ရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းမတိုင်မီ အစောပိုင်းတွင် သမ္မတထရမ့်သည် တွစ်တာပေါ်၌ ၎င်းနေထိုင်ကောင်းလျက်ရှိကြောင်း ရေးသားခဲ့သည်။

သမ္မတထရမ့်အနေဖြင့် သမ္မတရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးသည့်နေ့ရက် မတိုင်မီ တစ်လသာလိုတော့သည့် အချိန်တွင် မိမိကိုယ်ကိုယ်ကြံ့ခိုင်သန်မာသည့် ခေါင်းဆောင်တစ်ယောက်အဖြစ် ပုံဖော်လိုသည့်အတွက် အိမ်ဖြူတော်သို့မြန်မြန်ပြန်ရောက်လာခြင်းဖြစ်နိုင်ကြောင်း နိုင်ငံရေးကျွမ်းကျင်သူများက ဖော်ပြကြသည်။

အင်န်အိတ်ချ်ကေ



ကိုဗစ်- ၁၉ ကူးစက်ခံရမှုကြောင့် ဆေးရုံတက်ကုသမှုခံယူခဲ့ပြီးနောက် အိမ်ဖြူတော်သို့ ပြန်လည်ရောက်ရှိလာသည့် သမ္မတထရမ့်။

## ကိုဗစ် -၁၉ အဆင့် ၃ သတ်မှတ်ချက်ကို အိုင်ယာလန်တစ်နိုင်ငံလုံးအနှံ့ ကြေညာချက် ထုတ်ပြန်

**ဒဗ္ဗလင် အောက်တိုဘာ ၆**

အိုင်ယာလန်နိုင်ငံတွင် ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက် စည်းကမ်းတင်းကျပ်မှုအဆင့်သုံး သတ်မှတ်ချက်ကို အောက်တိုဘာ ၆ ရက်သန်းခေါင်ယံမှ စတင်ကာကျင့်သုံးမည်ဟု အိုင်ယာလန်ဝန်ကြီးချုပ် မိုက်ကယ်မာတင်က အောက်တိုဘာ ၅ ရက်တွင် ကြေညာခဲ့သည်။

လက်ရှိ အိုင်ယာလန်နိုင်ငံတွင် အဆင့်၂ ထုတ်ပြန်ထားရာမှအဆင့် ၃ သို့ တိုးမြှင့်လိုက်ခြင်း ဖြစ်သည်။ တိုင်းပြည်တစ်ဝန်း ဗိုင်းရပ်စ်ကူးစက်မှုများကြောင့် ယိုယွင်းနေသည့် အခြေအနေများကို တုံ့ပြန်ရန် ရည်ရွယ်ကာ ယခုလို ဆုံးဖြတ်ချက်ချလိုက်ရခြင်း ဖြစ်ကြောင်း အစိုးရက သတင်းထုတ်ပြန်ခဲ့သည်။

အဆင့် ၃ ကန့်သတ်ချက်အောက်တွင် ပြည်သူများသည် နိုင်ငံပြင်ပသို့ ခရီးထွက်ခွာခွင့်မရှိသကဲ့သို့ ပြည်တွင်း၌လည်း ခရီးသွားလာခွင့် မရှိပေ။ သို့သော်လည်း အလုပ်လုပ်ကိုင်ရန်၊ ပညာရေးကိစ္စနှင့် အခြားသောမရှိမဖြစ် အရေးပါသည့် လုပ်ငန်းများအတွက်မူ ခြွင်းချက်ပေးထားသည်။ အဆောက်အအုံအတွင်း ပြပွဲများ ဖြစ်သော ပန်းချီပြပွဲ၊ ပြတိုက်၊ ရုပ်ရှင်ရုံနှင့် အခြားသော အခမ်းအနားများကို ပိတ်ထားရမည်ဖြစ်ပြီး စာကြည့်တိုက်တွင်လည်း အွန်လိုင်းမှ ဝန်ဆောင်မှုသာ ရရှိမည်ဖြစ်သည်။ စားသောက်ဆိုင်များ၊ အရက်ဆိုင်များနှင့် ဘားများကိုမူ အဆောက်အအုံအတွင်းရောင်းချခွင့်မရှိဘဲ အဆောက်အအုံပြင်ပတွင် သာရောင်းချရမည်ဖြစ်သည်။

သို့သော်လည်း ဧည့်သည် ၁၅ ဦးထက်ပို၍ လက်ခံ၍မရပေ။ ပါဆယ်ထုပ်ခြင်းနှင့် အိမ်တိုင်ရာရောက်ပေးပို့မှုများကိုမူ ဆက်လက်လုပ်ဆောင်ခွင့်ရှိမည် ဖြစ်သည်။

ပြည်သူများသည်လည်း နေအိမ်မှသာ အလုပ်လုပ်ကိုင်ရမည်ဖြစ်ပြီး မရှိမဖြစ် လိုအပ်သည့် လုပ်သားများသာ အများသုံးသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုကို အသုံးပြုခွင့်ရမည် ဖြစ်သည်။ အားကစားပြိုင်ပွဲများကိုတားမြစ်ထားပြီး မင်္ဂလာပွဲနှင့် ဈာပနအခမ်းအနားမှတစ်ပါး အခြားသောတွေ့ဆုံပွဲများကျင်းပခွင့်ရမည်မဟုတ်ပေ။ မင်္ဂလာပွဲနှင့် ဈာပနအခမ်းအနားတို့တွင်လည်း တက်ရောက်မည့်သူကို ၂၅ ဦးအထိသာ တက်ရောက်ခွင့်ရှိသည်ဟုကန့်သတ်ထားသည်။ အိုင်ယာလန်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူပေါင်း ၃၈၅၄၉ ဦးရှိပြီး သေဆုံးသူ ၁၈၁၀ ရှိသည်ဟု အိုင်ယာလန်နိုင်ငံကျန်းမာရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ




အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့တွင် စားသောက်ဆိုင်နှင့် ဘားများပိတ်ထားရသည်ကို မတ် ၁၅ ရက်က တွေ့ရစဉ်။

## အပူပိုင်းမုန်တိုင်း ချန်ဟွမ် ဂျပန်နိုင်ငံအနီးသို့ ချဉ်းကပ်လာနိုင်

**တိုကျို အောက်တိုဘာ ၆**

အပူပိုင်းမုန်တိုင်း ချန်ဟွမ် ယခုရက်သတ္တပတ်အကုန်လောက်တွင် ဂျပန်နိုင်ငံအနီးသို့ချဉ်းကပ်လာနိုင်ကြောင်း မိုးလေဝသအေဂျင်စီက ပြောကြားခဲ့သည်။

ချန်ဟွမ်မုန်တိုင်းသည် အောက်တိုဘာ ၆ ရက်တွင် ဂျပန်နိုင်ငံတောင်ပိုင်း ပင်လယ်ပြင်ကို ဖြတ်ကျော်ကာ မြောက်ဘက်ဆီသို့ ရွှေ့လျားလာလျက်ရှိပြီး မုန်တိုင်းဇုန်တစ်ခုအဖြစ်သို့ အားကောင်းလာနိုင်သည်ဟု ခန့်မှန်းထားသည်။

အောက်တိုဘာ ၆ ရက်နံနက်ပိုင်းတွင် ခန့်မှန်းချက်အရ အပူပိုင်းမုန်တိုင်းသည် အောက်တိုဘာ ၈ ရက်နှင့် အောက်တိုဘာ ၉ ရက်တို့တွင် အိုကီနာဝါနှင့် ကာဂိုရှီမာ ခရိုင်တို့ကို ဆက်သွယ်ထားသည့် ကျွန်းအနီးသို့ နီးကပ်လာဖွယ်ရှိသည်ဟု မိုးလေဝသအေဂျင်စီက ပြောကြားသည်။

ယင်းနောက်တွင် မုန်တိုင်းသည် အောက်တိုဘာ ၉ ရက်မှ ၁၀ ရက်အထိ ဂျပန်နိုင်ငံအနောက်ပိုင်းမှ နိုင်ငံအရှေ့ပိုင်းဆီသို့ ချဉ်းကပ်လာနိုင်ကြောင်း သိရသည်။

မုန်တိုင်းဝင်ရောက်မှုကြောင့် အဆိုပါ ဧရိယာများတွင် လေပြင်းများတိုက်ခြင်း၊ ပင်လယ်ပြင်၌ လှိုင်းထန်ခြင်းနှင့် ရာသီဥတုဆိုင်ရာ မတည်ငြိမ်သည့်အခြေအနေများကို ကြုံတွေ့ရနိုင်ကြောင်း ခန့်မှန်းထားသည်။

မုန်တိုင်းသည် ဂျပန်နိုင်ငံသို့ ဝင်ရောက်မလာမီ လမ်းကြောင်းပြောင်းလဲသွားနိုင်ကြောင်း မိုးလေဝသပညာရှင်များက ပြောသည်။ ပြည်သူများအနေဖြင့် မိုးလေဝသအခြေအနေဆိုင်ရာ နောက်ဆုံးရသတင်းများကို နားစွင့်ထားကြရန် မိုးလေဝသအေဂျင်စီက သတိပေးထားသည်။

အင်န်အိတ်ချ်ကေ

## အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန် ၁၅၀ လက်နက်ချ

**ကဘူးလ် အောက်တိုဘာ ၆**

တာလီဘန်အဖွဲ့မှ တိုက်ခိုက်ရေးသမား ၁၅၀ ခန့်သည် လက်နက်ချခဲ့ပြီး အာဖဂန်နစ္စတန်မြောက်ပိုင်း ဆာရီပေါလ်ပြည်နယ်ရှိ ခိုဟီစတာနိတ် ခရိုင်ရဲစခန်းတွင် ၎င်းတို့၏ လက်နက်များကို လာရောက်အပ်နှံခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က အောက်တိုဘာ ၆ ရက်တွင် ပြည်နယ် ရဲတပ်ဖွဲ့ သတင်းထုတ်ပြန်သည်။

တာလီဘန်တပ်မှူးများဖြစ်သည့် အာမတ်မူရာဒီ၊ ခါဒင်ရက်ဇ် မွမ်ဒါနှင့် ဟာမစ်ဆာဒစ်ကီတို့လည်း လက်နက်ချသည့်လူများတွင် ပါဝင်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

လွန်ခဲ့သောရက်များအတွင်း အဆိုပါ ဒေသတွင် နယ်မြေရှင်းလင်းရေးလုပ်ငန်းများလုပ်ဆောင်ခဲ့ပြီးနောက် ယခုလို တာလီဘန်များဘက်မှ လက်နက်ချသူများပေါ်ပေါက်လာခြင်းဖြစ်သည်ဟု သတင်းထုတ်ပြန်ချက်တွင်ပါဝင်သည်။

စစ်ဆင်ရေးများ ဆင်နွှဲစဉ်အတွင်း ကျေးရွာအချို့မှ သောင်းကျန်းသူများကို ရှင်းလင်းနိုင်ခဲ့သည်ဟု ပြည်နယ်ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

ဆင်ဟွာ

## အဇာဘိုင်ဂျန်နှင့် အာမေးနီးယား ပဋိပက္ခကြောင့် လူပေါင်း ၂၆၀ ထက်မနည်း သေဆုံး

**ဘာကူ အောက်တိုဘာ ၆**

အဇာဘိုင်ဂျန်နှင့် အာမေးနီးယား တပ်ဖွဲ့တို့ကြား အပြန်အလှန်ပစ်ခတ်မှုကြောင့် လူပေါင်း ၂၆၀ ကျော် သေဆုံးခဲ့ရသည်ဟု အောက်တိုဘာ ၆ ရက်တွင် သိရသည်။

အဇာဘိုင်ဂျန် တပ်ဖွဲ့ဝင်များသည် ထိုးစစ်ဆင်နွှဲရန်ပြင်ဆင်လျက်ရှိပြီး စက်တင်ဘာလနှောင်းပိုင်းက နာဂေါ်ရာနို- ခါရာဘတ်ဒေသတွင် တိုက်ပွဲများ ပေါ်ပေါက်ခဲ့သည်။



အဇာဘိုင်ဂျန်ဘက်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်နေစဉ်။

အဇာဘိုင်ဂျန်ဘက်မှ ရှိသည့် တူရကီနိုင်ငံအနေဖြင့် ယခုပြဿနာတွင် ပိုမိုပါဝင်သင့်သည်ဟု အောက်တိုဘာ ၅ ရက်တွင် အဇာဘိုင်ဂျန်သမ္မတ အီဟာန်အေလီယက်ဗ်က ပြောကြားခဲ့သည်။ ထောက်ပံ့ပေးမှုများ အဆက်မပြတ် ပြုလုပ်ပေးရန်လည်း ၎င်းက တောင်းဆိုခဲ့သည်။

အာမေးနီးယား ဘက်ကမူ တူရကီ၏ပါဝင်မှုသည် အခြေအနေကို ပိုမိုဆိုးရွားစေသည်ဟုဆိုကာ ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

အခြေအနေ တင်းမာမှုများ လျော့ကျရန်အလို့ငှာ တူရကီနိုင်ငံ၏ လွှမ်းမိုးနိုင်မှုကို အသုံးပြုရန် မျှော်လင့်သည်ဟု နေတိုးအထွေထွေ အတွင်းရေးမှူး စတော့တန်ဘာ့ဂ်က အောက်တိုဘာ ၅ ရက်တွင် ပြောကြားခဲ့သည်။

သို့သော်လည်း တူရကီနိုင်ငံသည် အဇာဘိုင်ဂျန်ဘက်က ဆက်လက်ထောက်ပံ့ပေးဆဲ ဖြစ်ပြီး အပစ်အခတ်ရပ်စဲရေး ရရှိရန်အတွက်မူ မသေချာသေးပေ။

အင်န်အိတ်ချ်ကေ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၃၂ ရက် သာ**

**လိုတော့သည်။**

## နိုင်ငံပြင်ပသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများ မြန်မာသံရုံး ခုနစ်ရုံးတွင် ကြိုတင်ဆန္ဒမဲ ဆက်လက်ပေး

**နေပြည်တော် အောက်တိုဘာ ၆**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံပြင်ပသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများသည် ယနေ့တွင် မြန်မာသံရုံး ခုနစ်ရုံး၌ ဆက်လက်ဆန္ဒမဲပေးခဲ့ကြရာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၇၇၃ ဦး၊ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၂၀၊ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ရှိ မြန်မာသံရုံး၌ မဲဆန္ဒရှင် ခုနစ်ဦး၊ စင်ကာပူနိုင်ငံ စင်ကာပူမြို့ရှိ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၇၀၀ ကျော်ခန့်၊ အစ္စရေးနိုင်ငံ တဲလ်အဗီးမြို့ရှိ မြန်မာသံရုံး၌ မဲဆန္ဒရှင် နှစ်ဦး၊ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၆၉ ဦးနှင့် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၄၁၈ ဦးတို့ ကြိုတင်ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

မြန်မာသံရုံးများ၌ ကြိုတင်ဆန္ဒမဲ လာရောက်ပေးသူများအား သက်ဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးနှင့် စပ်လျဉ်း၍ ချမှတ်ထားသော စည်းကမ်းများနှင့် အညီဖြစ်စေရေး မဲရုံအတွင်းသို့ မဝင်မီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်များဖြင့် စနစ်တကျလက်သန့်စေခြင်း၊ တစ်ခါသုံးလက်အိတ်နှင့် နှာခေါင်းစည်းများ ပံ့ပိုးပေးခြင်းတို့ကို စနစ်တကျစီစဉ်ဆောင်ရွက်ပေးခဲ့ပြီး မဲဆန္ဒရှင်များကလည်း မြန်မာသံရုံးမှ စီစဉ်ဆောင်ရွက်ထားရှိသည့်အတိုင်း လိုက်နာကာ စနစ်တကျ ဆန္ဒမဲများ ပေးခဲ့ကြသည်။

ယနေ့တွင် နီပေါနိုင်ငံ၌ ရောက်ရှိနေသော မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးမှုပြီးဆုံးသဖြင့် စုစုပေါင်း ခုနစ်နိုင်ငံတွင် ပြည်ပရောက် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးမှု ပြီးဆုံးခဲ့ကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ၌ စီစဉ်ထားရှိသည့် နေ့ရက်များတွင် ကြိုတင်ဆန္ဒမဲပေးခြင်းများကို ပြုလုပ်လျက်ရှိရာ အောက်တိုဘာ ၇ ရက်တွင် ဘရာဇီးလ်နိုင်ငံ ဘရာဇီးလျားမြို့ မြန်မာသံရုံးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၌ လည်းကောင်း၊ အောက်တိုဘာ ၈ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ မြန်မာသံရုံးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့တွင် လည်းကောင်း ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်းစဉ်**



အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ မြန်မာသံရုံးတွင် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးပြီး တွေ့ရစဉ်။



ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးတွင် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးရန် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်စဉ်။

## သီပေါမြို့နယ်၌ ရွေးကောက်ပွဲကာလတွင် လုံခြုံရေးဆောင်ရွက်မည့် အထူးရဲသင်တန်းဖွင့်

**သီပေါ အောက်တိုဘာ ၆**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးဆောင်ရွက်မည့် အထူးရဲသင်တန်းဖွင့်ပွဲကို ယမန်နေ့က သာသနာ ၂၅၀၀ တိုက်သစ်ဓမ္မာရုံတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဖြိုးဝေက နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို နိုင်ငံတစ်ဝန်းလုံး တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သဖြင့် ရွေးကောက်ပွဲလုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ အင်အားဖြင့် လုံလောက်မှုမရှိသည့်အတွက် အထူးရဲများကို ခန့်အပ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်းနှင့် ယခုသင်တန်းတွင် အထူးရဲတပ်ဖွဲ့ဝင်များ သိရှိလိုက်နာဆောင်ရွက်ရမည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အခြားသိမှတ်ဖွယ်ရာများ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစံနှုန်းများနှင့် ကြေညာစာတမ်းများ၊ သတင်းမီဒီယာဥပဒေနှင့် အခြေခံစစ်ရေး ပြသခြင်းများကို သင်ကြားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) နှင့် အမှတ် (၂) တို့တွင် လျာထားမဲရုံ ၁၁၁ ရုံရှိပြီး မဲရုံလုံခြုံရေးအတွက် အထူးရဲ ၁၁၁ ဦးကို ခန့်အပ်ပေးသွားမည်ဖြစ်ရာ အထူးရဲများအနေဖြင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ပြည်သူများလုံခြုံစိတ်ချစွာမဲပေးနိုင်ရေးအတွက် လုံခြုံရေးတာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ နယ်မြေခံရဲတပ်ဖွဲ့အနေဖြင့် ရွေးကောက်ပွဲကာလတွင် မဲဆန္ဒရှင်များ မဲမပေးနိုင်အောင်ဟန့်တားမှုများ မဖြစ်ပေါ်စေရေး၊ မဲရုံပရဝဏ်နှင့်ကိုက် ၅၀၀ အတွင်း အသံချဲ့စက်များ ဆူညံစွာဖွင့်လှစ်မှုမရှိစေရေး၊ မူးယစ်သောက်စားရမ်းကားမှုများ မဖြစ်ပေါ်စေရေးအတွက် လှည့်ကင်း၊ ရပ်ကင်းများဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။

**စိုင်း(သီပေါ)**

## ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ အထွေထွေရွေးကောက်ပွဲအတွက် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ၏အမည်စာရင်းများ ဒုတိယအကြိမ် ကြေညာ

**မောင်တော အောက်တိုဘာ ၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ၏အမည်စာရင်းများအား ဒုတိယအကြိမ် ကြေညာထားခြင်းကို အောက်တိုဘာ ၁ ရက်မှ စတင်၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်စုများရှိ ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကပ်ထားကြေညာထားကြောင်း သိရသည်။

အဆိုပါ ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ နောက်ဆုံးအကြိမ်အဖြစ် ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုများရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကပ်ထားကြေညာမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းတွင် မိမိအမည်ပါရှိမှု မရှိပါက ပုံစံ(၃)ဖြင့် ဖြည့်စွက်တောင်းခံနိုင်ခြင်း၊ မဲစာရင်းတွင် အချက်အလက်များ မပြည့်စုံပါက ပုံစံ(၄-က)ဖြင့်လည်းကောင်း၊ မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ (၄)ဖြင့် လည်းကောင်း ပြင်ဆင်ဖြည့်စွက်နိုင်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးမှ သိရသည်။

မောင်တောမြို့နယ်တွင် မဲဆန္ဒနယ် မဲရုံစုစုပေါင်း ၇၁ ရုံ၊ ရပ်ကွက်ကျေးရွာအုပ်စု ၆၁ စုရှိရာ ပထမအကြိမ်ထုတ်ပြန်ခဲ့သည့် ဆန္ဒမဲစာရင်းတွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် အမျိုးသား ၁၄၀၀၉ ဦးနှင့် အမျိုးသမီး ၁၂၂၁၉ ဦး စုစုပေါင်း မဲပေးပိုင်ခွင့်ရှိသူ ဦး ရေ ၂၆၂၂၈ ဦးရှိကြောင်း၊ ၎င်းတို့အား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများပြုလုပ်ကာ စက်တင်ဘာ၂၄ ရက်ထိ ပြုစုထားသည့် ဒုတိယအကြိမ် စာရင်းများအရ ဆန္ဒမဲစာရင်းမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် အမျိုးသား ၁၅၁၀၇ ဦးနှင့် အမျိုးသမီး ၁၂၉၄၇ ဦး စုစုပေါင်း မဲပေးပိုင်ခွင့်ရှိသူ ၂၈၀၅၄ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်အေးမြတ်သူဇာကျော်ထံမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ညောင်လေးပင်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ထုတ်ပြန်ကြေညာ

**ညောင်လေးပင် အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို ဒုတိယအကြိမ်အဖြစ် အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ထုတ်ပြန်ကြေညာပေးထားသည်။

အဆိုပါ မဲဆန္ဒရှင်များကို သတ်မှတ်ရက်အတိုင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြေညာကပ်ထားမည်ဖြစ်ပြီး မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ-၄(က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်း၊ ဆန္ဒမဲစာရင်းတွင် မိမိအမည်မပါရှိပါက ပုံစံ(၃)ဖြင့် အမည်ထည့်သွင်းရန် တောင်းဆိုခြင်း၊ အခြားသောဒေသမှ လာရောက်နေထိုင်သူများအနေဖြင့် ပုံစံ-၃(က)ဖြင့် လျှောက်ထားခြင်း၊ မဲစာရင်းတွင် ပါဝင်ရန်မသင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်းများကို လျှောက်ထားသူများ ရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်စိစစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင်စာရင်းများ လာရောက်ကြည့်ရှုရာ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ညွှန်ကြားချက်အတိုင်း အိမ်ထောင်စုတစ်စုလျှင်တစ်ဦး လာရောက်ကြည့်ရှုကြရန် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အသိပေးနှိုးဆော်ထားပြီး ညောင်လေးပင်မြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသူပေါင်း တစ်သိန်းခြောက်သောင်းကျော်ရှိကာ လျာထားမဲရုံပေါင်း ၁၅၀ မခန့် ထားရှိကြောင်း သိရသည်။

**နေလင်း**

**(ညောင်လေးပင်)**

# ပြည်သူ့ရှေ့ဆောင်ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၆

**ပြည်သူ့ရှေ့ဆောင်ပါတီဥက္ကဋ္ဌ ဒေါက်တာ သက်သက်ခိုင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –**



ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး မင်္ဂလာပါရှင်။

ကျွန်မတို့ရဲ့ ပြည်သူ့ရှေ့ဆောင် ပါတီဟာ မူဝါဒ၊ လုပ်ငန်းလမ်းစဉ်များကို အခြေပြုပြီး ဖွဲ့စည်းတည်ထောင်ထားတဲ့ (Programmatic Party) ဖြစ်တာနဲ့အညီ ပါတီရဲ့ဆောင်ပုဒ်ဖြစ်တဲ့ "လူထုဘဝ အဓိက" ဆိုတဲ့အတိုင်း ပြည်သူလူထုတစ်ရပ်လုံးအတွက် ကောင်းမွန်တဲ့အနာဂတ် တည်ဆောက်ဖို့ ချမှတ်ထားတဲ့မူဝါဒများကို ပြည်သူလူထုတစ်ရပ်လုံးသို့ အပိုင်း (၃)ပိုင်းနဲ့ အစီရင်ခံတင်ပြသွားမှာ ဖြစ်ပါတယ်ရှင်။

ယခုအချိန်ဟာ မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးမှာ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေတာကြောင့် နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှုန်းဟာ ယခင် ၆ ရာခိုင်နှုန်းကျော်ရှိခဲ့ရာမှ ဂ.၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရပြီး နိုင်ငံအတွင်း အလုပ်လက်မဲ့ဦးရေများပြားလာခြင်း၊ ပြည်ပတွင် ရွှေ့ပြောင်းအလုပ်လုပ်ကိုင်သူများ ပြည်တော်ပြန်လာရခြင်း၊ လူငယ်ထုမျိုးဆက်သစ်များမှာလည်း လူမှုကွန်ရက်ပေါ်ရှိ အမြင်မတူမှုများ၊ ပဋိပက္ခများအကြား လမ်းပျောက်နေရခြင်းနဲ့ ကမ္ဘာ့အလယ်မှာ မျက်နှာငယ်နေရခြင်း စတာတွေနဲ့ ရင်ဆိုင်နေရချိန်မှာ လူထုဘဝများအတွက် အဓိကကျတဲ့ **"လူတိုင်းအတွက် ဝင်ငွေ"**၊ **"လူတိုင်းအတွက် အလုပ်အကိုင်"**၊ **"လူတိုင်းအတွက် အနာဂတ်"** ဆိုတဲ့ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့ အကျိုးဝင် သက်ဆိုင်သူအားလုံး ညီညွတ်စွာလက်တွဲဆောင်ရွက်နိုင်မယ့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများကို ချမှတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ရှင်။

## ပြည်သူလူထုကြီးရှင့်

ပထမပိုင်းအနေနဲ့ အိမ်ထောင်စုတိုင်းအတွက် ဝင်ငွေတိုးတက်ရေးဟာ လူတိုင်းတောင့်တနေရတဲ့ လိုအပ်ချက်တစ်ရပ်ဖြစ်တာနဲ့အညီ ပြည်သူ့ ရှေ့ဆောင်ပါတီဟာ လူတိုင်းဝင်ငွေတိုးတက်ရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မယ့် စီးပွားရေး၊ လူမှုရေးမူဝါဒများကို ဦးစားပေး ချမှတ်ရခြင်း ဖြစ်ပါတယ်။ ကျွန်မတို့ပါတီအနေနဲ့ ဥပဒေပြုရေးနဲ့အုပ်ချုပ်ရေးမဏ္ဍိုင်များကတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိခဲ့ပါက တောင်သူများ၊ အလုပ်သမားများနဲ့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများရဲ့ဝင်ငွေနှစ်စဉ်နှစ်ဆယ်ရာခိုင်နှုန်းနဲ့ နိုင်ငံတော်ရဲ့ဝင်ငွေ နှစ်စဉ် နှစ်ဆယ်ရာခိုင်နှုန်းအထိ တိုးတက်ရရှိစေနိုင်မယ်လို့ ရည်မှန်းချက်ထားရှိဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ရှင်။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် လူတိုင်းအတွက် ထိုက်တန်တဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းစေပြီး ဘွဲ့ရပညာတတ်လူငယ်တိုင်း ဘွဲ့ရအပြီး နှစ်နှစ်အတွင်း အလုပ်အကိုင်ရရှိရေး၊ ငါးသန်းခန့်ရှိတဲ့ မြို့ရွာဒေသမှ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်နေတဲ့ လူငယ်တိုင်း စိတ်ချလုံခြုံပြီး ဂုဏ်သိက္ခာရှိတဲ့ ပြည်တွင်းပြည်ပအလုပ်အကိုင်များရရှိရေး၊ အချိန်တိုအတွင်း နေရပ်မှာပြန်လည်အခြေချအသက်မွေးဝမ်းကျောင်းပြုနိုင်ရေးနဲ့ ပညာဆက်လက်သင်ကြားခြင်းမပြုနိုင်တဲ့ လူငယ်တိုင်းအတွက် အသက်မွေးဝမ်းကျောင်းပညာတစ်ခုခု တတ်မြောက်သည်အထိ နိုင်ငံတော်က တာဝန်ယူဆောင်ရွက်ပေးရေးတို့ကို ဖော်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်ရှင်။

ဒါ့အပြင် မျိုးဆက်သစ်လူငယ်တိုင်းအတွက် လှပတဲ့အနာဂတ်ကို ဖန်တီးနိုင်ဖို့ အောက်ဖော်ပြပါ စီးပွားရေးနဲ့လူမှုရေးမူဝါဒရည်မှန်းချက်များကို လွှတ်တော်အတွင်း ဆွေးနွေးအတည်ပြုခြင်းနဲ့ အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်–

(က) သန်းနှစ်ဆယ်သော တောင်သူများရဲ့ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍအတွက် မြေအသုံးချရေး၊ စိုက်ပျိုးစရိတ်ချေးငွေ၊ မျိုးစေ့၊ ဓာတ်မြေသြဇာ စတဲ့သွင်းအားစုများ အချိန်မီရရှိနိုင်ရေး၊ ထိရောက်တဲ့ သုတေသနလုပ်ငန်းများကတစ်ဆင့် ဈေးကွက်နဲ့ချိတ်ဆက်ထားပြီး ကဏ္ဍအလိုက် တန်ဖိုးမြှင့်ထုတ်လုပ်ခြင်း ကွင်းဆက်များပေါ်ထွန်းလာစေရေး၊

(ခ) နှစ်သန်းသော စက်မှုလက်မှုလုပ်သားများအတွက် အထူးစီးပွားရေးဇုန်များ၊ နယ်စပ်စီးပွားရေးဇုန်များ တည်ဆောက်ပြီး ဒေသတွင်းချိတ်ဆက်မှုပိုမိုကောင်းမွန်ရာကတစ်ဆင့် နိုင်ငံတကာကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်စေရေး၊

(ဂ) သယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းနိုင်ဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစံများနဲ့အညီ တူးဖော်ထုတ်လုပ်ခြင်းနဲ့ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းအားဖြင့် မျိုးဆက်သစ်များအတွက် အာမခံချက်ရှိစေရေး၊

(ဃ) မှတ်ပုံတင်ပြီးသော လုပ်ငန်း ၇ သောင်းကျော်နဲ့ မှတ်ပုံတင်ထားခြင်းမရှိသေးတဲ့ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် စက်မှုတော်လှန်ရေး အဆင့်ဆင့်ကို အမြန်ဆုံး အမီလိုက်နိုင်ဖို့ စက်မှုကဏ္ဍနဲ့ဆိုင်တဲ့မူဝါဒများ ချမှတ်အကောင်အထည်ဖော်ခြင်းဖြင့် ဒေသတွင်းနိုင်ငံများနဲ့ ရင်ပေါင်တန်းနိုင်စေရေး၊

(င) အစိုးရ-ပုဂ္ဂလိက အကျိုးတူလုပ်ငန်းများ ပိုမိုအားပေးရန်နဲ့ ယင်းအတွက် ဝန်ဆောင်မှုစုပေါင်းရုံးတစ်ခု ဖွင့်လှစ်နိုင်ရေး၊

(စ) နိုင်ငံတော်ရဲ့ အခွန်ဝင်ငွေ မလျော့နည်းစေဘဲ ပြည်သူများ အခွန်ဝန်ထုပ်ဝန်ပိုးမဖြစ်စေဖို့ အခွန်ထမ်းအခြေကို တိုးချဲ့ပြီး အခွန်နှုန်းထားများကို လျှော့ချရေး၊

(ဆ) ဖွံ့ဖြိုးရေးမှတစ်ဆင့် ယုံကြည်မှုနဲ့ ငြိမ်းချမ်းရေးတည်ဆောက်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဘုံလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရေး၊

(ဇ) နိုင်ငံ့ဝန်ထမ်းစနစ်အား စွမ်းဆောင်ရည်၊ ပညာအရည်အချင်း၊ ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံအလိုက် ထိုက်တန်တဲ့ခံစားခွင့်နဲ့ ရာထူးတိုးခွင့်ရရှိနိုင်မယ့် နောင်ရေးအာမခံစနစ်၊ ပညာတော်သင်စနစ်နဲ့ အပိုဆုကြေး စနစ်များ ထူထောင်ရေး၊

(ဈ) လူတိုင်းအတွက် အိမ်ရာပိုင်ဆိုင်ခွင့်ရရှိစေဖို့ ဝန်ထမ်းများ နှစ်ရှည်ချေးငွေစနစ်နဲ့ အိမ်ဝယ်ပိုင်ခွင့်၊ လုပ်သားများအတွက် အငှားအိမ်ရာစနစ် ခံစားပိုင်ခွင့်၊ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ အိမ်ရာစနစ်ထူထောင်နိုင်ရန် နှစ်ရှည်အိမ်ရာ ချေးငွေလျှော့ထားခွင့်များကို စနစ်တကျ ဆောင်ရွက်သွားရေး၊

(ည) တည်ဆဲစက်မှုဇုန်များကို ခေတ်နဲ့အညီ အဆင့်မြှင့်တင်ပြီး ရေရှည်တည်တံ့မယ့် မြို့ပြ စီမံကိန်းများကို ဌာနပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ၊ အလွှာအသီးသီးနဲ့ ပေါင်းစပ်ညှိနှိုင်းဖော်ဆောင်ရေး၊

(ဋ) ပြည်သူတိုင်း လျှပ်စစ်မီး၊ သောက်သုံးရေနဲ့ အခြားပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို သင့်တင့်တဲ့အခနှုန်းထားနဲ့ လုံလောက်စွာရယူသုံးစွဲနိုင်ရေး၊

(ဌ) မသန်စွမ်းများ၊ ထိခိုက်နစ်နာလွယ်သူများ၊ လူမှုရေးအရခွဲခြားဆက်ဆံခံရနိုင်သူများကို ထိရောက်စွာကာကွယ်ပေးနိုင်မယ့် လူမှုကာကွယ်ရေးစနစ်များ ချမှတ်အကောင်အထည်ဖော်ရေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ရှင်။

## ပြည်သူလူထုကြီးရှင့်

ဒုတိယပိုင်းအနေနဲ့ ကျွန်မတို့ ပြည်သူ့ရှေ့ဆောင်ပါတီဟာ နယ်ပယ်ဒေသအသီးသီးက မဟာမိတ်အဖွဲ့အစည်းများ၊ အားပေးထောက်ခံသူများနဲ့ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်စနစ် ထွန်းကားရေးဦးတည်ချက်အား ဆောင်ရွက်လျက်ရှိတဲ့ တိုင်းရင်းသားပါတီများနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အောက်ဖော်ပြပါ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများကို ရေးဆွဲချမှတ်ထားရှိပါကြောင်း ပြည်သူလူထု တစ်ရပ်လုံးသို့ အစီရင်ခံတင်ပြအပ်ပါတယ်ရှင်–

(က) တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် အားသာချက်များအပေါ်မူတည်ပြီး ဒေသဆိုင်ရာဖွံ့ဖြိုးမှု မူဝါဒနဲ့ မဟာဗျူဟာများရေးဆွဲ၍ ပြည်ထောင်စုအဆင့် ဖွံ့ဖြိုးရေးမူဝါဒများနဲ့ ပေါင်းစပ်ညှိနှိုင်းဖော်ထုတ်သွားရန်၊

(ခ) ဖက်ဒရယ်မူအား အခြေခံဥပဒေအရ ချဉ်းကပ်မှုအပြင် ပိုမိုလက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မယ့် စီးပွားရေးမူဝါဒရေးရာ ချဉ်းကပ်မှုဖြင့် ပြည်နယ်နဲ့ တိုင်းဒေသကြီးများအကြား ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ရပ်တည်နေရတဲ့ စီးပွားရေးကဏ္ဍကြီးများ ပိုမိုဖွံ့ဖြိုးတိုးတက်စေမယ့် ဘုံလုပ်ငန်းစဉ်များကို ဖော်ထုတ်သတ်မှတ်သွားရန်၊

(ဂ) တိုင်းရင်းသားလူမျိုးများအားလုံးရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ တန်းတူညီမျှမှုရရှိရေး၊ စာပေ၊ ယဉ်ကျေးမှုရှင်သန်ထွန်းကားရေးတို့အတွက် မိခင်တိုင်းရင်းသားဘာသာစကား သင်ကြားပိုင်ခွင့်အပါအဝင် နိုင်ငံတကာအတွေ့အကြုံများကို သင်ခန်းစာယူပြီး သုတေသနတွေ့ရှိချက်များအပေါ်မူတည်၍ ရှေ့ပြေးစီမံချက်များ အကောင်အထည်ဖော်မှုကို သုံးသပ်ကာ မူဝါဒများ ချမှတ်ဆောင်ရွက်သွားရန်၊

(ဃ) တိုင်းရင်းသားဒေသများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကိုယ်ပိုင်ရပ်တည်နိုင်မှုကို အထောက်အကူပြုမယ့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ဘဏ္ဍာရန်ပုံငွေလျာထားပိုင်ခွင့်၊ နယ်စပ်ဒေသကုန်သွယ်ရေးစခန်းများမှ ရရှိနိုင်မယ့် အကောက်ခွန်နဲ့ အခြားအခွန်များ ခွဲဝေသုံးစွဲရေး စတဲ့ဘဏ္ဍာရေးမူဝါဒများနဲ့ စည်းမျဉ်းစည်းကမ်းများကို ပြန်လည်သုံးသပ်ပြင်ဆင်သွားရန်၊

(င) တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားလူမျိုးများ အားလုံး အတူတကွ ကြုံတွေ့နေရတဲ့ အမျိုးသားစိန်ခေါ်မှုကြီးများဖြစ်တဲ့ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်မှု၊ မူးယစ်ဆေးဝါးအန္တရာယ်နဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးပြုန်းတီးမှုဆိုင်ရာပြဿနာများကို စုပေါင်းအဖြေရှာသွားရန်၊

(စ) ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားလူမျိုးများအားလုံး အတူတကွ ရရှိလာတဲ့ ပြည်ထောင်စုအဆင့် စီးပွားရေးအခွင့်အလမ်းများဖြစ်တဲ့ အာရှအမြန်လမ်းမကြီးစီမံကိန်းနဲ့ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများမှာ ပြည်နယ်အသီးသီးနဲ့ တိုင်းဒေသကြီးအသီးသီးရှိ စင်္ကြံမြို့များတစ်လျှောက် ဟန်ချက်ညီညီချိတ်ဆက်နိုင်မယ့် မဟာဗျူဟာနဲ့ နည်းဗျူဟာများကို ပူးပေါင်းဖော်ထုတ်သွားရန်၊

(ဆ) တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ မိမိတို့ဒေသရဲ့ အားသာချက်နဲ့ အခွင့်အလမ်းများအပေါ်မူတည်ပြီး ဦးစားပေးဆောင်ရွက်မယ့် ထုတ်ကုန်အမယ် သတ်မှတ်ဆောင်ရွက်ရေး မဟာဗျူဟာအတွက် လိုအပ်မယ့် စီးပွားရေး မူဝါဒများ ချမှတ်ရေးဆွဲသွားရန်တို့ ဖြစ်ပါတယ်ရှင့်။

## ပြည်သူလူထုကြီးရှင့်

တတိယအချက်အနေနဲ့ တင်ပြလိုတာကတော့ အထက်ပါလူမှုရေးနှင့် စီးပွားရေး မူဝါဒများကို ကောင်းမွန်စွာအကောင်အထည်ဖော်ခြင်းအပြင် ကျွန်မတို့ ပြည်သူ့ရှေ့ဆောင်ပါတီဟာ လာမယ့် ပြည်ထောင်စုလွှတ်တော်မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား အောက်ပါအတိုင်း အဆင့်ဆင့် ပြင်ဆင်နိုင်ဖို့ သက်ဆိုင်သူအားလုံးနဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ရှင့်။

ဒီမိုကရေစီစနစ် ပြည့်ဝခိုင်မာစွာ ထွန်းကားရေးနဲ့ ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးကို နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုလွှတ်တော်၊ အုပ်ချုပ်ရေးအာဏာပိုင်အစိုးရ၊ တရားလွှတ်တော်နဲ့ တရားလွှတ်တော်ချုပ်တို့ရဲ့ ဆောင်ရွက်ချက်များဟာ အခြေခံဥပဒေနဲ့ ကိုက်ညီခြင်းရှိ မရှိ စိစစ်ခြင်း၊ ယင်းတို့အကြား အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းခြင်း၊ ထိုသို့ အငြင်းပွားဖွယ်ရာရှိတဲ့ ဥပဒေပြဋ္ဌာန်းချက်များကို ပြင်ဆင်နိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ အကြံပြုခြင်း စတဲ့လုပ်ငန်းများကို ကျွမ်းကျင်မှန်ကန်စွာ ဆောင်ရွက်သွားနိုင်ရေး လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်ရှင်။

ဖက်ဒရယ်ပြည်ထောင်စုစနစ် ကောင်းမွန်လျင်မြန်စွာပေါ်ထွန်းလာရေးနဲ့ ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များရဲ့ လုပ်ပိုင်ခွင့်နဲ့ တာဝန်ဝတ္တရားများကို အောက်ပါအတိုင်း ပြင်ဆင်နိုင်ရန်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ် –

စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးနဲ့ လုံလောက်တဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများကို ယခုထက် ပိုမိုလုပ်ကိုင်ခွင့်ရရှိစေဖို့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဥပဒေပြုစာရင်း (ဇယား-၁)၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဥပဒေပြုစာရင်း (ဇယား-၂)နဲ့ အခြားဥပဒေပြုစာရင်းများဖြစ်တဲ့ (ဇယား-၃ နဲ့ ၅)တို့ကို လက်တွေ့ကျကျ ပြင်ဆင်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ရှင်။

နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနဲ့ နယ်နိမိတ်တည်တံ့ရေးကို အကာအကွယ်ပေးဖို့ ခေတ်မီပြီး စွမ်းဆောင်ရည်ရှိတဲ့ တပ်မတော်အဖွဲ့အစည်းခိုင်မာစွာရပ်တည်နိုင်ရေးအတွက် အောက်ဖော်ပြပါ လုံလောက်တဲ့အာမခံချက်များနဲ့ တပ်မတော်ရဲ့ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍကို ငြိမ်းချမ်းရေး ဆွေးနွေးမှုရလဒ်များအပေါ် မူတည်ပြီး အောက်ပါအတိုင်းပြင်ဆင်နိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်–

(က) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းတဲ့ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးများကို နိုင်ငံတော်သမ္မတက အတည်ပြုခန့်အပ်ပြီးတာနဲ့ စစ်ဘက်မှ အရပ်ဘက်သို့ ပြောင်းလဲ တာဝန်ထမ်းဆောင်စေခြင်းဖြင့် ကောင်းမွန်တဲ့ အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးတည်ဆောက်သွားရန်။

(ခ) အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို အထူးပြုဆွေးနွေးညှိနှိုင်းဖို့ ပြည်ထောင်စုလွှတ်တော်မှာ တပ်မတော်သားကိုယ်စားလှယ်များနဲ့ ရွေးကောက်ခံကိုယ်စားလှယ်များ အရေအတွက်မျှတစွာပါဝင်တဲ့ လွှတ်တော်ရေးရာကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားရန်၊

(ဂ) တစ်ဖက်မှာလည်း နိုင်ငံတော်ရဲ့ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော်သားများက ပါဝင်ဆောင်ရွက်နေမှုကြောင့် ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ မူလတာဝန်များထမ်းဆောင်မှု မလစ်ဟာစေဖို့ လွှတ်တော်အသီးသီးမှာ တပ်မတော်သားကိုယ်စားလှယ်များပါဝင်နေမှုကို ငြိမ်းချမ်းရေးဆွေးနွေးခြင်း ရလဒ်များအပေါ်မူတည်ပြီး အဆင့်ဆင့်လျှော့ချသွားရန် အကြံပြုသွားမှာဖြစ်ပါတယ်ရှင့်။

ဒါ့အပြင် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းလာစေရန်နဲ့ ဒီမိုကရေစီစနစ် ရှင်သန်အားကောင်းလာစေရန်အတွက် အရေးပါလှသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရဲ့ စုဖွဲ့မှုကို အနှစ်သာရရှိရှိ ခိုင်မာစွာဆောင်ရွက်နိုင်ရေး တိကျပြတ်သားသောလုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ စီးပွားရေးစနစ်ဖြစ်တဲ့ ဈေးကွက်စီးပွားရေးစနစ် အောင်မြင်စွာ ထွန်းကားပြီး နိုင်ငံသားတိုင်းရဲ့ ဝင်ငွေတိုးတက်ရေး၊ အလုပ်အကိုင်ရရှိရေး၊ အနာဂတ်လူနေမှုအဆင့်အတန်းအား ဒေသတွင်းနိုင်ငံများနဲ့ ရင်ပေါင်တန်းနိုင်စေရေးတို့အတွက် နိုင်ငံတော်ရဲ့ အခန်းကဏ္ဍနဲ့တာဝန်များကို တိကျစွာသတ်မှတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ရှင်။

## ပြည်သူလူထုကြီးရှင့်

နောက်ဆုံးအချက်အနေနဲ့ နိုင်ငံတော်မှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားလာစေဖို့ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနဲ့ တူညီသောအခွင့်အလမ်းများကို နိုင်ငံသားတိုင်း လက်လှမ်းမီစေဖို့ လိုအပ်နေတဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်တောင်းဆိုဆောင်ရွက်သွားမယ့်အပြင် အတိတ်မှာဖြစ်ပွားခဲ့တဲ့ တရားမျှတမှု ကျိုးပေါက်ခဲ့ရခြင်းများကို အပြုသဘောဆောင်တဲ့ တရားမျှတမှု ပြန်လည်ပေါင်းစည်းပေးရေးမှုနဲ့ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း အစီရင်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့်။

မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေရှင်။

# ရှမ်းနီ(တိုင်းလျှန်) သွေးစည်းညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၆

**ရှမ်းနီ(တိုင်းလျှန်) သွေးစည်းညီညွတ်ရေးပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး ဦးစိုင်းနိုင်နိုင်ကျော်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –**



မိဘပြည်သူများနှင့်တကွ ရှမ်းနီ(တိုင်းလျှန်) မျိုးနွယ်စုများနှင့် အတူနေ ညီနောင်တိုင်းရင်းသားများအားလုံး ကမ္ဘာ့ကပ်ရောဂါ (COVID–19)မှ ကင်းရှင်းကြပါစေ။ ပြည့်ဝလုံခြုံသော လူမှုဘဝများကိုလည်း တည်ဆောက်နိုင်ကြပါစေလို့ ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းနီ(တိုင်းလျှန်) သွေးစည်းညီညွတ်ရေးပါတီ (ဗဟိုကော်မတီ၊ အထွေထွေအတွင်းရေးမှူး ) ဦးစိုင်းနိုင်နိုင်ကျော် ဖြစ်ပါတယ်။

**❖ မိဘပြည်သူအပေါင်းတို့ခင်ဗျား**

ကျွန်တော်တို့ ရှမ်းနီ(တိုင်းလျှန်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုဝင် အပေါင်းတို့ဟာ လွန်ခဲ့တဲ့ ရာစုနှစ်ပေါင်းများစွာကတည်းက မြန်မာနိုင်ငံအတွင်း ဝင်ရောက်အခြေချနေထိုင်ခဲ့ကြပြီး ဖြစ်ပါတယ်။ ဒီလို အခြေချနေထိုင်ရာမှာ ကျွန်တော်တို့ ဘိုးဘေးဘီဘင်တွေဟာ နယ်သစ်၊ ပယ်သစ် ရှာဖွေတွေ့ရှိပြီး ခုတ်ထွင်ရှင်းလင်းကာ ခေးမဦးချ အခြေချနေထိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် အုပ်ချုပ်မှုအတတ်ပညာတွေလည်း အဲဒီကတည်းက အဆင့်မြင့် ထွန်းကားနေခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းနီ(တိုင်းလျှန်)နှင့် မြောက်ပိုင်း ရှမ်း မျိုးနွယ်စုများ အခြေချနေထိုင်လျက်ရှိတဲ့ ဒေသတွေကတော့ စစ်ကိုင်းတိုင်းမြောက်ပိုင်းမှာ ကလေး၊ တမူး၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ခန္တီး၊ နန်းယွန်း၊ ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ဝန်းသို၊ ကောလင်း၊ ပင်လည်ဘူး၊ ဗန်းမောက်တို့ဖြစ်ကြပြီး ကချင်ပြည်နယ်မှာ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ ပိုင်းမော်၊ မြစ်ကြီးနား၊ တနိုင်း၊ ဗန်းမော်၊ ရွှေကူ၊ မိုးမောက်၊ မံစီတို့ဖြစ်ကာ ရှမ်းပြည်မြောက်ပိုင်းမှာ မိုးမိတ်၊ မဘိမ်းဒေသများပဲ ဖြစ်ကြပါတယ်။

နယ်ချဲ့ဆန့်ကျင်ရေးခေတ်မှာ ကျွန်တော်တို့ရှမ်းနီတွေဟာ ဝန်းသိုစော်ဘွား ဦးအောင်မြတ် ဦးဆောင်ပြီး နယ်ချဲ့အင်္ဂလိပ်တွေကို ခုခံတိုက်ခိုက်ခဲ့ကြပါတယ်။ နယ်ချဲ့တော်လှန်ရေးနှင့် ဖက်ဆစ်ဆန့်ကျင်ရေးတွေမှာ အသက်သွေးချွေးတွေကို ပဓာနမထားဘဲ စွမ်းစွမ်းတမံ တော်လှန်တိုက်ခိုက်ခဲ့ကြလို့ နိုင်ငံတော်က မော်ကွန်းဝင်ဆုတံဆိပ်ပေါင်း (၇၀)ကျော် ချီးမြှင့်ပြီး အသိအမှတ်ပြုခဲ့ပါတယ်။

လွတ်လပ်ရေးရပြီး ရောင်စုံသောင်းကျန်းသူခေတ်မှာ ကျွန်တော်တို့ ရှမ်းနီအပါအဝင် မြောက်ပိုင်းမျိုးနွယ်စုဝင်တွေဟာ လက်နက်ကိုင်ဆန့်ကျင်ခြင်း မပြုခဲ့ဘဲ နိုင်ငံတော်နှင့် ဒိုးတူပေါင်ဖက် တစ်သားတည်း နေထိုင်ခဲ့ကြတာပဲ ဖြစ်ပါတယ်။

**❖ မိဘပြည်သူအပေါင်းတို့ခင်ဗျား**

ယခုကဲ့သို့ ကျွန်တော်တို့ ရှမ်းနီလူမျိုးများဟာ ပြည်ထောင်စုအပေါ်မှာ သစ္စာစောင့်သိတာဝန်ကျေပွန်ခဲ့ပေမယ့် အခြားအတူနေ တိုင်းရင်းသားများကဲ့သို့ နိုင်ငံရေးအခွင့်အလမ်း တန်းတူညီမျှမှု မရရှိခဲ့သေးပါဘူး။

ဒါ့ကြောင့် တိုင်းရင်းသားများနည်းတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိဖို့၊ ကိုယ့်လူမျိုးအမည်မှန်ကို နိုင်ငံသားစိစစ်ရေးကတ်ပြားမှာ ထည့်သွင်းနိုင်ဖို့ ကျွန်တော်တို့ပါတီက စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ကို တရားဝင်တင်ပြတောင်းခံသွားနိုင်ဖို့ပဲ လိုအပ်ပါတယ်။ ဒါ့ကြောင့်မို့ ကျွန်တော်တို့နဲ့ ပူးပေါင်းကြပါ၊ အားပေးကြပါ၊ ထောက်ခံကြပါလို့ နှိုးဆော်တိုက်တွန်းအပ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ မူဝါဒ၊ ရှေ့လုပ်ငန်းစဉ်တို့နဲ့ပတ်သက်ပြီး ပါတီမှ တာဝန်ပေးချက်အရ ပါတီရဲ့နောက်ခံသမိုင်း၊ မူဝါဒများနဲ့ ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်များကို မိဘပြည်သူများအား အသိပေးတင်ပြသွားမှာ ဖြစ်ပါတယ်။

**❖ မိဘပြည်သူအပေါင်းတို့ခင်ဗျား**

သမိုင်းအရ တစုတစည်းတည်းရှိနေတဲ့ ကျွန်တော်တို့ ရှမ်းနီလူမျိုးများ နေထိုင်ရာဒေသတစ်ခုလုံးဟာ ၁၉၄၈ ခုနှစ် ပါလီမန်လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အရ ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းအတွင်းကို နယ်မြေခွဲဝေ သတ်မှတ်ခံခဲ့ရပါတယ်။ ကျွန်တော်တို့နေထိုင်ရာ ဒေသဟာ ခေတ်အဆက်ဆက် အစိုးရများရဲ့ အုပ်ချုပ်ရေးပုံစံများကြောင့် ရေမြေတစ်ဆက်တစ်စပ်တည်းရှိသော်လည်း ခွဲခြားအုပ်ချုပ်ခံခဲ့ရပြီး တစုတစည်းတည်း နေထိုင်ခွင့်၊ လူမျိုးစုများ ပူးပေါင်းဆောင်ရွက်ခွင့်များ ပျောက်ဆုံးခဲ့ရပါတယ်။

ဒါ့ကြောင့် ၁၉၆၀ ခုနှစ်နောက်ပိုင်း ပေါ်ပေါက်ခဲ့တဲ့ လက်နက်ကိုင်တိုက်ပွဲများနဲ့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြမ်းတမ်းမှုကြောင့် နယ်မြေတစ်ခုနဲ့ တစ်ခုဆက်စပ်မှု ကင်းကွာခဲ့ပြီး ကျွန်တော်တို့ရဲ့ရှမ်းနီနဲ့ မြောက်ပိုင်းရှမ်းမျိုးနွယ်စုများအတွက် တိုင်းရင်းသားအခွင့်အရေး ၊ နိုင်ငံရေးအခွင့်အလမ်း ၊ ကိုယ့်လူမျိုးအတွက် ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်မှု အခွင့်အရေးများ ဆုံးရှုံးခဲ့ရပါတယ်။

အကျိုးဆက်ကတော့ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားအခွင့်အရေး အစရှိတဲ့ဘက်ပေါင်းစုံမှာ အောက်ကျနောက်ကျ ချွတ်ခြုံကျခဲ့ရတယ်လို့ ဆိုချင်ပါတယ်။ နယ်မြေဒေသအခြေအနေ မတည်ငြိမ်မှုနဲ့ နိုင်ငံရေးစနစ်များအောက်မှာ မဖွံ့ဖြိုးမှု၊ ကြောက်ရွံ့မှု၊ မလုံခြုံမှု၊ ဆင်းရဲမှု၊ အသိပညာ အားနည်းမှု၊ ကျန်းမာရေးချို့တဲ့မှုများနဲ့ ကျွန်တော်တို့ ရှမ်းနီလူမျိုးများ၊ ဒေသခံပြည်သူလူထုများ ယနေ့တိုင် ရင်ဆိုင်နေကြရဆဲ ဖြစ်ပါတယ်။

အတိုချုပ်ပြောရရင် အထက်ပါအခြေအနေ၊ အဖြစ်အပျက်များကို အကြောင်းခံပြီး ကျွန်တော်တို့နေထိုင်ရာဒေသ၊ ကျွန်တော်တို့ ရှမ်းနီမျိုးနွယ်စုများနဲ့ ဒေသခံပြည်သူများအတွက် နောက်ထပ်မတွေ့ကြုံ၊ မခံစားရလေအောင် ဒီလို အဆိုးသံသရာဖြစ်စဉ်မှ လွတ်မြောက်အောင် ကျွန်တော်တို့ရဲ့ “(S.S.P–ပါတီ) ဖြစ်ပေါ်လာခဲ့တာဖြစ်ပါကြောင်း မိဘပြည်သူများကို လေးစားစွာ တင်ပြအပ်ပါတယ်။

**❖ မိဘပြည်သူများခင်ဗျား**

ဆက်လက်ပြီးတော့ ကျွန်တော်တို့ S.S.P ပါတီရဲ့ ရည်ရွယ်ချက်၊ မူဝါဒများနဲ့ ရှေ့လုပ်ငန်းစဉ်များကို အကျဉ်းချုံးတင်ပြသွားမှာ ဖြစ်ပါတယ်။

**➢ ရည်ရွယ်ချက်တွေကတော့**

(က) နိုင်ငံသားအားလုံး၏ အခြေခံလူ့အခွင့်အရေးများကို အာမခံနိုင်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးအား ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ရန်၊

( ခ ) နိုင်ငံတော်ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်ရေးအတွက် ပါဝင်ဆောင်ရွက်ရန်။

( ဂ ) ဒေသခံတိုင်းရင်းသားများအချင်းချင်း ယှဉ်တွဲနေထိုင်၍ နေထိုင်ရာဒေသ၏ အကျိုးစီးပွားများကိုပူးပေါင်းဆောင်ရွက်ပြီး မိမိတို့၏ အမျိုးသားရေး ရည်မှန်းချက်များကို ဖော်ထုတ်ဆောင်ရွက်ရန်။

(ဃ) ပျောက်ကွယ်နေပြီဖြစ်သော တိုင်းရင်းသားတို့၏ အမျိုးသားရေး လက္ခဏာ ပြန်လည်ဖော်ဆောင်နိုင်ရေးနှင့် သမိုင်းအမွေအနှစ်၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ထိန်းသိမ်းစောင့်ရှောက်ရန်။

( င ) အမည်နာမနှင့် နေရာဒေသကွဲပြားနေသော မိမိတို့၏ အမျိုးသားများအားလုံး ပြန်လည်စုစည်းပြီး အမျိုးသားစည်းလုံးညီညွတ်ရေးအား တည်ဆောက်ရန်။

( စ ) ပြောင်းလဲနေသော မြန်မာ့နိုင်ငံရေး အခြေအနေပေါ် မူတည်၍ ရှမ်းနီနှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ၏ အမျိုးသားအကျိုးစီးပွားအား ဖော်ဆောင်ရယူရန်။

(ဆ) မငြိမ်းချမ်းမှု၊ မတည်ငြိမ်မှုကြောင့်ဖြစ်ပေါ်လာသော မတရားဖိနှိပ်မှု၊ ဆက်ကြေးကောက်ခံမှု၊ လူသူစုဆောင်းမှု၊ အဓမ္မညှဉ်းပန်းနှိပ်စက်မှုများအား နိုင်ငံရေးနည်းလမ်းဖြင့် ကာကွယ်စောင့်ရှောက်ရန်။

**➢ ပါတီ၏မူဝါဒသဘောတရားများ**

(က) ဒီမိုကရေစီနည်းလမ်းအရ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်နိုင်မှသာ၊ တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်သော တရားမျှတမှုနှင့် တန်းတူညီမျှသော နိုင်ငံတော် ဖြစ်ပေါ်မည်ဟု ယုံကြည်သည်။

( ခ ) မိမိတို့နေထိုင်ရာဒေသအလိုက် သော်လည်းကောင်း ၊ နိုင်ငံတော်တစ်ဝှမ်းလုံး၌သော်လည်းကောင်း ၊ တည်ငြိမ်အေးချမ်းမှု ၊ တရားဥပဒေစိုးမိုးမှု အပြည့်အဝရရှိနိုင်ရန် ရည်ရွယ်သည်။

( ဂ ) နိုင်ငံတော်၌သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း၊ တိုင်းရင်းသားများအချင်းချင်း အေးချမ်းစွာအတူယှဉ်တွဲနေထိုင်ပြီး တစ်ဦးနှင့် တစ်ဦး ယုံကြည်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှုများအား လက်ကိုင်ထား၍ ဒေသအကျိုးစီးပွား၊ နိုင်ငံတော်အကျိုးစီးပွားများအား ဖော်ဆောင်နိုင်ရန် ရည်မှန်းသည်။

(ဃ) တိုင်းရင်းသားအရေးကိစ္စအား စစ်မှန်သောစေတနာဖြင့် အမှန်တကယ် ဦးဆောင် ဆောင်ရွက်မည့်ပါတီ ဖြစ်ပေါ်လာရေး၊ တိုင်းရင်းသား (လူနည်းစု) မျိုးနွယ်စုများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန် ပါတီ၏ အဓိကမူဝါဒအဖြစ် သတ်မှတ်သည်။

( င ) မိမိတို့ရှမ်းနီနှင့် ရှမ်းမျိုးနွယ်စုများ အကျိုးစီးပွားအတွက် တိုင်းရင်းသား ပါတီအဖွဲ့အစည်းများ ဒေသအလိုက်တည်ရှိနေသော လူမှုရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်မည်။

( စ ) မည်သည့်ပါတီ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်မခွဲခြားဘဲ ပါတီမူဝါဒ သဘောတရားများနှင့်အညီ တိုင်းရင်းသားအရေး၊ ဒေသအရေး၊ နိုင်ငံ့အရေး ကိစ္စများအား ပူးပေါင်းဆောင်ရွက်မည်။

(ဆ) ရှမ်းနီနှင့် မြောက်ပိုင်း ရှမ်းမျိုးနွယ်စုများ၏ အရေးကိစ္စများအား ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ဆန္ဒရှိသည့် မည်သည့်ပုဂ္ဂိုလ်မဆို၊ လူမျိုး၊ ဘာသာမရွေး ပါတီမှ ပါတီဝင်အဖြစ် လက်ခံမည်။




( ဇ ) နိုင်ငံရေးမဟာမိတ်မူဝါဒကို လက်ခံကျင့်သုံးမည်။

**❖ မိဘပြည်သူများခင်ဗျာ**

ကျွန်တော်တို့ ရှမ်းနီ(တိုင်းလျှန်)နဲ့ မြောက်ပိုင်း ရှမ်းမျိုးနွယ်စုများနေထိုင်တဲ့ ဒေသများဟာ တည်ငြိမ်အေးချမ်းမှု မရှိသေးဘဲ ယနေ့ထက်တိုင် လက်နက်ကိုင်တိုက်ပွဲများ မစဲနိုင်သေးတာ မိဘပြည်သူများလည်း သိပြီးဖြစ်မှာပါ။ ဒီလိုကာလ၊ ဒီလိုအခြေအနေမျိုးမှာ ကျွန်တော်တို့ လူမျိုးစုများ၊ ဒေသခံလူထုများအတွက် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းဆိုတဲ့ အခွင့်အရေးများကို မမျှော်လင့်နိုင်တဲ့အပြင် ဒေသအကျိုးစီးပွား၊ နိုင်ငံ့အကျိုးစီးပွားလို့ ဆိုရမှာဖြစ်တဲ့ စီးပွားရေးလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ သယံဇာတတူးဖော်ထုတ်လုပ်ရေး၊ နယ်စပ်ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း အစရှိတဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ဖို့ အခွင့်အလမ်းနည်းပါးနေတာကိုလည်း နားလည်နိုင်မှာပါ။ ဒါ့အပြင်အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေး၊ ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်းတည်ဆောက်ရေး၊ လျှပ်စစ်မီးရရှိရေး၊ စက်မှုလုပ်ငန်းများ တည်ထောင်ရေးအစရှိတဲ့ လုပ်ငန်းများကို တည်ထောင်၊ ဆောက်လုပ်နိုင်မှာ မဟုတ်ပါ။ ဒါတွေကို အကောင်အထည်ဖော်နိုင်ဖို့ဆိုလျှင် ပထမဦးစွာ လိုအပ်တာက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ လက်နက်ကိုင် တိုက်ပွဲများရပ်စဲရေး တစ်နည်းပြောရရင် ငြိမ်းချမ်းရေးဟာ ကျွန်တော်တို့အတွက် အဓိကအရေးအကြီးဆုံး၊ ဦးစားပေးရမယ့် လုပ်ငန်းဖြစ်တယ်လို့ ကျွန်တော်တို့ပါတီက ခံယူထားပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့ (S.S.P) ပါတီအနေဖြင့် အမျိုးသားနိုင်ငံရေး လုပ်ငန်းစဉ် (၄)ရပ် ချမှတ်ပြီး ဆောင်ရွက်နေပါတယ်။

နံပါတ်(၁)လုပ်ငန်းစဉ်အနေဖြင့် ရှမ်းနီလူမျိုးများနှင့် အတူနေတိုင်းရင်းသားများ၏ တစ်ဦးချင်းဘဝ တိုးတက်မြင့်မားရေးအတွက်လည်းကောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ငြိမ်းချမ်းရေးသည် မဖြစ်မနေလိုအပ်သော ရတနာတစ်ပါး ဖြစ်ပါတယ်။ ဒါကြောင့် **ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေး**အတွက် S.S.P ပါတီက တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နံပါတ်(၂) လုပ်ငန်းစဉ်အနေနှင့် အပစ်အခတ်ရပ်စဲရေးမှသည် နိုင်ငံရေး ဆွေးနွေးပွဲ စားပွဲဝိုင်းဆီသို့ နိုင်ငံရေးယဉ်ကျေးမှု အဆင့်မြင့်မြင့် ဆွေးနွေးနိုင်ကြရေးကို ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး **အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်**ကို ဖော်ဆောင်ဖို့ရန် ဖြစ်ပါတယ်။

နံပါတ်(၃) လုပ်ငန်းစဉ်အနေဖြင့် ရှမ်းနီလူမျိုးများနှင့် အတူနေတိုင်းရင်းသားများ၏ ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောနှင့် သဘာဝအရင်းအမြစ် ထိန်းသိမ်းတိုးတက်စေရေး၊ မွေးမြူရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေး စသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များအား **အမျိုးသားအကျိုးစီးပွား** လုပ်ငန်းစဉ်များအဖြစ် ဖော်ဆောင်သွားမှာ ဖြစ်တယ်။

နံပါတ်(၄) လုပ်ငန်းစဉ်အနေဖြင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး၊ အခြေခံခိုင်မာပြီး ပြည်သူလူထုတစ်ရပ်လုံးကို အကျိုးဖြစ်ထွန်းစေသော အခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာရေး ၊ သန့်ရှင်းကောင်းမွန်သော အစိုးရတစ်ရပ် ပေါ်ပေါက်လာရေး၊ ပြည်သူက လေးစားတန်ဖိုးထားသော တရားစီရင်မှုများ ဖြစ်ထွန်းလာစေရေး အစရှိတဲ့ ပြည်ထောင်စုအဆင့် လုပ်ငန်းစဉ်များကို အခြားနိုင်ငံရေး အင်အားစုများနဲ့အတူ အကောင်အထည်ဖော်ဆောင်ရန် ဖြစ်ပါတယ်။

ကျွန်တော်တင်ပြခဲ့တဲ့ ဖော်ပြပါ လုပ်ငန်းစဉ်(၄)ရပ်ကို ရှမ်းနီမျိုးနွယ်စုများနှင့် အတူနေတိုင်းရင်းသားမျိုးနွယ်စုများအနေဖြင့် ပကတိတည်ရှိနေတဲ့ နယ်မြေဒေသအခြေအနေ၊ နိုင်ငံရေးအခြေအနေများအောက်မှာ မြို့နယ်တစ်ခုချင်းရဲ့ တိုးတက်ဖွံ့ဖြိုးရေး၊ ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိဘပြည်သူများက ကျွန်တော်တို့ ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ (S.S.P–ပါတီ) ကို ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ရွေးချယ်တင်မြှောက်ပေးမယ်ဆိုရင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားပါမယ်ဆိုတာ ကတိပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**(အားလုံးကို ကျေးဇူးတင်ပါတယ်)**

# လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၆

လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးလခမ်ဒေါင်ခမ့်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –



ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား မိဘညီအစ်ကို မောင်နှမ ပြည်သူများခင်ဗျား။

ယခုလိုရုပ်မြင်သံကြား၊ ရေဒီယိုမှာ ဟောပြောတင်ပြခွင့်ကို စီစဉ်ပေးသော ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အား အထူးကျေးဇူးတင်ပါတယ်။

ကျွန်တော်ကတော့ လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ဥက္ကဋ္ဌ ဦးလခမ်ဒေါင်ခမ့် ဖြစ်ပါတယ်။

ကျွန်တော်တို့ လော်ဝေါ်တိုင်းရင်းသားများသည် မေခမြစ်(ခေါ်) လောင်ဗျစ်မြစ်ကို ဗဟိုပြုပြီး နေထိုင်ဆင်းသက်လာသော လူမျိုးများဖြစ်ပါတယ်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် အများဆုံးနေထိုင်ကြပါတယ်။

ကျွန်တော်တို့ လော်ဝေါ်လူမျိုးတွေဟာ ကျေးလက်နေလူမျိုးများ ဖြစ်ကြပါတယ်။ ပညာတတ် အင်မတန်နည်းပါးပြီး ဆင်းရဲတဲ့ အိမ်ထောင်မိသားစုများ များပါတယ်။ နိုင်ငံရေးကို စိတ်ဝင်စားသူအင်မတန်နည်းပါးပါတယ်။ မိမိဘဝ၊ မိမိလူမျိုးကို အလွန်ရှက်ကြောက်စိတ်ကြီးသော လူမျိုးများဖြစ်ကြပါတယ်။ ထို့ကြောင့် နိုင်ငံရေးပါတီတစ်ခု လုပ်ဆောင်နေနိုင်ဖို့ ဆင်းရဲပေါင်းများစွာ၊ ဒုက္ခပေါင်းများစွာနှင့် ရုန်းကန်လုပ်ဆောင်နေကြရပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား–**

ကျွန်တော်တို့ လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဟာ ၂၀၁၅ ခုနှစ်၊ ဇွန်လ (၂၉) ရက်နေ့ နိုင်ငံရေးပါတီမှတ်ပုံတင်အမှတ် (၈၉)ဖြင့် ဖွဲ့စည်းတည်ထောင်ခွင့်ရရှိခဲ့ပါတယ်။

ပါတီ၏အလံ၊ ပါတီ၏အမှတ်တံဆိပ်တို့ကို ရှင်းလင်းဖော်ပြပေးလိုပါသည်။ ပါတီ၏အလံမှာ အရောင်(၃)ရောင် အောက်ခံဖြစ်ပြီး အလယ်တွင် လော်ဝေါ်ရိုးရာ ဓားလွယ် ( ဋ္ဌဘမ်ဗျော်) နှင့် အလံ၏ လက်ဝဲဘက်ထိပ်တွင် ငါးထောင့်ကြယ်ဖြူတစ်လုံး ပါရှိသည်။ အဓိပ္ပာယ်မှာ – အပေါ်အရောင်မှာ အပြာရောင်ဖြစ်၍ ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းကို ပုံဖော်သည်။ အလယ်အရောင်မှာ အမည်းရောင်ဖြစ်ပြီး တည်ကြည်ခြင်း၊ ခန့်ညားခြင်း၊ ကတိသစ္စာရှိခြင်းတို့ကို ပုံဖော်သည်။ အောက်အရောင်မှာ အစိမ်းရောင်ဖြစ်၍ စိမ်းလန်းစိုပြည်ခြင်း၊ ရှင်သန်ခြင်း၊ အေးမြခြင်းတို့ကို ဖော်ညွှန်းသည်။ ရိုးရာဓားလွယ်(ဋ္ဌဘမ်ဗျော်) ပုံသည် လော်ဝေါ်အမျိုးသားတို့ကို ကိုယ်စားပြုသော အမှတ်သင်္ကေတဖြစ်ပြီး အနီရောင်သည် ရဲရင့်ခြင်း၊ သတ္တိရှိခြင်း၊ ပြတ်သားခြင်း၊ နိုးကြားတက်ကြွခြင်းတို့ကို ပုံဖော်သည်။ လက်ဝဲဘက်ထိပ်ရှိ ကြယ်ဖြူတစ်လုံးသည် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးကို တစည်းတလုံးတည်းရှိသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ပုံဖော်သည်။ အောက်ခံအရောင်(၃)ရောင်ထားရှိခြင်းမှာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားခြင်းကို ပုံဖော်ပါသည်။

ပါတီ၏အမှတ်တံဆိပ်မှာ အနီရောင် လော်ဝေါ်အမျိုးသား ရိုးရာဓားလွယ်နှစ်ခုကြားမှာ ကြက်ဖတွန်နေပုံရှိသည်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျာ –**

လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ရည်ရွယ်ချက်မှာ –

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန် အရေးသုံးပါးကို အစဉ်ထိန်းသိမ်းမည်။

၂။ လော်ဝေါ်လူမျိုးများသည် နိုင်ငံရေးအမြင်ပွင့်လင်းလာ၍ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးစွာ ရင်ပေါင်တန်းကာ နိုင်ငံတော်တာဝန်များကို ထိရောက်စွာ ပါဝင်ထမ်းဆောင်နိုင်ရန်။

၃။ တိုင်းရင်းသားလူမျိုးများအားလုံး၏အခြေခံရပိုင်ခွင့်နှင့် လူ့အခွင့်အရေးများကို ပြည့်ပြည့်ဝဝရရှိနိုင်ရေး ဆောင်ရွက်မည်။

၄။ လော်ဝေါ်လူမျိုးများ စည်းလုံးညီညွတ်မှုရရှိပြီး နိုင်ငံတော်၏ ခွန်အားဖြစ်စေရန်၊ နိုင်ငံတော်အစိုးရနှင့် လော်ဝေါ်အမျိုးသားအရေးကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးတိုင်ပင်ရန်။

၅။ ဒေသခံလူထုဖြစ်သော လူမျိုးဘာသာ ကျား/မ မရွေး၊ တောင်သူလယ်သမားများ အလုပ်သမားများနှင့် ကလေးသူငယ်များ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းဆောင်နိုင်ဆုံး ချမှတ်ဆောင်ရွက်သွားနိုင်ရန်။

၆။ လော်ဝေါ်အမျိုးသားနှင့် တိုင်းရင်းသားလူမျိုးတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း သမိုင်းအစဉ်အလာကောင်းများကို ဖော်ထုတ်၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန် ဆောင်ရွက်သွားရန်တို့ ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား**

ပါတီ၏မူဝါဒသဘောထားမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

**(က) နိုင်ငံရေးမူဝါဒသဘောထား**

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ပါတီစုံဒီမိုကရေစီ ထွန်းကားရေးကို အစဉ်စောင့်ထိန်း ကျင့်သုံးသွားမည်။

၂။ နိုင်ငံတော်အတွင်း၌ သူတစ်ပါးအားထိခိုက်နစ်နာဆုံးရှုံးမှု မဖြစ်စေဘဲ လွတ်လပ်စွာ ပြုမူဆောင်ရွက်လုပ်ကိုင်နေထိုင်ခြင်း၊ ဖွင့်ဟပြောဆို ဖော်ထုတ်ရေးသားခြင်း၊ ကြံစည်တွေးတောခြင်း၊ သက်ဝင်ယုံကြည်ကိုးကွယ်ခြင်း၊ လွတ်လပ်စွာ တီထွင်ဖန်တီးခြင်း စသည်တို့ကို ကျင့်သုံးခြင်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်သွားမည်။

**(ခ) ဘာသာရေးမူဝါဒသဘောထား**

၁။ တိုင်းရင်းသားတိုင်းသည် မိမိသက်ဝင်ယုံကြည်ကိုးကွယ်ရာ ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိရန်။

၂။ အခြားသော ဘာသာ သာသနာကို ထိခိုက်နစ်နာမှုမရှိစေဘဲ အခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရှိအောင် ဖော်ဆောင်သွားမည်။

၃။ နိုင်ငံတော်အတွင်းရှိ ဘာသာ၊ သာသနာအချင်းချင်း မေတ္တာရှေ့ထား၍ နားလည်မှု၊ သင့်မြတ်မှုအစဉ်ရှိနေရန် ဖော်ဆောင်သွားမည်။

**(ဂ) နိုင်ငံခြားရေးမူဝါဒသဘောထား**

၁။ လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမည်။

၂။ နိုင်ငံတကာဆက်ဆံရေးတွင် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းကာကွယ်ရန်နှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကို ကျင့်သုံးသွားမည်။

၃။ ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ် စာချုပ်များကို လေးစားလိုက်နာ ဆောင်ရွက်သွားမည်။

**(ဃ) စီးပွားရေးမူဝါဒသဘောထား**

၁။ ခေတ်မီဖွံ့ဖြိုးတိုးတက်၍ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်သွားမည်။

၂။ ဈေးကွက်စီးပွားရေးစနစ်တွင် တိုင်းရင်းသား၊ နိုင်ငံသားလုပ်ငန်းရှင်များအား အခွင့်အရေးများ အပြည့်အဝရရှိအောင် လုပ်ဆောင်ပေးရန်။

၃။ နိုင်ငံတကာမှလုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်။

၄။ ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်ရရှိရေးအတွက် ကူညီဆောင်ရွက်သွားမည်။

၅။ စိုက်ပျိုးရေးကိုအခြေခံ၍ လိုအပ်သော စက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်။

၆။ ဆင်းရဲမွဲတေမှုပြဿနာကို ပပျောက်သွားအောင် လုပ်ဆောင်သွားမည်။

**(င) ပညာရေးမူဝါဒသဘောထား**

၁။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရန် အစဉ်တွန်းအားပေးသွားမည်။

၂။ နိုင်ငံတကာပညာရေးစနစ်နှင့် စံနှုန်းမီအောင် အားပေးဆောင်ရွက်သွားမည်။

၃။ ပညာရည် ထူးချွန်သူများအား ဆုံးခန်းတိုင်အောင် ပညာသင်ကြားဆည်းပူးနိုင်ရေးအတွက် ကူညီပံ့ပိုးပေးသွားမည်။

၄။ မသင်မနေရ အခမဲ့ပညာရေးစနစ်ကို နိုင်ငံတကာပညာရေးအဆင့် ဖော်ဆောင်ပေးသွားမည်။

၅။ ဒေသခံ တိုင်းရင်းသားများ၏ စာပေပညာ သင်ကြားရေးကို အစိုးရ စာသင်ကျောင်းများ၌ မသင်မနေရစနစ်ဖြင့် ချမှတ်ဆောင်ရွက်သွားမည်။

**(စ) ကျန်းမာရေးမူဝါဒသဘောထား**

၁။ ပြည်သူလူထုများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဆေးရုံကြီးမှ ဆေးပေးခန်းတိုင်အောင် အခမဲ့ဆေးဝါးထောက်ပံ့ခြင်းများ အပြည့်အဝ ခံစားနိုင်ရေးကို ဆောင်ရွက်သွားမည်။

၂။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ခေတ်မီနည်းပညာ၊ စက်ပစ္စည်းများနှင့် ကုသမှုပေးနိုင်ရန် ဆောင်ရွက်သွားမည်။

၃။ ပုဂ္ဂလိကဆေးရုံ ဆေးခန်းတိုင်းတွင် ဆေးပညာကဏ္ဍကို အဆင့်အတန်းမြင့်မားစွာ ပေါ်ထွန်းလာအောင် ဆောင်ရွက်သွားမည်။

၄။ မြို့ပြနှင့်ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှု ကွာဟချက်မရှိရလေအောင် ဆောင်ရွက်သွားမည်။

**(ဆ) လူမှုရေးမူဝါဒသဘောထား**

၁။ လော်ဝေါ်လူမျိုးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း ယဉ်ကျေးမှုစာပေ၊ အနုပညာတေးဂီတ၊ တူရိယာပစ္စည်းများကို ဖော်ထုတ်မြှင့်တင်သွားမည်။

၂။ တိုင်းရင်းသားတို့၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းဥပဒေနှင့်အညီ လွတ်လပ်စွာတောင်းဆိုခြင်း၊ ရွေးချယ်ပိုင်ခွင့်ရှိခြင်း၊ ယုံကြည်ကိုးကွယ်ခွင့်ရှိခြင်းများအတွက် အစဉ်ဆောင်ရွက်သွားမည်။

၃။ တိုင်းရင်းသားများ၏လူမှုကိစ္စအဝဝကို နိုင်ငံတော်၏အရေးကိစ္စကဲ့သို့ အလေးထားဆောင်ရွက်သွားမည်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ခင်ဗျား–**

မြန်မာနိုင်ငံတော်ကြီးသည် ယခုနှစ် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့တွင် နိုင်ငံခေါင်းဆောင်များကို တစ်ဖန်ပြန်လည် ရွေးကောက်တင်မြှောက်ကြမှာ ဖြစ်ပါတယ်။ ဤရွေးကောက်တင်မြှောက်ပွဲကို ပါတီစုံဒီမိုကရေစီစနစ်ဖြစ်အောင် ရွေးကောက်တတ်ကြရမယ်။

**မဲဆန္ဒရှင်မိဘပြည်သူလူထုအပေါင်းတို့ခင်ဗျား–**

ကျွန်တော်တို့ လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဝင်ရောက်ယှဉ်ပြိုင်ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို အသည်းကြားမှ မဲတစ်ပြားဖြင့် ထောက်ခံပြီးဆန္ဒပြုကာ မဲပေးကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည်။

– ဓားလွယ်နှင့် ကြက်ဖ အမှတ်ရ

– ထောက်ခံဆန္ဒပြုက၊ အောင်ပွဲရ

တိုင်းရင်းသားပြည်သူအပေါင်း ရောဂါဘယကင်းဝေးပြီး ကျန်းမာ ချမ်းသာကြပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## လော်ဝေါ်ပါတီ

တေးရေး–လခမ်ဒေါင်ဇယ် တေးဆို – လခမ်ဒေါင်ဇယ်
– ဒေါ်သောလွမ်းနော

* ပြည်ထောင်စုဖွား သွေးချင်းတို့ ရယ်...တို့ များလော်ဝေါ် အမျိုးသား
ရောင်ခြည်... ထွန်းလင်းခဲ့ပြီ ဓားလွယ်နှင့်ကြက်ဖပါတီ

* နိုင်ငံတော်နှင့် လက်တွဲလို့ ရယ်.....တို့ရဲ့ပါတီ စည်းလုံးမယ်ဟေ့...
ကြိုးစားကြမယ် ပြည်သူအတွက် ထမ်းဆောင်ကြမည်...

(လော်ဝေါ်ပါတီ အမျိုးသားပါတီ...ဓားလွယ်နှင့် ကြက်ဖပါတီ... တိုင်းရင်းသား ညီနောင်များနှင့်အတူလက်တွဲကာရယ်...စည်းလုံးညီညာစွာ ရှေ့သို့ ချီမယ်–ပြည်သူများအားလုံး ဆန္ဒမဲပေးစို့ကွယ်.......)၂

# ပြည်သူ့အလုပ်သမားပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၆

**ပြည်သူ့အလုပ်သမားပါတီဥက္ကဋ္ဌ ဦးကျော်ဇင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက် စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ပေးပို့လာပါသည်။ အဆိုပါဟောပြောချက်စာမူ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –**

**မြန်မာနိုင်ငံသားလုပ်သားပြည်သူအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ကမ္ဘာ့ကပ်ရောဂါ၏ အန္တရာယ်မှ ကျော်လွှားနိုင်ကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက် မေတ္တာပို့သအပ်ပါတယ်ခင်ဗျား**

ကျွန်တော်ကတော့ ပြည်သူ့အလုပ်သမားပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီဟာဆိုရင်ဖြင့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ စတင်တည်ထောင်ခွင့်ရရှိခဲ့ပြီး ယခုဆိုရင်ဖြင့် ပြည်သူ့အကျိုးကို တတ်စွမ်းသမျှ ထမ်းဆောင်ပေးခဲ့တာ (၃) နှစ်ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။

ကျွန်ုပ်တို့ပါတီ၏ ရွေးကောက်ပွဲဖြတ်သန်းမှုအနေဖြင့် ၂၀၁၈ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲနှင့် ယခုကျင်းပမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတို့ကို ဖြတ်သန်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ ပါတီတည်ထောင်ရခြင်း ရည်ရွယ်ချက်နှင့် ပါတီမူဝါဒတို့အား ဦးစွာပထမ အသိပေးရှင်းပြလိုပါတယ်။

ပြည်သူ့အလုပ်သမားပါတီ တည်ထောင်ခြင်း ရည်ရွယ်ချက်ဟာဆိုရင်ဖြင့် စုဖွဲ့မှုအားနှင့် နိုင်ငံသားတို့၏ လိုအပ်ချက်၊ လိုလားချက်တို့အား လွှတ်တော်များအတွင်း တရားဝင်ပြောဆိုနိုင်ရန်ပဲ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ပါတီ၏ အခြေခံမူဝါဒကတော့ နိုင်ငံသားတိုင်း တန်းတူညီမျှရေး၊ မွေးရာပါနိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိစေရေး၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ-၃၄၇ အတိုင်း နိုင်ငံသားတိုင်း ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေပြီး၊ ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာရရှိပိုင်ဆိုင်စေရေးတို့ကို ဆောင်ရွက်သွားရန်ဖြစ်ပါတယ်။

ကျွန်ုပ်တို့ပါတီအနေဖြင့် မိမိတို့နိုင်ငံနှင့် ကိုက်ညီသော အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးဆိုတဲ့စနစ်များကို ချမှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခြားတိုင်းပြည်များရဲ့ စနစ်များကို ပုံတူကူးယူဆောင်ရွက်ခြင်းပြုမယ်ဆိုရင်ဖြင့် ကျွန်ုပ်တို့နိုင်ငံအတွက် ဘယ်လိုမှ အံဝင်ခွင်ကျဖြစ်စရာအကြောင်းမရှိပါဘူး။ မိမိတို့နိုင်ငံရဲ့ ပထဝီအနေအထား နိုင်ငံသားတို့ရဲ့ အကျင့်စရိုက်လက္ခဏာတို့အပေါ် အခြေခံပြီး မဏ္ဍိုင်ကြီး (၃)ရပ် ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ပါမှ နိုင်ငံသားတို့ လုံခြုံစိတ်ချစွာဖြင့် ဘဝရပ်တည်နိုင်မှာဖြစ်ပါတယ်။ ကျွန်ုပ်တို့နိုင်ငံမှာဆိုရင်ဖြင့် တရားဝင်နိုင်ငံရေးပါတီ (၉၄)ခုရှိပြီး ထိုအထဲမှာ ပြည်နယ်များမှ သွေးချင်းတို့ရဲ့ တိုင်းရင်းသားပါတီများလည်း များစွာရှိပါတယ်။ ကျွန်ုပ်တို့ပါတီအနေဖြင့် အမျိုးသားရေးကို သစ္စာရှိသောမည်သည့်ပါတီ၊ မည်သည့်နိုင်ငံရေးသမားများနှင့်မဆို လက်တွဲဆောင်ရွက်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ကျွန်ုပ်တို့အနေဖြင့် မိမိတို့ကိုယ်ကျိုးထက် ပါတီအကျိုးကို ဆောင်ရွက်ရန်၊ ပါတီအကျိုးထက် တိုင်းပြည်အကျိုးကို ဆောင်ရွက်ရန်ဟူသော သန္နိဋ္ဌာန်လည်း ချမှတ်ထားပါတယ်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရာဝယ် အမျိုးသားကျန်းမာရေးနှင့် အမျိုးသားပညာရေးကိုလည်း ဦးစားပေးဆောင်ရွက်ရပါမည်။ အမျိုးသားကျန်းမာရေးကဏ္ဍကို ဆောင်ရွက်ဖို့အတွက် ဦးစွာပထမ မူးယစ်ဆေးဝါးကင်းစင်ရေးကို အလေးပေးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လူငယ်တိုင်း မူးယစ်ဆေးဝါးကင်းစင်နိုင်ရေးက အဓိကကျလှပါတယ်။ အမျိုးသားပညာရေးကဏ္ဍက စာမတတ်သူပပျောက်ရေး ကြွေးကြော်နေရုံဖြင့် မပြီးသေးပါဘူး။ ယခုပညာရေးကဏ္ဍကို လေ့လာကြည့်ရင်ဖြင့် မြန်မာနိုင်ငံသား အများစုဟာဆိုရင် အခြေခံပညာမူလတန်းအဆင့်တွင်သာ ပညာရေးကို လက်ပြန့်ဆက်သွားကြတာကို ဝမ်းနည်းစွာတွေ့ရှိနေရပါတယ်။ ထိုသို့ ဖြစ်ပေါ်နေရခြင်းရဲ့ အကျိုးဆက်အား ကျွန်ုပ်တို့တိုင်းပြည် ဘယ်လိုမှတိုးတက်နိုင်စရာ အကြောင်းမရှိပါဘူး။ ဒါကြောင့် ကျွန်ုပ်တို့ပါတီအနေဖြင့် အမျိုးသားပညာရေးနှင့် အမျိုးသားကျန်းမာရေးကို အလေးပေးဆောင်ရွက်သွားမယ်လို့ ပြောကြားလိုပါတယ်။

ဒီမိုကရေစီအစိုးရ ပေါ်ထွက်လာတဲ့ ၂၀၁၀ ကနေ ယနေ့အထိ အစိုးရ (၂)ဆက်ကာလတွင် ဆင်းရဲနွမ်းပါးမှုလျော့ကျရေးကို ဆောင်ရွက်ခဲ့တာ တွေ့ရှိရပါတယ်။ သို့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားတို့ရဲ့ တစ်ဦးချင်းဝင်ငွေတိုးတက်မှုဟာဆိုရင် ထင်ထားသလို မဖြစ်လာတာ တွေ့ရပါတယ်။ ကျွန်ုပ်တို့နိုင်ငံရဲ့ အရွယ်ရောက်သူ တစ်နည်း အလုပ်လုပ်ကိုင်သူတို့ဟာဆိုရင် အိမ်နီးချင်းတိုင်းပြည်တို့ရဲ့ အလုပ်အကိုင်ကိုသာ အားထားနေရတာကိုလည်း ဝမ်းနည်းစွာ တွေ့ရှိရပါတယ်။ ထိုသို့ မှီခိုနေရတဲ့ အကျိုးဆက်အဖြစ် ပြည်တွင်းလုပ်အားဆုံးရှုံးမှုဖြစ်ပေါ်ပြီး မိမိတိုင်းပြည်ရဲ့ ဖွံ့ဖြိုးမှုကိုလည်း များစွာနှောင့်နှေးစေခဲ့ပါတယ်။

ကျွန်ုပ်တို့နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာဆိုရင်ဖြင့် ကျေးလက်နေပြည်သူများဖြစ်ခြင်းကြောင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံလုပ်ကိုင်ကြတာကို တွေ့ရှိရပါတယ်။ ထို့အတွက်ကြောင့် ကျွန်ုပ်တို့ပါတီအနေဖြင့် စိုက်ပျိုးရေးကို အခြေခံတဲ့ စက်မှုလုပ်ငန်းတိုးတက်ဖွံ့ဖြိုးရန် ဦးစွာလုပ်ဆောင်မယ်လို့ ဆုံးဖြတ်ထားပါတယ်။

နိုင်ငံသား လုပ်သားပြည်သူတို့ရဲ့ လူမှုဖွံ့ဖြိုးတိုးတက်ဖို့ဆိုရာတွင် ပေးဆောင်ရတဲ့ အခွန်အခတို့ကိုလည်း တိကျတဲ့မူဝါဒ ချနိုင်ဖို့လိုပါတယ်။ ဝင်ငွေခွန်အပြင် အခြားအခွန်တို့ကြောင့်လည်း နိုင်ငံသားတို့ရဲ့ဘဝ တိုးတက်မှုကို နှောင့်ယှက်စေနိုင်တဲ့အတွက် ကျွန်ုပ်တို့အနေဖြင့် အခွန်ထမ်းပြည်သူတို့ဘဝ အဆင်ပြေဖို့ရာ မူဝါဒကောင်းများချ၍ အလေးပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ နိုင်ငံ့ဝန်ထမ်းများအတွက် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မိသားစုစားဝတ်နေရေး အဆင်ပြေစေရန်အတွက် ခေတ်နှင့်လျော်ညီတဲ့ လုပ်ခ၊ လစာရရှိစေရေး၊ အခြားအခြေခံအဆောက်အအုံတို့ကို အစိုးရမှ ထောက်ပံ့ပေးနိုင်ရေးအတွက် ဆောင်ရွက်မှာဖြစ်သလို အငြိမ်းစားယူသည့်အချိန်တွင်လည်း ၎င်းတို့ရဲ့ ဘဝရပ်တည်နေနိုင်ရေး၊ ကျန်းမာရေးစသည်တို့ကို စောင့်ရှောက်နိုင်စေရန်အတွက် မူဝါဒကောင်းများ ချမှတ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ သို့မှသာ အဂတိကင်းစင်တဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

ကျွန်ုပ်တို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆိုရာတွင် ပြည်တွင်းငြိမ်းချမ်းရေးရရှိမှုကလည်း အရေးကြီးဆုံးဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းစစ်နှင့် ရင်ဆိုင်လာရတဲ့ ကျွန်ုပ်တို့တိုင်းပြည်ဟာဆိုရင်ဖြင့် လွန်စွာမှ ဖွံ့ဖြိုးမှုနောက်ကျနေတာဟာ မဆန်းပါဘူး။ တိုင်းရင်းသားအချင်းချင်း အမုန်းပွားမှုတွေကိုလည်း ရပ်တန့်ရမယ့် အချိန်တန်ခဲ့ပါပြီ။ တိုင်းရင်းသားတို့ရဲ့ လိုလားချက်၊ လိုအပ်ချက်တို့ကို သိရှိနားလည်မှသာ ပြည်တွင်းငြိမ်းချမ်းရေး ရနိုင်မှာဖြစ်ပါတယ်။ ဒီမိုကရေစီရဲ့ သဘောဟာ အများဆန္ဒကို လိုက်လျောတယ်လို့ ကျွန်တော်နားလည်ပါတယ်။ အများဆန္ဒအတိုင်း ဆောင်ရွက်တယ်ဆိုပေမယ့် လူနည်းစုရဲ့ သဘောထားကိုလည်း အလေးထားရမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားသွေးချင်းတို့ရဲ့ လိုလားချက်ဖြစ်တဲ့ ဖက်ဒရယ်မှုကိုလည်း အလေးပေးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဖက်ဒရယ်ဆိုတဲ့ အဓိပ္ပာယ်ကို ကျွန်တော်နားလည်သလို ပြောရလျှင် မျှဝေသုံးစွဲတယ်လို့ ထင်ပါတယ်။ ကျွန်ုပ်တို့ သွေးချင်းတိုင်းရင်းသားတွေအချင်းချင်း ကောင်းတူ၊ ဆိုးဖက် ညီတူညီမျှ မျှဝေခံစားမယ်ဆိုရင်ဖြင့် ပြည်တွင်းငြိမ်းချမ်းရေး အမြန်ဆုံးရရှိမှာဖြစ်ပါတယ်။

ကျွန်ုပ်တို့ပါတီအနေဖြင့် နိုင်ငံရေးမူဝါဒကိုလည်း ခိုင်မြဲစွာချမှတ်ထားပြီးဖြစ်ပါတယ်။ နိုင်ငံရေးဟုဆိုရာတွင် ပါတီနိုင်ငံရေးနှင့် အမျိုးသားနိုင်ငံရေးလို့ (၂)မျိုး ခွဲခြားနိုင်ပါတယ်။ ကျွန်ုပ်တို့ နိုင်ငံရေးပါတီများအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံသားတို့ဘဝ သာယာလှပစေရန် နိုင်ငံ့အရေးဆောင်ရွက်သလို ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခြေခံမူအတိုင်း မြန်မာ့တပ်မတော်ဟာဆိုရင်ဖြင့် အမျိုးသားနိုင်ငံရေးကို ဦးဆောင်နေတာတွေ့ရှိရပါတယ်။ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် ညီနောင်တွေဖြစ်တဲ့ နိုင်ငံရေးပါတီများနှင့် တပ်မတော်တို့လက်တွဲပြီး မတူညီတဲ့သဘောထားတွေကို ညှိနှိုင်းကာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့အကျိုးအတွက် အလေးပေးဆောင်ရွက်သွားမယ်ဆိုရင်ဖြင့် ကျွန်ုပ်တို့မျှော်မှန်းထားတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီး မလွဲမသွေဖြစ်လာမယ်လို့ ကျွန်ုပ်တို့အနေဖြင့် ယုံကြည်ပါတယ်။

ကျွန်ုပ်တို့ပါတီအနေဖြင့် နိုင်ငံတော်ရဲ့ အခြေခံမူအတိုင်း စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးတို့ကို ဦးလည်မသုန် ထမ်းရွက်ခြင်းဖြင့် နိုင်ငံ့အကျိုး၊ နိုင်ငံသား လုပ်သားပြည်သူတို့၏အကျိုးကို ဆောင်ရွက်ပါ့မယ်လို့ အစဉ်ကတိပြုရင်း ကျွန်တော့်ရဲ့ ဟောပြောမှုကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

နိုင်ငံသား လုပ်သားပြည်သူများ ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ရပါတယ်ခင်ဗျား။

## မိုင်းယောင်းမြို့နယ်တွင် မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိရာ မဲဆန္ဒရှင်များ မိမိအမည်ပါ၊ မပါ သွားရောက်ကြည့်ရှုလျက်ရှိ

မိုင်းယောင်း အောက်တိုဘာ ၆

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာ ၁ ရက်မှစ၍ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားရှိရာ မဲဆန္ဒရှင်များက မိမိတို့၏ အမည်ပါ၊ မပါ အောက်တိုဘာ ၅ ရက်က သွားရောက်ကြည့်ရှုလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံသိန်း၊ မြို့နယ်ဥပဒေအရာရှိ ဦးမျိုးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက ကြပ်မတ်စစ်ဆေးလျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ နောက်ဆုံးအကြိမ် ကပ်ထားကြေညာထားလျက်ရှိရာ မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းတွင် မိမိတို့၏ အမည်ပါ၊ မပါ သွားရောက်ကြည့်ရှုလျက်ရှိသည်။ မိုင်းယောင်းမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသူ ၂၆၅၄၉ ဦးရှိ၍ မဲရုံ ၆၈ ရုံ ဖွင့်လှစ်ရန် လျာထားကြောင်း၊ မိမိတို့၏ အမည် မပါသူများ၊ အမည် သို့မဟုတ် အချက်အလက် မှားယွင်းမှုများ၊ မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေခြင်း စသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ပြင်ဆင်၊ ဖြည့်စွက်၊ ကန့်ကွက်လျှောက်ထားရန် အချက်များကို ဖော်ပြပြီး အောက်တိုဘာ ၁၄ ရက်အထိ လျှောက်ထားနိုင်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးစိုင်းမိုင်ခမ်းထံမှ သိရသည်။

စိုင်းအောင်ဇော်လင်း

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- ➢ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး–
- ➢ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်–
  - ✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊
- ➢ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
- ➢ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဓ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

# အမျိုးသမီးပါတီ (မွန်) က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၆

**အမျိုးသမီးပါတီ (မွန်) ဥက္ကဋ္ဌ မိသန်းရှင်နှင့် ပါတီဝင် ဒေါ်အေးဝင်းတို့က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက် စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ပေးပို့လာပါသည်။**

**အဆိုပါ ဟောပြောချက်စာမူ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

**မင်္ဂလာပါရှင်**

မြင့်မြတ်လှတဲ့ အခုလိုအခါသမယမှာ အမျိုးသမီးထုကိုယ်စား စကားပြောခွင့်ရတဲ့အတွက် ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း ပဏာမပြောကြားလိုပါတယ်။

ကျွန်မမိလယိုင်မန် (ခ) မိသန်းရှင်ဖြစ်ပါတယ်။ အမျိုးသမီးပါတီ (မွန်) ဥက္ကဋ္ဌတာဝန်ကို ယူထားပါတယ်။ အမျိုးသမီးပါတီ (မွန်) ကို (၈-၁၀-၂၀၁၄) ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ယခုဆိုလျှင် သက်တမ်း (၆) နှစ်သို့ ရောက်ခဲ့ပါပြီ။

အမျိုးသမီးပါတီ (မွန်) ကို မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်း၊ ကရင်ပြည်နယ်၊ ယခုဆိုရင် ဧရာဝတီတိုင်းကို ရောက်ရှိခဲ့ပါပြီ။

အမျိုးသမီးပါတီ (မွန်) ပေါ်ပေါက်လာတာဟာ လူမျိုးအတွက်၊ နိုင်ငံအတွက် ဂုဏ်သိက္ခာမြင့်မားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာ့နိုင်ငံတွေမှာ နိုင်ငံရေးကဏ္ဍမှာ အမျိုးသမီး (၃၀%) ပါဝင်ရေးအတွက် မနည်းကြိုးစားနေရတဲ့အချိန်မှာ ကျွန်မတို့နိုင်ငံမှာ ကျွန်မတို့အမျိုးသမီးပါတီ (မွန်) က အမျိုးသမီးတွေဟာ နိုင်ငံရေးကဏ္ဍမှာ (၁၀၀%) ရာနှုန်းပြည့်ရနေပါတယ်။ ကျွန်မပါတီမှာဆိုရင် အမျိုးသားများနှင့် တန်းတူညီတူမကဘူး ပါတီထဲတွင် အားလုံးအမျိုးသမီးများဖြစ်တဲ့အတွက် နိုင်ငံရေးကဏ္ဍမှာ (၁၀၀%) ပြည့်ရနေပါတယ်။

တခြားနိုင်ငံက မလုပ်နိုင်တဲ့ကိစ္စကို ကျွန်မတို့လုပ်နိုင်ခဲ့လို့ လူမျိုးအတွက်၊ နိုင်ငံအတွက် ဂုဏ်ယူရမှာပါ။ ဒါကလည်း ကျွန်မလူမျိုး၊ ကျွန်မတို့နိုင်ငံက အမျိုးသမီးအပေါ် သဘောထားကြီးမှု လူသားများအပေါ်ထားတဲ့ မြင့်မြတ်တဲ့ စိတ်ထားအရင်းခံကြောင့်ပါ။

အမျိုးသမီးပါတီ၏ အမှတ်တံဆိပ် (လိုဂို)က မိခင်မေတ္တာတရားလို ဖော်ညွှန်းထားပါတယ်။ ပါတီ၏မူဝါဒသဘောထားကလည်း အေးချမ်းတည်ငြိမ်တဲ့ ကမ္ဘာကြီး တည်ဆောက်ရန်ပါရှိပါတယ်။

အေးချမ်းတည်ငြိမ်တဲ့ ကမ္ဘာကြီးကို မတည်ဆောက်ခင် ကျွန်မတို့နိုင်ငံရဲ့ အေးချမ်းတည်ငြိမ်တဲ့ နိုင်ငံကြီးကို အရင်တည်ဆောက်ချင်ပါတယ်။ နိုင်ငံအေးချမ်းဖို့ဆိုတာ ငြိမ်းချမ်းရေးတစ်ခုတည်းနှင့် မပြီးဘူး။ စားဝတ်နေရေးလည်း အဓိကကျပါတယ်။ အခြေခံလူတန်းစားတို့ရဲ့ စားဝတ်နေရေးသည် လက်ရှိကျွန်မတို့နိုင်ငံမှာ အလွန်အရေးကြီးနေပါတယ်။ စားဝတ်နေရေးအဆင်ပြေဖို့ စီးပွားရေးကဏ္ဍကို မြှင့်တင်ရပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲအတွက် အမျိုးသမီးပါတီ (မွန်)ရဲ့ ဆောင်ပုဒ်တစ်ခုကတော့ အခြေခံလူတန်းစား စားဝတ်နေရေးအဆင်ပြေဖို့ စီးပွားရေးကဏ္ဍမြှင့်တင်စို့ ဆိုတဲ့ဆောင်ပုဒ်ပဲ ဖြစ်ပါတယ်။ အမျိုးသမီးပါတီရဲ့ ဖွဲ့စည်းပုံမှာ စီးပွားရေးကဏ္ဍကို အပြည့်အဝ ထည့်သွင်းထားပါတယ်။

ယဉ်ကျေးမှုကဏ္ဍကိုလည်း ထည့်သွင်းဆွေးနွေးချင်ပါတယ်။ ယနေ့ခေတ်ကာလ အနေအထားအရ ကျွန်မတို့နိုင်ငံမှာ ယဉ်ကျေးမှု ယိမ်းယိုင်နေပါတယ်။ ယဉ်ကျေးမှု ယိမ်းယိုင်၍ ကြုံတွေ့ရတဲ့ နောက်ဆက်တွဲကတော့ အမျိုးသမီးနှင့် ကလေးငယ်တွေပါပဲ။ ကျွန်မတို့ လက်ရှိအနေအထားမှာ ကျွန်မတို့နိုင်ငံမှာ မွေးကင်းစကလေးငယ်နှင့် သက်ကြီးရွယ်အိုများ ဒုက္ခရောက်နေရပါတယ်။

ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေ ပျက်စီးလာသည်နှင့်အမျှ "ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား" ဆိုတဲ့ ကျွန်မတို့ ချစ်စရာကောင်းတဲ့ စိတ်ဓာတ်တွေပျက်ပြားကုန်ပြီး ကြီးသူကိုလည်း မရိုသေတော့၊ ရွယ်တူကိုလည်း မလေးစားတော့၊ ငယ်သူအားနည်းသူကိုလည်း မသနားတော့တဲ့ စိတ်ဓာတ်တွေ ဝင်လာတဲ့အခါ မဖြစ်သင့်တာတွေ ဖြစ်လာတယ်။ မိခင်မေတ္တာတရားလည်း နည်းလာတယ်။ သားသမီးကျင့်ဝတ်တွေလည်း နည်းလာတယ်။ မေတ္တာတရား ခေါင်းပါးလာတဲ့အခါမှာ အေးချမ်းမှုဆိုတာ ကွယ်ပျောက်သွားနိုင်ပါတယ်။ ဒါတွေကို အချိန်မီပြင်ရပါမည်။

အမျိုးသမီးများသည် လူသားတစ်ဦးဖြစ်သည့်အတွက် အမျိုးသားများနည်းတူ မိမိလူမျိုး၊ မိမိတိုင်းပြည်အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကျိုးပြုချင်ကြတယ်။ အမျိုးသမီးပါတီ (မွန်) တည်ထောင်သည့် ရည်ရွယ်ချက်မှာလည်း အမျိုးသား၊ အမျိုးသမီးခွဲခြားရန်အတွက် မဟုတ်ဘဲ မိမိတို့အစွမ်းအစကို လူမျိုးအတွက်၊ တိုင်းပြည်အတွက် အကျိုးပြုခြင်းသာ ဖြစ်ပါတယ်။

၂၀၂၀ ရွေးကောက်ပွဲကြီးသည် အားလုံးပျော်ရွှင်သော၊ အားလုံးစိတ်ချမ်းသာသော ရွေးကောက်ပွဲကြီးဖြစ်ပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါသည်။

---

**မင်္ဂလာပါရှင်**

အခုလို မင်္ဂလာရှိတဲ့အချိန်မှာ ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးထုကိုယ်စား စကားပြောခွင့်ရတဲ့အတွက် အထူးပင် ဝမ်းသာပီတိဖြစ်မိပါကြောင်း ပဏာမပြောကြားလိုပါတယ်ရှင်။ ကျွန်မက ဧရာဝတီတိုင်းဒေသကြီး ငပုတော မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မဲဆန္ဒနယ်မြေမှာ အမျိုးသမီးပါတီ (မွန်)မှ တိုင်းဒေသကြီး ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ရွေးချယ်ခံမည့် အငြိမ်းစား ကျောင်းဆရာမ ဒေါ်အေးဝင်း ဖြစ်ပါတယ်ရှင်။

ယနေ့မျက်မှောက်ကမ္ဘာပေါ်မှာရှိသည့် လူဦးရေကို လေ့လာကြည့်မည်ဆိုလျှင် လူဦးရေထက်ဝက်ကျော်သည် အမျိုးသမီးတွေဖြစ်ပါသည်။ အမျိုးသမီးအများစုဟာ အချို့သောနိုင်ငံတွေမှာ အမျိုးသားများနှင့် တန်းတူအခွင့်အရေးမရှိခြင်း မရှိသေးသည်ကို တွေ့ရပါသည်။ အမျိုးသားများနှင့် တန်းတူအခွင့်အရေး မရပေမယ့် အမျိုးသားများနည်းတူ မိသားစုတာဝန်၊ နိုင်ငံတာဝန်ကို ထမ်းဆောင် နေကြရပါသည်။ လိင်နှင့် ဖွဲ့စည်းတည်ဆောက်ပုံအရ အမျိုးသားများထက် အားနည်းမှုကြောင့် အနိုင်ကျင့်မှုများကိုလည်း အမြဲတစေ ခံစားနေရသည်ကိုလည်း တွေ့ရပါသည်။

ကျွန်မတို့ အမျိုးသမီးတွေမှာ မိခင်နှင့်တူသော မေတ္တာတရားအပြည့်အဝ ရှိကြပါသည်။ ဒါပေမယ့် တကယ်တမ်း လေ့လာကြည့်တဲ့အခါမှာ အမျိုးသမီးတွေရဲ့ဘဝ၊ အမျိုးသမီးတွေရဲ့ကဏ္ဍသည် နိုင်ငံအတော်များများမှာလည်းကောင်း၊ အဖွဲ့အစည်း အတော်များများမှာလည်းကောင်း၊ အရေးပေးခံရခြင်း အားနည်းလျက်ရှိပြီး အမျိုးသားများ နည်းတူ၊ တန်းတူညီတူ အခွင့်အရေးများမရဘဲ လက်လွှတ်ဆုံးရှုံးလျက် ရှိနေသည်ကို တွေ့ရပါတယ်ရှင်။

အဓိကအားဖြင့် ကျွန်မတို့အမျိုးသမီးပါတီ (မွန်) သည်

- အမျိုးသမီးအားလုံးရဲ့ ရပိုင်ခွင့်ကို လူသားတစ်ဦး၏ ရပိုင်ခွင့်အတိုင်း အပြည့်အဝရရှိစေဖို့
- မတူကွဲပြားနေတဲ့ အမျိုးနွယ်များကြား အမျိုးသမီးတို့၏ တန်းတူရည်တူ ရပိုင်ခွင့်အတိုင်း အမျိုးသမီးအားလုံး အပြည့်အဝရရှိစေရန်
- ကမ္ဘာပေါ်ရှိ အမျိုးသမီးများအားလုံးနှင့် အမျိုးသမီးပါတီများအကြား ကွန်ရက်ဆက်သွယ်ဆောင်ရွက်သွားနိုင်ဖို့နှင့်
- အေးချမ်းတည်ငြိမ်ပြီး သာယာဝပြောသော လူ့ဘောင်ကြီး တည်ဆောက်နိုင်ဖို့ဆိုသည့် သဘောထားကို ဦးတည်ထားပါသည်။

ကမ္ဘာကြီးတစ်ခုလုံးတွင်ရှိသော အမျိုးသမီးထုသည် ကမ္ဘာကို အုပ်စိုးနိုင်သည့်အတွက် အခြေခံဖြင့် အခွင့်အရေးတန်းတူရရှိရေးသည် မလွဲမသွေလိုအပ်လျက် ရှိလာပါပြီရှင်။ ကျွန်မတို့အမျိုးသမီးပါတီ (မွန်)၏ တံဆိပ်မှာလည်း နောက်ခံကြည်ပြာရောင် လပြည့်ဝန်းပုံစံဖြစ်ပြီး ငြိမ်းချမ်းသော ကမ္ဘာကြီးတွင် မိခင်မေတ္တာတရားဟူသော အလင်းရောင်လွှမ်းခြုံပေးနေသော လပြည့်ဝန်းပုံကို မှတ်သားထားပြီး အလယ်တွင် ဟင်္သာမောင်နှံပုံ ပါရှိသည်ကို တွေ့ရပါမယ်ရှင်။

အေးချမ်းပြီး ငြိမ်းချမ်းသော ကမ္ဘာကြီးကို မိခင်မေတ္တာအခြေခံထားသော အမျိုးသမီးထုကြီး လွှမ်းခြုံနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင်။

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

## ပင်လောင်းမြို့နယ်၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကြေညာ

**ပင်လောင်း အောက်တိုဘာ ၆**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်လောင်းမြို့နယ်အတွင်းရှိ ထီပေါင်း၊ နောင်ပီ၊ တီကျစ်၊ ဘန့်ပြင်နှင့် နန်းပုလင်းကျေးရွာအုပ်စုတို့ရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စာရင်းများကို ကပ်ထားကြေညာ ဆောင်ရွက်လျက်ရှိရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး ဦးမင်းထက်အောင်၊ အဖွဲ့ဝင်များဖြစ်သည့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်သိန်းရွှေနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းတို့က မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာ ဆောင်ရွက်ထားရှိမှု အခြေအနေကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြသည်။

ပင်လောင်းမြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ မဲဆန္ဒရှင်များ မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ရေးနှင့် အချက်အလက်များ မှားယွင်းမှုမရှိစေရေး ကြည့်ရှုစစ်ဆေးနိုင်ရန် ဒုတိယအကြိမ် နှစ်ပတ်ကြာ ကပ်ထားကြေညာမည်ဖြစ်ကြောင်းနှင့် ပင်လောင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)နှင့် အမှတ်(၂)တို့တွင် မဲရုံပေါင်း ၁၄၃ ရုံရှိပြီး ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူပေါင်း ၁၃၁၀၇၈ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ သိရသည်။ **ရဲမင်းပိုင် (ပင်လောင်း)**

## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၌ ဒုတိယအကြိမ် မဲစာရင်းကြေညာ

**ပင်းတယ အောက်တိုဘာ ၆**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင်စာရင်းများကို ပြန်လည်ပြင်ဆင်ဖြည့်စွက်၍ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာထားရှိမှုများကို ယနေ့နံနက်ပိုင်းက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ အတွင်းရေးမှူး ဒေါ်စုစုမွန်နှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းများ ကြေညာထားရှိမှု အခြေအနေများ၊ မဲဆန္ဒရှင်စာရင်းများတွင် အမည်များ ပြန်လည်ထည့်သွင်းရန် ဆောင်ရွက်ခြင်း၊ ပယ်ဖျက်ရန် ကန့်ကွက်ခြင်း၊ မှားယွင်းမှုများကို ပြန်လည်ပြင်ဆင်ပေးရန် လျှောက်ထားသူများရှိပါက သတ်မှတ်ပုံစံများဖြင့် ဆောင်ရွက်နိုင်ရေး စသည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ပင်းတယမြို့နယ်တွင် မဲရုံအရေအတွက် ၇၈ ရုံနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၆၀၃၃၁ ဦးခန့်ရှိကြောင်း သိရသည်။

**ခင်မျိုးနွယ်
(ပင်းတယ)**

## ပြည်မြို့နယ်၌ မဲဆန္ဒရှင်များစာရင်း ဒုတိယအကြိမ် ကြေညာပေးထား

**ပြည် အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များစာရင်းကို ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ များတွင် အောက်တိုဘာ ၁ ရက်မှစ၍ ၁၄ ရက်အထိ ဒုတိယအကြိမ် (နောက်ဆုံးအကြိမ်) ကပ်ထားကြေညာထားရှိရာ ပြည်မြို့ ကျောင်းကြီးအိုးတန်းရပ်ကွက် ရပ်ကွက်နေပြည်သူများ ကျောင်းကြီးအိုးတန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ လာရောက်ကြည့်ရှုစစ်ဆေးကြသည်။

ပြည်မြို့နယ်တွင် ရပ်ကွက် ၁၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၅ အုပ်စုရှိပြီး မဲရုံပေါင်း ၂၀၉ ရုံ၊ မဲဆန္ဒရှင်ပေါင်း ၁၉၁၁၄၇ ဦးရှိကြောင်း ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေနော်ထံမှ သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ➢ သာသနာ့ဝန်ထမ်း၊
- ➢ ထောင်ဒဏ်ကျခံနေရသူ၊
- ➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- ➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- ➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

## တောင်ကြီးမြို့နယ် ကျေးရွာခုနစ်ရွာတွင် ဒေသခံများဝင်ငွေရရှိရေးစီမံကိန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**နေပြည်တော် အောက်တိုဘာ ၆**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် တောင်ကြီးမြို့နယ်အတွင်း ကျေးရွာခုနစ်ရွာတွင် ဒေသခံများဝင်ငွေရရှိရေး စီမံကိန်းထောက်ပံ့ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၂၀ ဇူလိုင်လမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းဖြင့် မြို့နယ်အတွင်းရှိ ဇလဲရွာမ၊ ထီတခွီး၊ ကုန်းမုန့်၊ ရေပူ၊ ထီထပ်၊ ထီခွ၊ မူးယားရှေ့ စသည့် ကျေးရွာခုနစ်ရွာတွင် ကျေးရွာတစ်ရွာလျှင် Cash for Work စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀ စီဖြင့် ကျေးရွာအဝင်နှင့် ကျေးရွာတွင်းလမ်း ပြုပြင်ခြင်းလုပ်ငန်းငါးခု၊ ကုန်ထုတ်လမ်းပြုပြင်ခြင်းလုပ်ငန်းနှစ်ခု၊ ဇူလိုင်လစတုတ္ထပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသန်းနိုင်ထံက ပြောသည်။

"ဒေသခံများဝင်ငွေရရှိရေး စီမံကိန်းကို ကျေးလက်နေပြည်သူတွေ ကိုဗစ် – ၁၉ ရောဂါကာလအတွင်း လူမှုစီးပွားဘဝထိခိုက်ဆုံးရှုံးမှုတွေ လျော့နည်းသက်သာစေဖို့နဲ့ ဝင်ငွေရရှိစေဖို့ မြို့နယ်အတွင်းက ကျေးရွာခုနစ်ရွာမှာ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာလည်း စနစ်တကျဖြစ်စေဖို့ဌာနက အနီးကပ်စစ်ဆေးကြပ်မတ်ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာတော့ အလုပ်လက်မဲ့ဖြစ်နေသူတွေ၊ ဝင်ငွေမရှိတဲ့သူတွေ၊ အမျိုးသမီးဦးဆောင်တဲ့ အိမ်ထောင်စုတွေကို ဦးစားပေးကာ စီမံကိန်းလုပ်ငန်းတွေ ဝင်ရောက်လုပ်ကိုင်စေပြီး ဝင်ငွေရရှိအောင် ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

Cash for Work စီမံကိန်းသည် ကိုဗစ်ကာလအတွင်း နိုင်ငံတော်၏ အရေးပေါ်တုံ့ပြန်ရေး အစီအစဉ်တစ်ခုဖြစ်ပြီး ကိုဗစ် –၁၉ စီးပွားရေးကုစားမှုအစီအစဉ်ကို အထောက်အကူပြုခြင်း၊ ပြည်သူများချက်ချင်းဝင်ငွေရရှိခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကို အထောက်အကူပြုသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**ဂျိုင်းလော(သတင်းစဉ်)**






## တမူးမြို့တွင် သောက်သုံးရေအတွက် ရေမီတာဖြင့် တိုင် ၂၇၀ ကျော် ရယူသုံးစွဲ

**တမူး အောက်တိုဘာ ၆**

တမူးမြို့တွင် သောက်သုံးရေအတွက် ရေမီတာဖြင့် တိုင် ၂၇၀ ကျော်ရယူသုံးစွဲနေကြောင်း မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးမျိုးမင်းထွန်းထံက သိရသည်။

''ရေမီတာက တစ်ယူနစ်ငွေကျပ် ၅၀၀ ယူပါတယ်။ ပါဟဲချောင်းက ရေယူပြီး သန့်စင်ဖြန့်ဝေပေးနေတာပါ။ လွန်ခဲ့တဲ့ ၂၀၀၈ ခုလောက်က နတလ ဌာနဘတ်ဂျက်ငွေကျပ်သိန်းခြောက်ထောင်ကျော်နဲ့ စလုပ်ပေးခဲ့တာပါ။ ရေကြည်ဖို့ ရေစစ်ကန်တွေ၊ ရေလှောင်ကန်တွေ တည်ဆောက်ထားတာပါ။ ဂါလန်နှစ်သိန်းဆံ့ ရေကန်ဆောက်ထားပြီးရေတင်ပါတယ်။ အဲဒီကနေ မြို့ကို ဖြန့်တာပါ။ နတလက တည်ဆောက်ရေး ပြီးတာနဲ့ စည်ပင်ကို လွှဲခဲ့တာပါ'' ဟု ၎င်းက ပြောသည်။

တမူးမြို့မှ ရေတိုင်လျှောက်သူတိုင်းကို ရေပေးဝေနေခြင်းဖြစ်ပြီး လိုအပ်သူတိုင်းကို လျှောက်ထားလျှင် ရေတိုင်တပ်ဆင်ပေးနေခြင်းဖြစ်ကြောင်း၊ ပါဟဲချောင်းမှာ အမြဲမပြတ်ရေစီးနေသောကြောင့် ရေပြတ်မည်၊ ရေနည်းမည်ကို စိုးရိမ်စရာမလိုကြောင်း၊ မစိန်ဘုန်းကြီးကျောင်းအနီးတွင် ဂါလန်နှစ်သိန်းဆံ့ ရေကန်တစ်ကန်နှင့် ဂေါက်ကွင်းအနီးရှိ ရေကန်တစ်ကန်တို့မှ ရေစုပြီး ရေစစ်ကာ မြို့ကို ရေဖြန့်ဝေပေးနေကြောင်း ၎င်းက ဆက်လက်ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot – line ဖုန်းများဖြစ်သည့် ၀၆၇–၃၄၀၄၆၆၆ နှင့် ၀၆၇–၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ – ၁၀ – ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၁၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၂၅/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၆၅/၅၀၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၅၉၅/၆၂၀ | ကျပ် | ၆၆၀/၆၇၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၉၆ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၅ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၅၂ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၈၃ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၂၈ . ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၂၇ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၀ . ၉၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၆၄၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၁ . ၅၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၁ . ၉၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၄၈၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၂၉၇ | ၂၉၇၀၀၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၅၀၄ | ၁၈၆၄၉၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၂ | ၁၆၂၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၃၂၆၆ | ၇၁၅၁၉၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၂၄ | ၆၆၀၀၀ |
| EFR | ၃၀၅၀ | ၃၀၅၀ | ၈ | ၂၄၄၀၀ |

ခင်ရတနာ – စုစည်းသည်


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | ဝင်းကျော် |
| သတင်းထောက်ချုပ် | – | မြင့်ဆွေ |
| စာတည်းများ | – | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | – | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | – | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၆-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀)နာရီ

၁။ (၅-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၉၈၇) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ဒလ | ၁၁၁ |
| | | လှိုင်သာယာ | ၁၀၃ |
| | | မင်္ဂလာဒုံ | ၇၂ |
| | | အင်းစိန် | ၅၇ |
| | | သင်္ဃန်းကျွန်း | ၆၀ |
| | | တာမွေ | ၅၀ |
| | | အလုံ | ၃၅ |
| | | လှည်းကူး | ၃၃ |
| | | မြောက်ဥက္ကလာပ | ၃၂ |
| | | လှိုင် | ၂၉ |
| | | တွံတေး | ၂၇ |
| | | ရွှေပြည်သာ | ၂၃ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၀ |
| | | မရမ်းကုန်း | ၁၉ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၈ |
| | | ခရမ်း | ၁၆ |
| | | သန်လျင် | ၁၆ |
| | | တိုက်ကြီး | ၁၄ |
| | | ကြည့်မြင်တိုင် | ၁၄ |
| | | ဗိုလ်တထောင် | ၁၃ |
| | | ရန်ကင်း | ၁၀ |
| | | ဗဟန်း | ၁၀ |
| | | ဒဂုံ | ၁၀ |
| | | မှော်ဘီ | ၁၀ |
| | | မင်္ဂလာတောင်ညွန့် | ၁၀ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၉ |
| | | သာကေတ | ၉ |
| | | တောင်ဥက္ကလာပ | ၉ |
| | | လမ်းမတော် | ၈ |
| | | လသာ | ၈ |
| | | သုံးခွ | ၈ |
| | | ပုဇွန်တောင် | ၇ |
| | | စမ်းချောင်း | ၆ |
| | | ဒဂုံဆိပ်ကမ်း | ၅ |
| | | ကမာရွတ် | ၅ |
| | | ဒေါပုံ | ၄ |
| | | ထန်းတပင် | ၂ |
| | | ပန်းပဲတန်း | ၂ |
| | | ကျောက်တံတား | ၂ |
| | | ကော့မှူး | ၁ |
| | | ဆိပ်ကြီးခနောင်တို | ၁ |
| | | စုစုပေါင်း | ၈၉၆ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | အမရပူရ | ၆ |
| | | ချမ်းအေးသာစံ | ၆ |
| | | ရမည်းသင်း | ၅ |
| | | အောင်မြေသာဇံ | ၄ |
| | | ပျော်ဘွယ် | ၃ |
| | | ပုသိမ်ကြီး | ၂ |
| | | ပြင်ဦးလွင် | ၁ |
| | | ကျောက်ပန်းတောင်း | ၁ |
| | | မြင်းခြံ | ၁ |
| | | ပြည်ကြီးတံခွန် | ၁ |
| | | သာစည် | ၁ |
| | | စုစုပေါင်း | ၃၁ |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၈ |
| | | ဓနုဖြူ | ၃ |
| | | ကျုံပျော် | ၁ |
| | | မအူပင် | ၁ |
| | | မော်လမြိုင်ကျွန်း | ၃ |
| | | မြောင်းမြ | ၁ |
| | | ညောင်တုန်း | ၁ |
| | | ဝါးခယ်မ | ၁ |
| | | အိမ်မဲ | ၁ |
| | | စုစုပေါင်း | ၂၀ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ဇီးကုန်း | ၄ |
| | | ပဲခူး | ၃ |
| | | တောင်ငူ | ၃ |
| | | ပြည် | ၂ |
| | | သနပ်ပင် | ၂ |
| | | နတ်တလင်း | ၁ |
| | | ရေတာရှည် | ၁ |
| | | ဝေါ | ၁ |
| | | စုစုပေါင်း | ၁၇ |
| ၅။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ | ၄ |
| | | စစ်တွေ | ၄ |
| | | ကျောက်တော် | ၂ |
| | | ပုဏ္ဏားကျွန်း | ၁ |
| | | သံတွဲ | ၁ |
| | | စုစုပေါင်း | ၁၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ဖောင်းပြင် | ၁ |
| | | ကလေး | ၁ |
| | | ကောလင်း | ၁ |
| | | စုစုပေါင်း | ၃ |
| ၇။ | မကွေးတိုင်းဒေသကြီး | နတ်မောက် | ၁ |
| | | ပခုက္ကူ | ၁ |
| | | စုစုပေါင်း | ၂ |
| ၈။ | နေပြည်တော် | လယ်ဝေး | ၁ |
| | | ပျဉ်းမနား | ၁ |
| | | စုစုပေါင်း | ၂ |
| ၉။ | မွန်ပြည်နယ် | မုဒုံ | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၀။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ကျောက်မဲ | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၁။ | ချင်းပြည်နယ် | ဟားခါး* | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၁ |
| | | စုစုပေါင်း | ၁ |
| (၅-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၉၈၇) ဦး |

* ရန်ကုန်တိုင်းဒေသကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသူ ဖြစ်ပါသည်။

မှတ်ချက်။ (၅-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၉၈၇) ဦးတွင် အနံ့မရရှိသူ (၃၀၀) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## UNOPS, WHO နှင့် ICRC တာဝန်ရှိသူများ ရေဝတီစင်တာသို့ လာရောက်၍ မကြာမီဖွင့်လှစ်တော့မည့် ICU/HDU ၇၅ ခုတင်ပါ Critical Care Unit သို့ ကြည့်ရှု

**ရန်ကုန် အောက်တိုဘာ ၆**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သော UNOPS ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ရေဝတီစင်တာသို့ ယနေ့နံနက်ပိုင်းက လာရောက်လည်ပတ်ခဲ့ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ခံဆရာဝန်ကြီးများနှင့် ရေဝတီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော်တို့က လက်ခံတွေ့ဆုံပြီး ရေဝတီစင်တာ၏ လည်ပတ်နေပုံအဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသသည်။ **(ယာပုံ)**



နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ၈၇၅ ခုတင်ဆံ့ ရေဝတီစင်တာ (A)နှင့် (B) တို့၏ လည်ပတ်ဆောင်ရွက်နေပုံကို ဝင်ရောက်လေ့လာခဲ့ပြီး အသစ်ဖွင့်လှစ်တော့မည့် ICU/HDU ၇၅ ခုတင်ပါ Critical Care Unit - ရေဝတီစင်တာ (C) ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို အသေးစိတ် လေ့လာဆွေးနွေးသည်။ ယင်းကဲ့သို့ ဆွေးနွေးကြရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ တာဝန်ရှိသူများက ICU/HDU အတွက် ဆရာဝန်၊ သူနာပြု၊ Radiologist၊ Laboratory Technician များနှင့်ပတ်သက်၍ လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်သည် အရေးကြီးပါကြောင်း၊ လိုအပ်သောသင်တန်းများကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း ညှိနှိုင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ Infrastructure များနှင့် ပတ်သက်၍ ရေဝတီဖောင်ဒေးရှင်းက ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ UNOPS မှ အကြံဉာဏ်ကောင်းများ ပေးသွားမည်ဖြစ်ကြောင်း၊ ICRC ဘက်မှလည်း ရေဝတီစင်တာတွင် ကြက်ခြေနီအဖွဲ့ဝင်များ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ရေဝတီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော်ကလည်း ICU/HDU စင်တာအတွက် လူ့စွမ်းအားအရင်းအမြစ်က အမှန်တကယ်အရေးကြီးပါကြောင်း၊ WHO အနေဖြင့်လည်း လိုအပ်သည့် သင်တန်းများပံ့ပိုးပေးမည့်အတွက် အလွန်ဝမ်းမြောက်မိပါကြောင်း၊ UNOPS အနေဖြင့်လည်း Logistic, Equipment, Infrastructure ပိုင်းများကို အကြံဉာဏ်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ICRC နှင့် ပတ်သက်သည့်ကိစ္စများကိုလည်း ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ လိုအပ်သည့် ခွင့်ပြုချက်များကို နိုင်ငံတော်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့တင်ပြ၍ ခွင့်ပြုချက်ရယူသွားမည် ဖြစ်ပါကြောင်း၊ လူသားအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့ အဖွဲ့အစည်းအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတော်နှင့် ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်လိုပါကြောင်းနှင့် ယခုခရီးစဉ်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ယခုကဲ့သို့ ရေဝတီစင်တာ အချိန်တိုအတွင်း အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခြင်းကလည်း အားလုံး၏ စည်းလုံးမှုကြောင့်သာဖြစ်ကြောင်း၊ လူသားအကျိုးပြုလုပ်ငန်းများကို Private Sector များ၊ Local NGO များနှင့် အစိုးရတို့ ပူးပေါင်းဆောင်ရွက်နိုင်ပါက ပိုမိုကောင်းမွန်နိုင်ပါကြောင်းနှင့် PPP Platform တစ်ခုတည်ဆောက်သင့်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က အကြံပြုပြောကြားပြီး UNOPS မှလည်း Coordination Network များကို ဆက်လက်တိုးချဲ့တည်ဆောက်ပြီး ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားသည်။ မိမိတို့ ရေဝတီဖောင်ဒေးရှင်းအနေဖြင့် ထိုကဲ့သို့ အများနှင့်ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် အစဉ်အမြဲ ကြိုးပမ်းလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ရေဝတီစင်တာသို့ လာရောက်၍ အကြံကောင်းဉာဏ်ကောင်းများပေးပါသော UNOPS၊ WHO နှင့် ICRC တို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း ဦးဇော်ဇော်က ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

ရေဝတီဖောင်ဒေးရှင်းက အမျိုးသားဘောလုံးအကယ်ဒမီလေ့ကျင့်ရေးကွင်းနှစ်ကွင်း၊ သုဝဏ္ဏဘောလုံးကွင်း အထူးတန်းလေ့ကားအနီးနှင့် သုဝဏ္ဏဘောလုံးကွင်းရှိ လက်ရွေးစင်ကစားသမား နားနေဆောင်တို့ကို ကိုဗစ်-၁၉ ရောဂါလူနာများထားရှိရန် ရေဝတီစင်တာ (A)၊ (B)၊ (C) အဖြစ် တည်ဆောက်ဆောင်ရွက်ပေးလျက်ရှိသည်။ ရေဝတီစင်တာများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၏ နေထိုင်စားသောက်မှုများ၊ ကိုဗစ်-၁၉ ရောဂါလူနာများ၏ နေ့စဉ်အစားအသောက်များကို ရေဝတီဖောင်ဒေးရှင်းက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

**ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-ကိုမိုး**

## ရိခေါ်ဒါရ်မြို့၌ အလှူရှင်တစ်ဦးက နှာခေါင်းစည်းများ၊ မျက်နှာအကာနှင့် လက်အိတ်များ လာရောက်လှူဒါန်းပေး

**ရိခေါ်ဒါရ် အောက်တိုလာ ၆**

ချင်းပြည်နယ် ဖလမ်းခရိုင် ရိခေါ်ဒါရ်မြို့၌ အလှူရှင်တစ်ဦးက နှာခေါင်းစည်းနှင့် မျက်နှာအကာများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးကော်မတီထံသို့ အောက်တိုဘာ ၅ ရက်က လာရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ရိခေါ်ဒါရ်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးကော်မတီမှ ဒေသအတွင်း ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါပြန့်ပွားမှုထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ စေတနာအလှူရှင်တစ်ဦးဖြစ်သည့် ဖလမ်းမြို့နယ် ဖွန်သဲကျေးရွာနေ ဦး Issac က ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း ၁၀၀၀၊ မျက်နှာအကာ ၁၀၀၀ နှင့် လက်အိတ် ၁၀၀၀ တို့ကို ကော်မတီထံသို့ လာရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**လာလ်ပက်လောမ်**
**(ပက်ကာ)**

## သံဃာတော်(၁၆၆၀)ကျော် သီတင်းသုံးတော်မူသော မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ရေ – မီး ထာဝရငွေပဒေသာပင်

## ကျပ်သိန်း(၁)သောင်း စီမံကိန်း ဆက်သွယ်လှူဒါန်းရန်– မစိုးရိမ်တိုက်သစ် ဂေါပကအဖွဲ့

ဦးလှအောင်(ဥက္ကဋ္ဌ)၊ ဖုန်း–၀၉–၂၀၀၃၂၂၉ ဦးမြဇော်(အတွင်းရေးမှူး) ဖုန်း–၀၉–၂၀၀၇၃၆၄
ဦးကျော်ဇေယျ(အဖွဲ့ဝင်) ဖုန်း–၀၉–၂၀၀၃၈၅၅ ဦးသိန်းငွေအောင်(အဖွဲ့ဝင်) ဖုန်း–၀၉–၂၀၀၉၇၉၀
ဦးကင်းဝန် (အဖွဲ့ဝင်) ဖုန်း–၀၉–၅၃၀၂၁၃၇

**မန္တလေးမြို့၊ ၈၉ လမ်း၊ ၃၈x၄၁ လမ်းကြား၊ မစိုးရိမ်တိုက်သစ်သို့လည်း လူကိုယ်တိုင်လာရောက် လှူဒါန်းနိုင်ပါသည်။**

### မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် ရေ၊ မီး ပဒေသာပင် ၉–လပိုင်း အလှူရှင်စာရင်း

| စဉ် | အလှူရှင် | အလှူငွေ |
|---|---|---|
| ၂၆ | မောင်ရှိန်းခန့်အောင် ရုံးသာရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ | 150000 |
| ၂၇ | ဦးခင်ကြီး–ဒေါ်သောင်းသောင်းအား ရည်စူး၍ ဦးအေးသွင်–ဒေါ်ခင်သိန်းဦး မြောက်ဒဂုံ၊ ရန်ကုန်မြို့ | 110000 |
| ၂၈ | ဒေါ်ရီရီတင့် လှည်းတန်း ကမာရွတ် ရန်ကုန် | 100000 |
| ၂၉ | ဦးမောင်အေး–ဒေါ်မိုး ခေတ္တ ထိုင်းနိုင်ငံ(လစဉ်) | 100000 |
| ၃၀ | မခင်သူဇာ၏ မွေးနေ့အလှူ ၄၂၊ ၇၉ x ၈၀ ကြား၊ မန္တလေးမြို့ | 100000 |
| ၃၁ | ဒေါ်ကြည်လှိုင် မိသားစု အမှတ် ၂၈၇၊ ဒါနလမ်း၊ ကညွှံရပ်၊ ထားဝယ်မြို့ | 100000 |
| ၃၂ | ဒေါ်ဝါဝါခိုင် မိသားစု အမှတ် ၂၈၇၊ ဒါနလမ်း၊ ကညွှံရပ်၊ ထားဝယ်မြို့ | 100000 |
| ၃၃ | ဆရာမ ဒေါ်စုစုလှိုင် မိသားစု ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့ | 100000 |
| ၃၄ | ဦးအောင်ဘော်–ဒေါ်ခင်ခင်သန်း မြေး မောင်စိုးလင်းထက် သီတဂူအာရောဂျဒါနဆေးရုံ၊ ထားဝယ်မြို့ | 100000 |
| ၃၅ | ဦးကိုကို – ဒေါ်ကြည်ကြည်လွင် ဒေါ်အေးအေးလွင်၊ ဒေါ်သက်သက်ဝါ ဆရာမ ဒေါ်သန်းကြူ သူငယ်ချင်းများ မောင်းမကန်လမ်း၊ ကမျောကင်း၊ ရွှားလောင်းလုံးမြို့ | 100000 |
| ၃၆ | ဦးသောင်းညွှန့် မွေးနေ့အလှူ အမှတ် (၁၈)၊ ဓမ္မပါလလမ်း၊ ၅ ရပ်ကွက်၊ မရမ်းကုန်း၊ ရန်ကုန်မြို့ | 100000 |
| ၃၇ | ဦးလှမြင့် ၁၈၊ ၈၁ x ၈၂ ကြား၊ မန္တလေးမြို့ | 100000 |
| ၃၈ | ဒေါ်ဝင်းကြည်မြင့်– ဒေါ်အေးအေးသန်း သား မောင်မျိုးဇော်သူ သမီး မအင်ကြင်ဖြူ မိသားစု မန္တလေးမြို့ | 100000 |
| ၃၉ | ဦးစန်းယု–ဒေါ်ခင်မာအေး သား မောင်ကောင်းစည်သူ ဦးကျော်စိန်နှင့် သားများ စက်မှုလက်မှု မန္တလေးမြို့ (လစဉ်) | 100000 |
| ၄၀ | ကျောက်စိမ်းပန်းပုညီအစ်ကိုများ မန္တလေးမြို့ | 100000 |
| ၄၁ | ဦးခင်မောင် အသက် ၈၀ ပြည့်မွေးနေ့အလှူ တိုက် (၃)၊ ဘီ(၁) မဟာမြိုင်အိမ်ရာ၊ ဦးဝိစာရလမ်း၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၄၂ | မခင်ရတနာဖြိုး မွေးနေ့အလှူ အမှတ် (၄၄၀)၊ အလယ်လမ်း၊ မြောင်းပုလဲရပ်၊ ထားဝယ်မြို့ | 100000 |
| ၄၃ | ဦးမောင်စိန်–ဒေါ်ယဉ်ယဉ်ဝင်း သား မောင်သက်ပိုင်စိုး၊ ဒေါက်တာရာဇာစိုး အမှတ် (၁၅၃)၊ အနောက်လမ်း၊ အနောက်ရပ်၊ ထားဝယ်မြို့ | 100000 |
| ၄၄ | ဒေါက်တာ အောင်မင်းတင် မြစ်ကြီးနားမြို့ | 100000 |
| ၄၅ | ပါမောက္ခ Dr ထွန်းထွန်းဦး – ပါမောက္ခ Dr သက်သက်မြင့် သမီး ပါမောက္ခ Dr စုရည်ထွန်း ၆၄လမ်း၊ ၁၀၄ x ၁၀၅ မြို့သစ်၊ မန္တလေးမြို့ | 100000 |
| ၄၆ | ဦးမြင့်သန်း–ဒေါ်ခင်သက်တင် သမီး မကြည်သာခန့် မိသားစု ၁၆/၄ ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၄၇ | ကွယ်လွန်သူ ဒုဗိုလ်မှူးကြီး အောင်ပြည့်ဟိန်း အသက် (၃၈) (တစ်နှစ်ပြည့်အထိမ်းအမှတ်)အား ရည်စူး၍ မိခင်ကြီး ဒေါ်ခင်ဝင်း | 100000 |
| ၄၈ | မမြင့်မြင့်သွယ် ခိုင်ပွင့်စတိုး အမှတ်(၈၀)၊ ကုန်းဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ် | 100000 |
| ၄၉ | ဦးစိုင်းစောအောင် – ဒေါ်နန်းငွေမြ မနော်ဟရီလမ်း (၅၆)မိသားစု | 100000 |
| ၅၀ | ဦးအောင်ချစ်– ဒေါ်ယဉ်ယဉ်သိန်း ၂၂ x ၉၁ လမ်းထောင့် မင်းတဲအီကင်း | 100000 |

ဆက်လက်ဖော်ပြသွားပါမည်

## အသိပေးကြေညာခြင်း

Engr. ဦးအေးမင်းချို RSEConstruction (Road) သည် လမ်းအင်ဂျင်နီယာအဖြစ် မြန်မာအင်ဂျင်နီယာကောင်စီမှ အသိအမှတ်ပြုထားပါသည်။ ဤလက်မှတ်အား ခွင့်ပြုချက်အထောက်အထား တစ်စုံတစ်ရာမပါရှိပါဘဲ လက်မှတ်အတုဖြင့် သုံးစွဲထားပါက သက်ဆိုင်ရာကုမ္ပဏီနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်အား မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသို့ တိုင်ကြားပြီး ဆိုင်ရာဥပဒေအရ တရားစွဲမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးကြေညာပါသည်။ ထို့အတူ တံဆိပ်တုံး/လက်မှတ်အတုဖြင့် တင်ဒါယှဉ်ပြိုင်ခြင်းလုပ်ငန်းများတွင်လည်းကောင်း၊ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ထားခြင်းအားဖြင့်လည်းကောင်း ပေါ်ပေါက်လာသော ပြဿနာအား တာဝန်ယူခြင်း၊ ဖြေရှင်းပေးခြင်း ပြုမည်မဟုတ်ကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

**Engr. ဦးအေးမင်းချို**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦး ထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ် ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
## နေပြည်တော်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်–

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါအမှတ်စဉ် |
|---|---|---|---|
| ၁ | Dell or Hp Branded Desktop Computer, UPS, Web Cam | ၂၀၀ စုံ | 01–eGov/20–21 |
| ၂ | Laser printer A4, Legal | ၂၀၀ လုံး | 02–eGov/20–21 |

၂။တင်ဒါတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် – ၃–၁၁–၂၀၂၀ရက်
၃။ တင်ဒါပိတ်သိမ်းမည့်ရက် – ၃၀–၁၁–၂၀၂၀ရက်
၄။ အမှတ်စဉ်(၁)အတွက် တင်ဒါတင်သွင်းလွှာပုံစံအား တစ်စောင်လျှင် (၃၀၀၀ိ/–) နှုန်းဖြင့်လည်းကောင်း၊ အမှတ်စဉ် (၂)အတွက် တင်ဒါတင်သွင်းလွှာပုံစံအား တစ်စောင်လျှင် (၁၅၀၀ိ/–)နှုန်းဖြင့်လည်းကောင်း သတ်မှတ်ကာလအတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း–၀၆၇–၃၄၃၀၅၂၆သို့လည်းကောင်း၊ e-Gov@usc.gov.mm Mail သို့လည်းကောင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
ရုံးအမှတ် (၅၄)၊ နေပြည်တော်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
## အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | လုပ်ငန်းအမည် | အရေအတွက် | Lot No |
|---|---|---|---|
| (က) | ဇဟိုဆောင်(အလျား ၆၆၀'၊ အနံ ၄၄'၊ အမြင့် ၂၈')(၂)ထပ်ဆောင် (အမ်ကန်0.42 mm) သွပ်ဖြင့် အမိုးလဲလှယ်ခြင်း၊ မြန်မာမှု သွပ်ကနုတ်ပန်းများအား ဖြုတ်သိမ်းခြင်း၊ အတွင်း/အပြင်ဆေးသုတ်မွမ်းမံခြင်း၊ ရေသန့်လုပ်ငန်းနှင့် ရေပိုက်များ ပြုပြင်မွမ်းမံခြင်း လုပ်ငန်း။ | ၁–လုံး | Lot(1) |
| (ခ) | ဝန်ထမ်းအိမ်ရာ(၈)ခန်းတွဲ(၄)ထပ်(အလျား ၁၀၄'၊ အနံ ၃၂'၊ အမြင့် ၄၂') အပြင်ဘက်ဆေးသုတ်ခြင်း၊ တံခါး ပြုတင်းပေါက်နှင့် ရေပိုက်များ ပြုပြင်မွမ်းမံခြင်းလုပ်ငန်း။ | ၁–လုံး | Lot (2) |

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များအား အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၇–၁၀–၂၀၂၀ရက်မှ ၆–၁၁–၂၀၂၀ ရက် အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း– ၀၁– ၆၅၀၇၀၇ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်–

မှတ်ချက်။ တင်ဒါတင်သွင်း/ဖွင့်ဖောက်မည့်ရက်၊ အချိန်၊ နေရာအား ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန၊ တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
## တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်မှ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းအမည် |
|---|---|
| (က) | ကျောင်းဝင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်း (၆၇၀') အုတ်တစ်ဝက် + သံပန်းတစ်ဝက်၊ RC တိုင်ဆောက်လုပ်ခြင်းလုပ်ငန်း |
| (ခ) | ဘက်စုံသုံးအားကစားခန်းမ (၁၂၀' x ၈၈' x ၂၇') (ရေမီးအပါအဝင်)၊ အဝင်လမ်း (၁၀၀' x ၁၂' x ၈") ဆောက်လုပ်ခြင်းလုပ်ငန်း Steel Structure |
| (ဂ) | 500KVA Transformer (၁)လုံး တပ်ဆင်ခြင်းလုပ်ငန်း |
| (ဃ) | အမရာဆောင်နှင့် ကျောင်းသားဆောင်နောက် မြေသားလမ်းအား ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း (၂၃၁၀၀ စ/ပ) |
| (င) | ၁၆၀ဦးဆံ့ ကျောင်းသား/သူ အိပ်ဆောင် (၂)ထပ် RC (၂၁၂' x ၁၃၂') (၂၆၉၂၄ စ/ပ) (၁)လုံးနှင့် ထမင်းစားဆောင် (၁၂၂' x ၄၈') (၅၈၅၆ စ/ပ) (ရေမီးအပါအဝင်) အဆောင်အဝင်လမ်း (၂၀၀' x ၁၂' x ၈")၊ ပြင်ပရေ(၄"အဝီစိတွင်းဂါလန် ၁၂၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန် 5.5 HP Summersible Pump နှင့် အဆောက်အဦ) ပြင်ပမီးသွယ်တန်းခြင်း အပါအဝင် ဆောက်လုပ်ခြင်းလုပ်ငန်း |
| (စ) | ၄ ခန်းတွဲလေးထပ် ဆရာ/မ ဆောင် RC (၁၀၀' x ၃၀')၊ အဆောင်အဝင်လမ်း (၁၀၀' x ၁၂' x ၈") ပြင်ပရေ (၄" အဝီစိတွင်းဂါလန် ၁၂၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန် 5.5 HP Summersible Pump နှင့် အဆောက်အဦ)ပြင်ပမီးသွယ်တန်းခြင်း အပါအဝင်(၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း |

၂။ အိတ်ဖွင့်ပုံစံနှင့် စည်းကမ်းချက်များကို ၁၃–၁၀–၂၀၂၀ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး ၁၂–၁၁–၂၀၂၀ရက် ညနေ ၄:၃၀ နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း–၀၉–၂၅၀၀၇၃၉၉၇၊ ၀၉–၉၇၈၇၈၉၉၃၀ နှင့် Website ဖြစ်သော (wytu.edu.com) တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတား၊ ရေပေးရေး၊ အခြားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** – ၁–၁၀–၂၀၂၀ ရက် (ကြာသပတေးနေ့)
(ခ) **တင်ဒါလျှောက်လွှာရောင်းချမှု ပိတ်သိမ်းမည့်ရက်** – ၃–၁၁–၂၀၂၀ ရက် (အင်္ဂါနေ့)
(ဂ) **တင်ဒါလျှောက်လွှာ (နောက်ဆုံး) တင်သွင်းရမည့်ရက်** – ၃–၁၁–၂၀၂၀ ရက် (အင်္ဂါနေ့)
(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်** – ၅–၁၁–၂၀၂၀ ရက် (ကြာသပတေးနေ့)

၂။ အသေးစိတ်အချက်အလက်များကို www.drdmyanmar.org ၊ www.drd.gov.mm ၊ www.tenders.yangon.gov.mm နှင့် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမှတ်(၂၄၅)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၀၁–၉၀၁၀၆၅၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နန်းဝါ (ဘ) ဦးရှင် ၁၀/ရမန(နိုင်)၁၃၉၇၅၂ ရေးမြို့နေသူ၏ ဖိုင်အိတ်(၁)လုံးတည်းတွင် စုပေါင်းထည့်ထားသော ၁၁–၃–၂၀၁၂ ရက်စွဲပါ အိမ်နှင့်မြေအရောင်းအဝယ်စာချုပ်မူရင်း၊ ၎င်းအိမ်မြေနှင့်ဆက်စပ်သည့် ၁၄–၇–၂၀၀၆ရက်စွဲပါ မြေနှင့်နေအိမ်အရောင်းအဝယ်စာချုပ်မူရင်း၊ ၁၆–၃–၂၀၂၀ ရက်စွဲပါ လင်မယားအဖြစ် ပြန်လည်ပေါင်းသင်းကြောင်း သဘောတူကတိစာချုပ်မူရင်း၊ ၂၁–၇–၂၀၂၀ ရက်စွဲပါ R–၁၃/၂၀၂၀ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းစာချုပ်မူရင်းနှင့် နှစ်ဦးသဘောတူလင်မယားနှစ်ဦးပိုင် ပစ္စည်းခွဲဝေခြင်းကတိစာချုပ်မူရင်း၊ နို့တစ်စာမူရင်းခွဲများ၊ စာတိုက်ဖြတ်ပိုင်းမူရင်းများနှင့် အခြားစာရွက်စာတမ်းမူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဒေါ်နန်းဝါ**
**ဖုန်း–၀၉–၂၅၆၇၅၀၄၄၁**

## ကယားပြည်နယ်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်တွင် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်–

| စဉ် | လုပ်ငန်းအမည် | တည်နေရာ | Lot အမည် | ရန်ပုံငွေ (ကျပ်သိန်း) |
|---|---|---|---|---|
| ၁ | ထေးငှားလျားကန် ရေဝင်မြောင်း(ပေ–၁၉၀၀) ကျောက်လိုင်နင်စီခြင်း | လွိုင်ကော် | Lot–1 | ၁၃၃.၀၀၀ |
| ၂ | နမ့်ပွန်ချောင်းမြေထိန်းနံရံတည်ဆောက်ခြင်း(၆၀၀ပေ) | ဘော်လခဲ | | ၁၂၄.၅၀၀ |
| | Lot–1 စုစုပေါင်း | | | ၃၄၇.၅၀၀ |
| ၁ | ဖဲလျားရေလွှဲဆည်အမှတ်(၂)၏ ရေပေးမြောင်းမကြီးအား ပေတိုင် ၀မှ ၈၇၅၀ အထိ ကွန်ကရစ်လိုင်နင်စီခြင်း | ဒီးမော့ဆို | | ၂၆၈.၇၀၀ |
| ၂ | ဖဲလျားရေလွှဲဆည်အမှတ်(၁)၏ ရေပေးမြောင်းမကြီးအား ပေတိုင် ၀မှ ၂၉၄၀ အထိ ကွန်ကရစ်လိုင်နင်စီခြင်း | ဒီးမော့ဆို | Lot– 2 | ၇၀.၅၀၀ |
| ၃ | လက်တံ(၄)အား ရေကူရေပေးရန် ဖိုးပြားချောင်းတွင် ရေလွှဲဆည်တည်ဆောက်ခြင်း | ဒီးမော့ဆို | | ၄၉.၅၀၀ |
| | Lot–2 စုစုပေါင်း | | | ၃၈၈.၇၀၀ |
| ၁ | ဘုရားဖြူကျေးရွာမှ မိုးဗြဲလက်ဝဲမြောင်းမကြီး မိုင်နာ(၁၉)အထိ လယ်ယာကုန်ထုတ်လမ်း ၂၂၀၀၀'တွင် မိုးဗြဲလက်ဝဲမြောင်းလက်တံ(၃) မိုင်နာ(၃ မြောင်းအဆုံးမှ မိုးဗြဲလက်ဝဲမြောင်း မိုင်နာ(၁၉)အထိ (ပေ –၁၂၀၀၀)အား ကျောက်ချောလမ်းခင်းခြင်း | လွိုင်ကော် | Lot– 3 | ၁၈၀.၀၀၀ |
| | Lot–3 စုစုပေါင်း | | | ၁၈၀.၀၀၀ |

၂။ အိတ်ဖွင့်တင်ဒါ ပုံစံနှင့် စည်းကမ်းချက်များကို ကယားပြည်နယ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးရုံး၌ ၇–၁၀–၂၀၂၀ရက်တွင် စတင်ရောင်းချပေးမည်ဖြစ်ပြီး ၇–၁၁–၂၀၂၀ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးရုံး၊ လွိုင် ကော်မြို့၊ ဖုန်း(၀၈၃–၂၁၀၄၀၊ ၀၈၃–၂၁၅၂၃)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဒုတိယညွှန်ကြားရေးမှူးရုံး**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ကယားပြည်နယ်၊လွိုင်ကော်မြို့**

## အဆင့်မြင့်ပညာဦးစီးဌာန
## ထားဝယ်ပညာရေးဒီဂရီကောလိပ်
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ထားဝယ်ပညာရေးဒီဂရီကောလိပ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် (၉၀'x၃၀') (၂)ထပ် စာကြည့်တိုက် RC (၁)ဆောင် (အတွင်းအပြင်ရေမီးအပါအဝင်)တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါရောင်းချမည့်ရက်** - ၇-၁၀-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း)

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၁၁-၂၀၂၀ရက် (သောကြာနေ့) ညနေ ၁၆:၀၀နာရီ

၄။ **တင်ဒါတင်လျှောက်လွှာဝယ်ယူ တင်သွင်းရမည့်နေရာ** - စီမံ/ဘဏ္ဍာဌာန ထားဝယ်ပညာရေးဒီဂရီကောလိပ်

၅။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၅၉-၂၀၂၃၃၆၊ ၀၅၉-၂၀၂၂၂၄သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ထားဝယ်ပညာရေးဒီဂရီကောလိပ်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး
## ချင်းပြည်နယ်-ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ချင်းပြည်နယ် သစ်တောဦးစီးဌာန၊ ဟားခါးမြို့နယ်တွင် မြို့နယ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးနေအိမ် ခြံစည်းရိုးကာရံခြင်း၊ ရုံးဝင်းကွန်ကရစ်ခင်းခြင်း၊ ဖလမ်းမြို့နယ်တွင် မြို့နယ်ရုံး၊ ပျိုးဥယျာဉ်မြေထိန်းနံရံ၊ ရေကန်၊ Ground Tank (ဂါလန် ၁၂၀၀ ဆံ့) (၁)လုံး၊ ရေစင်(ဂါလန် ၈၀၀ ဆံ့) (၁)လုံး၊ တွန်းဇံမြို့နယ်တွင် မြို့နယ်ရုံး၊ မင်းတပ်မြို့နယ်တွင် ဝန်ထမ်းအိမ်ရာ၊ ရုံးဝင်းခြံစည်းရိုးကာရံခြင်း၊ ကန်ပက်လက်မြို့နယ်တွင် ဝန်ထမ်းအိမ်ရာ၊ ရုံးဝင်းခြံစည်းရိုးကာရံခြင်းနှင့် ပလက်ဝမြို့နယ်တွင် ဦးစီးအရာရှိနေအိမ်ဆောက်လုပ်ခြင်းလုပ်ငန်းများအား အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၅-၁၀-၂၀၂၀ရက် (ရုံးချိန်အတွင်း)

(ခ) တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက် - ၅-၁၁-၂၀၂၀ရက် (ရုံးချိန်အတွင်း)

(ဂ) တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - ညွှန်ကြားရေးမှူးရုံး၊ ချင်းပြည်နယ် သစ်တောဦးစီးဌာန၊ ဟားခါးမြို့

၂။ အသေးစိတ်အချက်အလက်များကို သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ချင်းပြည်နယ် ဖုန်း-၀၇၀-၂၁၁၀၇၊ ၀၇၀- ၂၂၅၅၂၊ ၀၇၀-၂၂၅၅၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

---

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေးလျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(ဒုတိယအကြိမ်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအား (ဒုတိယအကြိမ်) တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ ဆောင်ရွက်လိုသောမြန်မာနိုင်ငံ သားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါ သည်-

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၂-၁၀-၂၀၂၀ရက် (ရုံးချိန်အတွင်း)

(ခ) **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** - ၆-၁၁-၂၀၂၀ရက် ညနေ ၀၄:၃၀နာရီ

(ဂ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် cekachin@gmail.com

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြင့်သော်လည်းကောင်း၊ Online ဖြင့် သော်လည်းကောင်း တင်ဒါလျှောက်လွှာများအားရောင်းချမည်ဖြစ်ပြီး တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များသိရှိလိုပါက အတွင်းရေးမှူး၊ တင်ဒါကော်မတီ(ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၅၂၂၃၂၊ ၂၅၂၂၃၆၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါကော်မတီ**
**လမ်းဦးစီးဌာန၊ ကချင်ပြည်နယ်**

---

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ၁၅လမ်း၊ အကွက်အမှတ် (၆)၊ အလျားပေ ၈၀xအနံပေ ၆၀၊ ဧရိယာ ၀ဒသမ၁၁၀ဧက ကျယ်ဝန်းသည့် အရှေ့လားသော်-၁၅လမ်း၊ အကွက်အမှတ် (၈)၊ အနောက်လားသော်-၁၅လမ်း၊ အကွက်အမှတ် (၄)၊ တောင်လားသော်-သီရိမင်္ဂလာလမ်း (၂၈)၊ မြောက်လားသော်-၁၅လမ်း၊ ၎င်းနယ်လေးရပ်အတွင်းတည်ရှိသည့် မြေကွက်သည် ၁၉၉၅ ခုနှစ်မှစတင်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှလှဦး ၅/မရန(နိုင်)၀၂၅၉၂၁ လက်ထိလက်ရောက်ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါ သည်။

ယင်းမြေကွက်ကို ဝယ်ယူစဉ်က ပိုင်ရေးပိုင်ခွင့် စာရွက်စာတမ်းအထောက်အထားများလိုအပ်ချက်များရှိနေပါသဖြင့် မည်သူမဆို မူရင်းပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားများရှိခဲ့ပါက သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ၂၀-၁၀-၂၀၂၀ရက်အတွင်း လာရောက်ကန့်ကွက်တားမြစ်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါဝင်းခြံမြေကို ဥပဒေနှင့်အညီ တရားဝင် ပိုင်ဆိုင်ခွင့်ရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းထွန်းအောင် (B.A, H.G.P, Dip Account:)**
**အထက်တန်းရှေ့နေ စဉ် (၁၉၈၇၁)**
**အမှတ် (၁၄၅)၊ အမှတ် (၄)လမ်း၊ ရန်ကင်းရပ်၊ မုံရွာမြို့၊**
**ဖုန်း-၀၇၁-၂၆၀၁၆၊ ၀၉-၄၃၁၅၄၂၈၁**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ် (၁/၂၀၂၀-၂၀၂၁)

၁။ ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၄)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရွှေဘိုမြို့မှ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီး ရန်ပုံငွေတို့ဖြင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် တည်ဆောက်ရေးပစ္စည်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့် အညီ လုပ်ငန်းခွင် အရောက်ပေးသွင်းရန် စိတ်ဝင်စားသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ် အပ်ပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန်** - ၁၂-၁၀-၂၀၂၀ရက် မှ ၄-၁၁-၂၀၂၀ရက်အထိ (ရုံးချိန်အတွင်း)

**တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၄)၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန ရွှေဘိုမြို့

**တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** - ၆-၁၁-၂၀၂၀ရက်၊ ၁၆:၃၀နာရီ

**တင်ဒါလျှောက်လွှာ ပေးသွင်းရမည့်နေရာ** - စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ မုံရွာမြို့။

**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - တင်ဒါတင်သွင်းသူများသို့ ဌာနမှ ဆက်သွယ်အကြောင်းကြားပါမည်။

၂။ တင်ဒါနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များသိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန၊ တည်ဆောင်ရေး(၄)၊ ရွှေဘိုမြို့၊ ဖုန်း-၀၇၅-၂၁၀၈၇၊ လက်ထောက်ညွှန်ကြားရေးမှူး (၂)ရုံး၊ တည်ဆောက်ရေး (၄)၊ မုံရွာမြို့၊ ဖုန်း- ၀၇၁-၂၁၂၂၅ နှင့် လက်ထောက်ညွှန်ကြားရေးမှူး (၃)ရုံး၊ တည်ဆောက်ရေး(၄)၊ ကလေးမြို့၊ ဖုန်း- ၀၇၃- ၂၁၅၇၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြစွမ်းအင်နှင့် ရေအားစက်ရုံများဌာန လက်အောက်ရှိ ဓာတ်အားပေးစက်ရုံများအတွက်(မြန်မာကျပ်ငွေ)ဖြင့် အောက်ဖော်ပြပါ ပစ္စည်းများဝယ်ယူရန် (DDP At Site) ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Tender No.23/ EPGE/2020-2021 | နန်ချိုဓာတ်အားပေးစက်ရုံအတွက် 11kV Vaccum Circuit Breaker with Cubicle (1) Set ဝယ်ယူခြင်း။ |
| (ခ) | Tender No.24/ EPGE/2020-2021 | ဇော်ဂျီ(၁)နှင့် ကျိုင်းတောင်းဓာတ်အားပေးစက်ရုံများအတွက် Governor Control Programmable Logic Controller Module, Non Electricity Protection Device, Vibration Monitoring Device, Automatic Synchronizing Device နှင့် Digital Generator Transformer Protection Device များအပါအဝင် လျှပ်စစ်ပိုင်းဆိုင်ရာ အရန်ပစ္စည်းများ (9)Items ဝယ်ယူခြင်း။ |
| (ဂ) | Tender No.25/ EPGE/2020-2021 | မုန်းချောင်း၊ ရဲနွယ်၊ ရွှေကျင်နှင့် မြို့ကြီးဓာတ်အားပေးစက်ရုံများအတွက် 132 & 33kV C.T, 33kV D.S with Earth, 33kV P.T, 33kV C.V.T, 230kV L.A, 33kV V.T နှင့် Distibution Transformer များ အပါအဝင် လျှပ်စစ်ပိုင်းဆိုင်ရာ အရန်ပစ္စည်းများ (8)Items ဝယ်ယူခြင်း။ |
| (ဃ) | Tender No.26/ EPGE/2020-2021 | ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် Lathe Machine နှင့် Mechanical Testing Equipment များ (7) Items ဝယ်ယူခြင်း။ |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ ၁၄:၀၀နာရီနောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၉-၁၁-၂၀၂၀ရက် ၁၄:၀၀နာရီ

၄။ **တင်ဒါလက်ခံမည့်နေရာ** - ရုံးအမှတ် (၂၇)၊ နေပြည်တော်

၅။ တင်ဒါပုံစံအား ၉-၁၀-၂၀၂၀ရက်မှစတင်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (www.moee.gov.mm)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**(ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉)**

---

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ်(၂၁)၊ မြေဧရိယာ ၀ဒသမ ၁၉၃ဧကရှိ မြေကို မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ် (V) ၁၇၇/၂၀၁၄-၂၀၁၅အရ ဒေါ်အာဖိန်း အမည်ဖြင့် ၂၈-၂-၂၀၁၁ မှ ၂၇-၂-၂၀၄၁ အထိ နှစ်(၃၀) မြေငှားဂရန် အမည်ပြောင်း ရရှိထားသော ၎င်းမြေငှားဂရန် စာချုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန် မိတ္တူမှန်အား ပြန်လည်ထုတ်ယူခွင့်ပြုပေးနိုင်ပါရန် အိမ်နှင့် မြေအရောင်းအဝယ်စာချုပ်မိတ္တူ၊ မှတ်ပုံတင် မိတ္တူနှင့်အတူ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင် အုပ်ချုပ်ရေးမှူး၊မော်လ မြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပစ္စည်းဝယ်ယူခြင်း လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

| စဉ် | တိုင်း/ခရိုင်/မြို့နယ် | လုပ်ငန်းအမည် | အရေအတွက် | Lot No |
|---|---|---|---|---|
| ၁ | မုံရွာတိုင်းရုံး | (၂) စက်ပစ္စည်း | | |
| (က) | ခရိုင်/မြို့နယ် | တိုင်းမြေအသုံးချရေးဌာနခွဲခရိုင်/မြို့နယ်များသို့ (Soil Test Kit) မြေစစ်ရန်အသုံးပြုသည့်စက် ဖြန့်ဝေမည့် အစီအစဉ် | (၂၉)ခု | Lot- (1) |
| (ခ) | တိုင်း/ခရိုင်/မြို့နယ် | တိုင်းမြေအသုံးချရေးဌာနခွဲ ခရိုင်/မြို့နယ် များသို့ (Ph meter) ရေစစ်ရန် အသုံးပြုသည့်စက် ဖြန့်ဝေမည့် အစီအစဉ် | (၅၀)ခု | |
| | | (၁)ဆောက်လုပ်ရေး | | |
| ၂ | ယင်းမာပင်ခရိုင် | ခရိုင်ရုံးဝန်ထမ်းအိမ်ရာတွင်မြေ၊ မျိုး၊ ပိုး(၉၀'x၄၀' x၁၂') ဓာတ်ခွဲခန်း အဆောက်အုံ RC(1)လုံး | (၁)ဆောင် | Lot-(2) |
| ၃ | ယင်းမာပင်မြို့နယ် | ဝန်ထမ်းအိမ်ရာတွင် (၄)ခန်းတွဲ (၆၀' x၂၀' x၁၂') RC(1)လုံး | (၁)ဆောင် | Lot(3) |
| ၄ | မြောင်မြို့နယ် | အမှုထမ်းဝန်ထမ်းအိမ်ရာတွင် (၂)ခန်းတွဲ (၄၀'x ၃၀' x၁၂')RC (၁)ထပ်(1)လုံး | (၁)ဆောင် | Lot(4) |
| ၅ | ဒီပဲယင်းမြို့နယ် | ဝန်ထမ်းအိမ်ရာတွင် (၂၇' x၂၅' x၁၂')(၂)ခန်းတွဲ(၁)ထပ် RC (၁)ထပ်(1)လုံး | (၁)ဆောင် | Lot(5) |
| ၆ | ပင်လည်ဘူးမြို့နယ် | စိုက်ပျိုးရေးနည်းပညာပေး(KC)မြေလင်းရှေ့တန်းစခန်း (၄၀' x၂၀' x၁၂')နံကပ်(1)လုံး | (၁)ဆောင် | Lot(6) |
| ၇ | အင်းတော်မြို့နယ် | မော်လူးမြို့၊ နည်းပညာပြန့်ပွားရေးစင်တာ (၅၄' x၃၆' x၁၂') (KC)(1)လုံး | (၁)ဆောင် | Lot(7) |
| ၈ | ဟုမ္မလင်းမြို့နယ် | ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ(၅၀' x၃၀' x၁၂')RC (၁)ထပ် (1)ဆောင် | (၁)ဆောင် | Lot(8) |
| ၉ | လေရှီးမြို့နယ် | ဝန်ထမ်းအိမ်ရာ(၅)ခန်းတွဲ(၆၀' x၃၀' x၁၂')RC(1)လုံး | (၁)ဆောင် | Lot(9) |
| ၁၀ | လဟယ်မြို့နယ် | ဝန်ထမ်းအိမ်ရာ(၆၀' x၂၄' x၁၂')RC(1)လုံး | (၁)ဆောင် | Lot(10) |
| ၁၁ | | (၂) စက်ပစ္စည်း | | |
| | ဒီပဲယင်းမြို့နယ် | မျိုးစေ့ထုတ်Processing Plant မျိုးစေ့သန့်စင်စက်ထူထောင်ခြင်း(၁)မြို့နယ် | (၁)လုံး | Lot(11) |
| ၁၂ | ထီးချိုင့်မြို့နယ် | မျိုးစေ့ထုတ် Processing Plant မျိုးစေ့သန့်စင်စက်ထူထောင်ခြင်း(၁)မြို့နယ် | (၁)လုံး | Lot(12) |
| ၁၃ | | (၃)အခြား | | |
| | မုံရွာမြို့နယ် | စိုက်ပျိုးပညာပေးစင်တာ မြို့တော်ဝင်စခန်း (၉၁၅') အုတ်တံတိုင်း ကာရံခြင်း | (၁)လုံး | Lot(13) |
| ၁၄ | ချောင်းဦးမြို့နယ် | (၄")(၄၀၀')စက်ရေတွင်း၊ရေစင်နှင့် စက်ရုံ ဆောက်လုပ်ခြင်း (1)လုံး | (၁)လုံး | Lot(14) |
| ၁၅ | ။ | ခင်မွန်ရှေ့တန်းစခန်း(၁၀၀၁')ကွန်ကရစ်တိုင်နှင့်ချိန်းလိတ်ခြံစည်းရိုးကာရံခြင်းနှင့် ရေတွင်းတူးဖော်ခြင်း | (2)ခု | Lot(15) |
| ၁၆ | ကန့်ဘလူမြို့နယ် | မျိုးစေ့သန့်စင်စက်သုံးရန် ဓာတ်အားရရှိရေး 11KV ဓာတ်အားလိုင်း(၉၄၀')ပေ(11/0.4 KV 100 KVA Transformer (1)လုံးနှင့် 400 ဗို့ ဓာတ်အားလိုင်း(၇၃၀')ပေ တိုးချဲ့တည်ဆောက်ခြင်း | (၁)လုံး | Lot(16) |
| ၁၇ | | ရုံးသုံးစက်ကိရိယာများ | | |
| (က) | မုံရွာတိုင်းရုံး | မိတ္တူကူးစက် Epson- L1455 တိုင်းရုံးနှင့် ခရိုင်/မြို့နယ်များအတွက် (9)လုံး | (၉)လုံး | |
| (ခ) | ။ | Colour Printer(Epson- L 3150) တိုင်းရုံးနှင့် ခရိုင်/မြို့နယ်များအတွက်(8)လုံး | (၈)လုံး | |
| (ဂ) | ။ | Destop One Set i5 9th Generation Accessories တိုင်းရုံးနှင့် ခရိုင်/မြို့နယ်များအတွက်(13)စုံ | (၁၃)စုံ | |
| | | CPU - (core i5 ) 9th Generation | | |
| | | Mother Board - (msi H 310 PRO VX Plus) | | |
| | | Memory(RAM) - 8GB/DDR 4) | | |
| | | HDD - (Segate 1TB) | | |
| | | Power Supply - (650 W) | | |
| | | Casing - Colorhul Casing (Golden Field) | | Lot(17) |
| | | DVD - (Lite On)(RW) | | |
| | | Monitor - (AOC 24'')FHD | | |
| | | UPS - Star 1250 VA) | | |
| | | GT 710 2GB DDR3 | | |
| | | Keyboard + Mose - (A4 Tech) | | |
| (ဃ) | မုံရွာတိုင်းရုံး | Printer Canon LBP- 2900 တိုင်းရုံးနှင့် ခရိုင်/မြို့နယ်များအတွက်(13)လုံး | (၁၃)လုံး | |
| (င) | ။ | Lap Top(core i5)Dell 10 th Generation ခရိုင်/မြို့နယ်များ (10)လုံး | (၁၀)လုံး | |
| (စ) | ။ | Projector One Set (Epson- EBS 05 Vs Tripot)(၄)ခရိုင်နှင့် မြို့နယ် (၉)မြို့နယ် (13)စုံ | (၁၃)စုံ | |

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာ ယူရန် (၁-၁၀-၂၀၂၀)မှ (၂၃-၁၀-၂၀၂၀)ရက်အထိ

(ခ) တင်ဒါတင်သွင်းရန် (၅-၁၁-၂၀၂၀)ရက်၊ မွန်းတည့် ၁၂ နာရီ

(ဂ) အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၇၁- ၂၂၈၀၄၊ ၀၉- ၄၅၆၆၄၆၀၂၀

**တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန**
**မုံရွာမြို့**

---

## အဆောက်အဦ ဦးစီးဌာန
## အဆောက်အဦ အထူးအဖွဲ့(၁၀)
## စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ
## တင်ဒါအမှတ်စဉ်(၁/၂၀၂၀-၂၀၂၁)
## အိတ်ဖွင့်တင်ဒါ(Open Tender ) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာန၊ အဆောက်အဦ အထူးအဖွဲ့(၁၀)၊ မုံရွာမှ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မင်းတပ်ကောလိပ်ပေါင်းစု တည်ဆောက်ခြင်း လုပ်ငန်းနှင့် ချင်းပြည်နယ် အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မတူပီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဆောက်လုပ်ခြင်း လုပ်ငန်းများအတွက် တည်ဆောင်ရေးလုပ်ငန်းသုံး ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ် အပ်ပါသည်။

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** - ၉-၁၀-၂၀၂၀ရက် (ရုံးချိန်အတွင်း)

**တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** - ၅-၁၁-၂၀၂၀ရက်

**တင်ဒါဖွင့်ပွဲ ကျင်းပမည့်ရက်** - ထပ်မံကြေညာပါမည်။

**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန ချင်းပြည်နယ်၊ ဟားခါးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ဆက်သွယ်ရန် - ဖုန်း- ၀၉- ၄၅၀၅၄၀၃၇၁၊ ၀၉- ၄၀၀၄၀၆၀၆၉၊ ၀၉- ၂၅၃၀၇၄၇၈၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ရွှေဘိုမြို့၊ အမှတ် (၁၀)၊ စိန်ဘုရားရပ်ကွက်တွင်နေတိုင်သော (ဘ) ဦးမြင့်ဆွေ၏သား မောင်ရဲထွန်းဦးနှင့် မောင်ရဲထွန်း ၉/သပက(နိုင်)၀၄၄၅၃၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ၁၉-၇-၁၉၈၉ ဖြစ်ပါကြောင်း။

---

ကြီးမြန်သစ်ပင်
စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ
ပြည်လည်းလှ

## ပညာရေးဝန်ကြီးဌာန
## သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အဏုမြူစွမ်းအင်ဌာန
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အတွက် သုတေသနနှင့် တီထွင်ဆန်း သစ်မှုဦးစီးဌာန၊ အဏုမြူစွမ်းအင်ဌာန၊ (ရန်ကုန်တိုင်းဒေသကြီး၊ စမ်းသပ်စက်ရုံ၊ မှော်ဘီဝင်းအတွင်း)တွင် အောက်ဖော်ပြပါ တည်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ၄ ခန်းတွဲ ၄ထပ် ဝန်ထမ်းအိမ်ရာ (၁)လုံး တည်ဆောက်ခြင်း

(ခ) Nuclear Research Building အဆောက်အအုံအတွင်းပိုင်းတွင် ပါဝါမီးလိုင်းများသွယ်တန်း တပ်ဆင်ခြင်း

၂။ **တင်ဒါပုံစံဝယ်ယူ/တင်သွင်းရမည့်ရက်** - ၈-၁၀-၂၀၂၀ရက်မှ ၆-၁၁-၂၀၂၀ရက်ထိ

အချိန် - နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီထိ

နေရာ - အဏုမြူစွမ်းအင်ဌာန၊ ရုံးအမှတ်(၂၁)၊ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အဏုမြူစွမ်းအင်ဌာနသို့ ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၅၀၁၊ ၀၆၇-၃၄၀၄၅၀၂သို့ ဆက် သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
## နည်းပညာတက္ကသိုလ်(ဟင်္သာတ)
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(ဟင်္သာတ)တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) (၁၉၂'x၃၈') ၃ထပ်စာသင်ဆောင်၊ စာသင်ဆောင်အဝင်လမ်း (၁၀၀'x၁၂'x၈')၊ ပြင်ပရေ (၄ လက်မ အဝီ စီတွင်း၊ ဂါလန် ၁၂၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ 5.5Hp Summersible pump နှင့် အဆောက်အအုံ)၊ ပြင်ပမီးသွယ်တန်းခြင်းအပါ အဝင်လုပ်ငန်း

(ခ) ဘက်စုံသုံးအားကစားခန်းမ (၁၂၀'x၈၈'x၂၃")၊ (ရေမီးအပါအဝင်)၊ အဝင်လမ်း (၁၀၀'x၁၂'x၈') ဆောက်လုပ်ခြင်း Steel Structure

(ဂ) (၄)ခန်းတွဲ (၄)ထပ်အရာရှိအိမ်ရာ (၇၈'x၉၄') (၁၈၂၀၈ စ/ပေ) RC အဆောင်အဝင်လမ်း(၁၀၀'x၁၂'x၈')၊ ပြင်ပရေ (၄လက်မအဝီစီတွင်း၊ ဂါလန် ၁၂၀၀၀ ဆံ့ မြေအောက် ရေလှောင်ကန်၊ 5.5Hp Summersible pump နှင့် အဆောက်အအုံ)၊ ပြင်ပမီးသွယ်တန်းခြင်း အပါအဝင်လုပ်ငန်း

(ဃ) စားသောက်ဆိုင်ခန်း RC (၁)ထပ် (၁၂၅'x၃၅')၊ ပြင်ပမီးသွယ်တန်းခြင်းအပါအဝင်လုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၉-၁၀-၂၀၂၀ ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၉-၁၁-၂၀၂၀ရက် ညနေ ၄:၃၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း Online စနစ်ဖြင့် ရောင်း ချပေးမည်ဖြစ်ပါသဖြင့် ဖုန်း-၀၉-၄၂၄၆၈၄၁၃၊ ၀၉-၂၆၆၇၂၄၄၁၁၊ ၀၉-၂၆၆၇၂၄၄၃၃တို့တွင် ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**(တင်ဒါကော်မတီ)**

**နည်းပညာတက္ကသိုလ်(ဟင်္သာတ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ဟင်္သာတတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပညာရေး ဝန်ကြီးဌာန၊ အဆင့်မြင့်ပညာ ဦးစီးဌာန၊ ဟင်္သာတတက္ကသိုလ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့တွင် တရားဝင်မှတ်ပုံတင်ထားသည့် မြန်မာနိုင်ငံသား (အမည်ပျက်စာရင်းတွင် မပါဝင်သည့်)လုပ်ငန်းရှင်ကုမ္ပဏီများထံမှအိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

(က) (၁၆၀)ဦးဆံ့ ကျောင်းသား/သူအိပ်ဆောင်(၂)ထပ် RC (၂၁၂' x၁၃၂') (၂၆၉၂၄ စ/ပေ) (၁)လုံးနှင့် ထမင်းစားဆောင်(၁၂၂' x၄၈')(၅၈၅၆ စ/ပေ)(ရေမီးအပါအဝင်)၊ အဆောင်အဝင်လမ်း(၂၀၀' x၁၂' x၈'')၊ ပြင်ပရေဂါလန် ၁၂၀၀၀ဆံ့ မြေအောက်ရေလှောင်ကန်၊Pump House)ပြင်ပမီးသွယ်တန်းခြင်း အပါအဝင် ဆောက်လုပ်ခြင်းလုပ်ငန်း(၃၂၇၈၀ စ/ပေ)

(ခ) (၄)ခန်းတွဲ(၄)ထပ် ဆရာ/မဆောင်(၁)လုံးတည်ဆောက်ခြင်း RC (၁၀၀'x ၃၀')၊ ပြင်ပရေ(၄လက်မ အဝီစီတွင်း ၊ ဂါလန် ၁၂၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန် ၊5.5Hp Summersible Pumpနှင့် အဆောက်အဦ)၊ ပြင်ပမီးသွယ်တန်းခြင်း အပါအဝင်လုပ်ငန်း

၂။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၂-၁၀-၂၀၂၀ရက်(ရုံးချိန်အတွင်း)

**တင်ဒါလျှောက်လွှာ ပိတ်ရက်** - ၁၁-၁၁-၂၀၂၀ရက်

**အချိန်** - ညနေ ၄ နာရီ

**တင်ဒါလျှောက်လွှာဝယ်ယူ** - ဟင်္သာတတက္ကသိုလ်၊

**တင်သွင်းရမည့်နေရာ** အင်ဂျင်နီယာဌာန

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဟင်္သာတတက္ကသိုလ်

အင်ဂျင်နီယာဌာန ဖုန်း- ၀၉- ၅၁၃၅၄၃၉၊ ၀၉- ၇၉၅၂၅၉၅၁၈ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး
## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံ သားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရုံးဌာနများနှင့် စာသင်ခန်းများ (၅)ထပ် (၁)လုံး ဆောက်လုပ်ခြင်း (၂၂၀'x၄၀') (၄၀' ၆"x၉၄') (Granite ကျောက်ပြားနှင့် ကြွေပြားခင်းခြင်း၊ (ပြင်ပရေ၊ ပြင်ပမီး)၊ Ground Tank၊ ၆" Tube Well၊ သံပန်းတပ်ဆင်ခြင်း၊ ရုံးဌာနခန်းများတွင် Aircon တပ်ဆင်ခြင်းအပါ) တည်ဆောက်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၂-၁၀-၂၀၂၀ရက်မှစ၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ အင်ဂျင်နီယာဌာနတွင် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၁-၁၁-၂၀၂၀ရက် ညနေ ၄:၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်း ရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၄၀၂၇၈၉၄၉၆၊ ၀၉-၄၂၄၅၆၉၈၂၈၊ ၀၉-၄၂၁၇၃၈၄၀၅သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(တင်ဒါကော်မတီ)**

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ပုသိမ်ပညာရေးဒီဂရီကောလိပ်
## တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် အဆင့်မြင့်ပညာဦးစီးဌာန၊ ပုသိမ်ပညာရေးဒီဂရီကောလိပ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများအိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ် အပ်ပါသည်။

(က) (၁၀၀'x၃၀') (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ RC (၁)လုံးဆောက်လုပ်ခြင်း။ (အတွင်း၊ အပြင်ရေနှင့် လျှပ်စစ်လုပ်ငန်းများအပြည့်အစုံအပါအဝင်)

(ခ) (၇၀'x၃၆') (၂)ထပ်စာကြည့်တိုက် RC (၁) ဆောင်ဆောက်လုပ်ခြင်း။ (အတွင်း၊ အပြင်ရေနှင့် လျှပ်စစ်လုပ်ငန်းများ အပြည့်အစုံအပါအဝင်)

(ဂ) (၁၂၀'x၉၈') (၁)ထပ် အားကစားရုံ Steel Structure (၁)ဆောင် ဆောက်လုပ်ခြင်း။ (အတွင်း၊ အပြင်ရေနှင့် လျှပ်စစ် လုပ်ငန်းများအပြည့်အစုံအပါအဝင်)

(ဃ) (၄၃၀'x၃၆") (၃)ထပ် စာသင်ဆောင် (RC) (၁)ဆောင် ဆောက်လုပ်ခြင်း။ (အတွင်း၊ အပြင်ရေနှင့် လျှပ်စစ်လုပ်ငန်းများ အပြည့်အစုံ အပါအဝင်)

၂။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၉-၁၀-၂၀၂၀ရက်

**တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်အချိန်** - နံနက် ၉:၃၀နာရီမှ ညနေ ၃:၃၀ နာရီအထိ

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၁၁-၂၀၂၀ရက် ညနေ ၃:၃၀နာရီ

၃။ အသေးစိတ်သိရှိလိုပါက ပညာရေးဒီဂရီကောလိပ်(ပုသိမ်)ဘဏ္ဍာဌာန ဖုန်း-၀၄၂-၂၉၀၇၂၊ ၀၉-၂၅၀၀၈၁၇၉၄၊ ၀၉-၄၂၄၇၀၃၇၃သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

**ပညာရေးဒီဂရီကောလိပ်(ပုသိမ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအတွက် မြန်မာနိုင်ငံသား(အမည်ပျက်စာရင်းတွင် မပါဝင်သည့်)လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းတည်နေရာ | စဉ် | လုပ်ငန်းအမည် |
|---|---|---|---|
| ၁ | ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် | ၁ | (၃)ထပ်စာသင်ဆောင် (၁)လုံးဆောက်လုပ်ခြင်း၊ (၁၈၈'x၄၆') (pile လုပ်ငန်းအပါအဝင်) (ပြင်ပ ရေသန့်လုပ်ငန်း၊ အတွင်းရေသန့်လုပ်ငန်း၊ ပြင်ပမီး၊ အတွင်းမီး၊ လက်တွေ့ခန်းများ၊ White Board, Stage ကြမ်းခင်းနှင့် နံရံကြွေပြားကပ်ခြင်း၊ သံပန်းတပ်ဆင်ခြင်း အပါအဝင်)နှင့် ကွန်ကရစ်လမ်း (၃၀၀'x၂၀') |
| | | ၂ | (၃)ထပ်ကျောင်းသားအိပ်ဆောင်ဆောက်လုပ်ခြင်း(၂၃၆'x၄၈') (RC pile လုပ်ငန်း) (ပြင်ပရေသန့်လုပ်ငန်း၊ အတွင်းရေသန့်လုပ်ငန်း၊ ပြင်ပမီး၊ အတွင်းမီး၊ ကော်ရစ်တာ၊ လှေကား၊ သန့်စင်ခန်း၊ ကြွေပြားကပ်ခြင်း၊ စတီးလက်ရန်း၊ သံပန်းတပ်ဆင်ခြင်းအပါအဝင်) နှင့် ကွန်ကရစ်လမ်း (၃၀၀'x၂၀') |
| | | ၃ | (၄)ခန်းတွဲ (၄)ထပ် ဆရာ/မဆောင် (၁)လုံး ဆောက်လုပ်ခြင်း RC (၁၀၀'x၃၀') ပြင်ပရေ(၄လက်မ အဝီစီတွင်း၊ ဂါလန် ၁၂၀၀၀ ဆံ့မြေအောက် ရေလှောင်ကန် 5.5HP summersible Pump နှင့် အဆောက်အအုံ၊ ပြင်ပမီးသွယ်တန်းခြင်းအပါအဝင်လုပ်ငန်း၊ |
| | | ၄ | (၂)ထပ်ပွဲကြည့်စင် (၁)လုံးဆောက်လုပ်ခြင်း၊ (၁၅၀'x၃၄') (မြို့ပြလုပ်ငန်း၊ ပြင်ပလျှပ်စစ်၊ အတွင်းလျှပ်စစ်၊ ပြင်ပရေသန့်၊ အတွင်းရေသန့်၊ ထိုင်ခုံ(၃၅၀) လုံးအပါအဝင်) |
| | | ၅ | ပွဲကြည့်စင်သွားလမ်း၊ ကွန်ကရစ်ခင်းခြင်း (၁၈၀၀'x ၂၀') ၆" ထုနှင့် ခြံစည်းရိုး (သံကူကွန်ကရစ်တိုင်၊ အုတ်တိုင်နှင့် သံပန်း) ကာရံခြင်း (၁၇၀၀') |
| | | ၆ | ကျောင်းရှေ့ပင်မလမ်းမကြီးသို့အထွက်လမ်း (၉" ထု) ကွန်ကရစ်လမ်းခင်းခြင်း (၂၀၈၀'x၂၀') |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို၁၂-၁၀-၂၀၂၀ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၁-၁၁-၂၀၂၀ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို အိတ်ဖွင့်တင်ဒါသွင်းရမည့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ဘဏ္ဍာရေးဌာနခွဲတွင် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါနှင့် သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၉-၅၀၃၂၅၉၇၊ ၀၉-၇၈၈၆၁၁၇၈၈တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
## တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာ ဦးစီးဌာန၊ ရန်ကုန် ကွန်ပျူတာ တက္ကသိုလ်မှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့၏ ကြီးကြပ်မှု ဖြင့် ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံသို့ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် | Lot No. | ဆောင်ရွက်မည့်နေရာ |
|---|---|---|---|---|
| ၁။ | ၄ခန်းတွဲ လေးထပ် ဆရာ/မဆောင် RC (100'x 30') တည်ဆောက်ခြင်းလုပ်ငန်း(အဆောင်ဝင်လမ်း(100'x 12' x 8'')ပြင်ပရေ(၄)လက်မ အဝီစီတွင်း၊ ဂါလန် ၁၂၀၀၀ဆံ့ မြေအောက်ရေလှောင်ကန်၊ 5.5 HP Submersible pump နှင့် အဆောက်အဦပြင်ပ မီးသွယ်တန်းခြင်းအပါအဝင်) | ၁ | Lot-1 | ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် |
| ၂။ | စာကြည့်တိုက် (90'x 70'x 28')RCနှစ်ထပ် တည်ဆောက်ခြင်းလုပ်ငန်း(အဝင်လမ်း(100'x 12' x 8'') ပြင်ပ မီးသွယ်တန်းခြင်းအပါအဝင်) | ၁ | Lot-2 | ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် |
| ၃။ | ဘက်စုံသုံး အားကစားခန်းမ(120'x 88'x 27') တည်ဆောက်ခြင်းလုပ်ငန်း(steel structure) (အဝင်လမ်း (100'x 12'x 8'')၊ ရေ/မီး အပါအဝင်) | ၁ | Lot-3 | ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် |
| ၄။ | စားသောက်ဆိုင်ခန်းRC (၁)ထပ်၊ (125'x 35') တည်ဆောက်ခြင်းလုပ်ငန်း(ပြင်ပမီးသွယ်တန်းခြင်း အပါအဝင်) | ၁ | Lot-4 | ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် |

၂။ **တင်ဒါပုံစံ ရောင်းချမည့်ရက်** - ၉-၁၀-၂၀၂၀ရက်(သောကြာနေ့)

၃။ **တင်ဒါအရောင်းပိတ်မည့်ရက်** - ၉-၁၁-၂၀၂၀ရက်(တနင်္လာနေ့) ညနေ ၃ နာရီ

၄။ **တင်ဒါပုံစံ ရောင်းချမည့်နေရာ** - ငွေစာရင်းဌာန၊ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်၊ ရွှေပြည်သာမြို့နယ်

၅။ **တင်ဒါတင်သွင်းရမည့်နေရာ** - တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်

၆။ **တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန်** - ထပ်မံအကြောင်းကြားမည်။

၇။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်- ၀၉- ၂၅၀၀၇၄၁၂၀ နှင့် ၀၉- ၄၄၃၄၄၀၄၇၆ သို့ ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

**ရန်ကုန်ကွန်ပျူတာတက္ကသိုလ်**

**ရွှေပြည်သာမြို့နယ်**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## လှည်းကူးပညာရေးဒီဂရီကောလိပ်
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေး နှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ လှည်းကူးပညာ ရေး ဒီဂရီကောလိပ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ဖော်ပြပါ တည် ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်း ရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **(၃၆၀'x၃၈')(၃)ထပ်စာသင်ဆောင် (RC)(၁)ဆောင် ဆောက်လုပ်ခြင်း လုပ်ငန်း(ပတ်လည်အုတ်ရေမြောင်း Drain & Apron ပြုလုပ်ခြင်းအပါ အဝင်)**

[ကျောက်ပြားမျက်နှာကြက်တပ်ဆင်ခြင်း၊ ဝရန်တာအပေါ်အောက် သံပန်း၊ သံတံခါးတပ်ဆင်ခြင်း၊ အတွင်း၊ အပြင်ရေဆေး၊ဆီဆေးသုတ်ခြင်း၊ Roof Slab ပေါ်တွင် ဂါလန်(၈၀၀)ဆံ့ ဖိုက်ဘာတိုင်ကီ(၄)လုံး တပ်ဆင်ခြင်း၊ 4" Ø အဝီစီတွင်း၊ 3.5 HP Submersible Pump၊ ဂါလန်(၁၂၀၀၀)ဆံ့ မြေအောက်ရေလှောင်ကန်၊ Pump House (၈'x၈'x၈')၊ 2 HP ရေတင်ပန့်တပ်ဆင်ခြင်း၊ အပြင်လုံခြုံရေးမီးများနှင့် မိုးကြိုးလွှဲများတပ်ဆင်ခြင်း(အတွင်း၊အပြင်ရေနှင့်လျှပ်စစ်လုပ်ငန်းများ အပြည့်အစုံအပါအဝင်)

(ခ) **(၁၇၀'x၃၀')(၃)ထပ် (RC)ဌာနခန်းများ၊ ရုံးခန်းများအဆောင်(၁)ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း(ပတ်လည်အုတ်ရေမြောင်း Drain & Apron ပြုလုပ်ခြင်းအပါအဝင်)**

[ကျောက်ပြားမျက်နှာကြက်တပ်ဆင်ခြင်း၊ ဝရန်တာအပေါ်အောက် သံပန်း၊ သံတံခါးတပ်ဆင်ခြင်း၊ အတွင်းအပြင်ရေဆေး၊ဆီဆေးသုတ် ခြင်း၊ Roof Slab ပေါ်တွင် ဂါလန်(၈၀၀)ဆံ့ ဖိုက်ဘာတိုင်ကီ(၄)လုံး တပ်ဆင်ခြင်း၊ 4"Ø အဝီစီတွင်း၊ 3.5 HP Submersible Pump၊ ဂါလန် (၁၂၀၀၀)ဆံ့ မြေအောက်ရေလှောင်ကန်၊ Pump House (၈'x၈'x၈')၊ 2 HP ရေတင်ပန့်တပ်ဆင်ခြင်း၊ အပြင်လုံခြုံရေးမီးများနှင့် မိုးကြိုးလွှဲများ တပ်ဆင်ခြင်း (အတွင်း၊အပြင် ရေနှင့် လျှပ်စစ်လုပ်ငန်းများအပြည့်အစုံအပါအဝင်)]

(ဂ) **(၁၀၀'x၃၀')(၄)ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာ(RC) (၁)လုံး ဆောက် လုပ်ခြင်းလုပ်ငန်း (ပတ်လည်အုတ်ရေမြောင်း Drain & Apron ပြုလုပ် ခြင်းအပါအဝင်)**

[ကျောက်ပြားမျက်နှာကြက်တပ်ဆင်ခြင်း၊ ပြတင်းနှင့် တံခါးမကြီးများတွင် သံပန်း၊သံတံခါးတပ်ဆင်ခြင်း၊ အိပ်ခန်းများကို အုတ်နံရံဖြင့်ကာရံခြင်း၊ အတွင်းအပြင် ရေဆေး၊ဆီဆေးသုတ်ခြင်း၊ Roof Slab ပေါ်တွင် ဂါလန်(၂၀၀)ဆံ့ ဖိုက်ဘာတိုင်ကီ(၁၆)လုံးနှင့် 1.5 HP ရေတင်ပန့် (၁၆)လုံး တပ်ဆင်ခြင်း၊ 4"Øအဝီစီတွင်း၊ 3.5 HP Submersible Pump၊ ဂါလန်(၁၂၀၀၀)ဆံ့မြေအောက်ရေလှောင်ကန်၊ Pump House (၈'x၈'x ၈')၊ အပြင်လုံခြုံရေးမီးများနှင့် မိုးကြိုးလွှဲများတပ်ဆင်ခြင်း (အတွင်း၊ အပြင်ရေနှင့်လျှပ်စစ်လုပ်ငန်းများအပြည့်အစုံအပါအဝင်)]

(ဃ) **(၄၀'x၄၁') ကျောင်းအုပ်ကြီးနေအိမ် (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း (ပတ်လည်အုတ်ရေမြောင်း Drain & Apron ပြုလုပ်ခြင်းအပါအဝင်)**

[ကျောက်ပြားမျက်နှာကြက်တပ်ဆင်ခြင်း၊ ပြတင်းနှင့်တံခါးမကြီးများတွင် သံပန်း၊ သံတံခါးတပ်ဆင်ခြင်း၊ အိပ်ခန်းများကို အုတ်နံရံဖြင့် ကာရံ ခြင်း၊ အတွင်း၊အပြင် ရေဆေး၊ဆီဆေးသုတ်ခြင်း၊ Roof Slab ပေါ်တွင် ဂါလန်(၄၀၀)ဆံ့ ဖိုက်ဘာတိုင်ကီနှင့် 1.5 HP ရေတင်ပန့် တပ်ဆင်ခြင်း၊ 4"Ø အဝီစီတွင်း၊ 3.5 HP Submersible Pump၊ ဂါလန်(၃၂၀၀)ဆံ့ မြေ အောက်ရေလှောင်ကန်၊ Pump House၊ အပြင်လုံခြုံရေးမီးများ၊ မိုးကြိုးလွှဲများတပ်ဆင်ခြင်းနှင့် လေအေးပေးစက်များတပ်ဆင်ခြင်း (အတွင်း၊ အပြင် ရေနှင့်လျှပ်စစ်လုပ်ငန်းများအပြည့်အစုံ အပါအဝင်)]

(င) **(၁၂၀'x၉၀')(၁)ထပ် အားကစားရုံ Steel Structure (၁)ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း (ပတ်လည် အုတ်ရေမြောင်း Drain & Apron ပြုလုပ် ခြင်းအပါအဝင်)**

[ပြတင်းနှင့်တံခါးမကြီးများတွင်သံပန်း၊သံတံခါးတပ်ဆင်ခြင်း၊ အတွင်း၊ အပြင် ရေဆေး၊ဆီဆေးသုတ်ခြင်း၊ Roof Slab ပေါ်တွင် ဂါလန်(၄၀၀)ဆံ့ ဖိုက်ဘာတိုင်ကီ(၄)လုံးနှင့် 2 HP ရေတင်ပန့် (၂)လုံးတပ်ဆင်ခြင်း၊ ဂါလန်(၅၀၀၀) ဆံ့မြေအောက်ရေလှောင်ကန်၊ Pump House (၈'x၈'x ၈')၊ အပြင်လုံခြုံရေးမီးများနှင့် မိုးကြိုးလွှဲများတပ်ဆင်ခြင်း၊ လျှာထိုး ကြမ်းခင်းခြင်း၊ အဝတ်လဲခန်း၊ ပွဲကြည့်စင်များ၊ သန့်စင်ခန်းများ၊ အတွင်း အပြင်ရေနှင့်လျှပ်စစ် လုပ်ငန်းများ အပြည့်အစုံအပါအဝင်)]

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို (၁၆-၁၀-၂၀၂၀)ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို (၁၆-၁၁-၂၀၂၀)ရက် ညနေ (၄:၀၀) နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း- ၀၉-၆၉၉၃၄၉၈၃၃၊ ၀၉-၅၀၆၇၉၆၁ နှင့် Website (www.hguedc.edu.mm)တို့သို့ ဆက်သွယ်ကြည့်ရှုစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**လှည်းကူးပညာရေးဒီဂရီကောလိပ်**

## သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကချင်ပြည်နယ်အစိုးရအဖွဲ့
## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန
## ဗန်းမော်တက္ကသိုလ်
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဗန်းမော်တက္ကသိုလ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) ဘောလုံးကွင်းပွဲကြည့်စင်(၂)ထပ်ဆောက်လုပ်ခြင်း (150 'x 43')RC ရေမီးအပါအဝင် ၆၄၀၀ Gais Ground Tank + Pump House ၂၇ ' hight Over head Tank 4'' ɸ Tube Well (6) Unit Toilet (2) Nos, ၁၀၀ Person Septic tank (2) No ဘောလုံးကွင်းအဝင်လမ်း ကွန်ကရစ်ခင်းခြင်း (၁၂၆ ပေ x ၁၂ပေ x ၆လက်မထု) (၁)လုံးဆောက်လုပ်ခြင်း

(၂) (၄)ခန်းတွဲလေးထပ် ဆရာ/မဆောင် RC(၁၀၀' x ၃၀' )ပြင်ပရေ (၄)လက်မ အဝီစိတွင်း၊ ဂါလန် ၁၂၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ ၅.၅ Hp Submersilble Pump နှင့်အဆောက်အဦ၊ ပြင်ပမီးသွယ်တန်းခြင်း အပါအဝင် (၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း

(၃) (၂)ထပ် စာကြည့်တိုက်(၁)လုံးဆောက်လုပ်ခြင်း (၂၀၀' x ၄၀') RC (ရေမီးအပါအဝင်)

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်/အချိန်** - ၁-၁၀-၂၀၂၀ရက် နံနက် ၉:၃၀နာရီမှ ညနေ ၃:၀၀နာရီ

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၀-၁၀-၂၀၂၀ ရက် ညနေ ၄:၀၀နာရီ

၃။ **အသေးစိတ်သိရှိလိုပါက** - ၀၉-၂၅၀၁၈၆၇၂၃၊၀၉-၇၇၃၂၃၃၅၄၀ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဗန်းမော်တက္ကသိုလ်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ထားဝယ်မြို့
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ(ထားဝယ်)တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းအမည် | |
|---|---|---|
| ၁ | (၁၈၂ ' x ၃၈' )သံကူကွန်ကရစ် (၂)ထပ်စာသင်ဆောင် | (၁)လုံး |
| ၂ | (၇၈' x ၉၄') (၄)ခန်းတွဲ (၄)ထပ် သံကူကွန်ကရစ် အရာထမ်းအိမ်ရာ | (၁)လုံး |
| ၃ | (၇၈' x ၉၄') (၄)ခန်းတွဲ (၄)ထပ် သံကူကွန်ကရစ် အရာထမ်းအိမ်ရာ | (၁)လုံး |
| ၄ | (၂၁၀' x ၇၀') ကျောင်းသား/သူအိပ်ဆောင် (၃)ထပ် (၁၂၀)ဆံ့ | (၁)လုံး နိုင်/ထောက် |
| ၅ | (၂၁၀' x ၇၀') ကျောင်းသား/သူအိပ်ဆောင် (၃)ထပ် (၁၂၀)ဆံ့ | (၁)လုံး |
| ၆ | ကွန်ကရစ်လမ်းခင်းခြင်း (၂၀၀၀' x ၁၆' x ၈'') | |
| ၇ | အုတ်တံတိုင်းကာရံခြင်း (အလျား ၂၀၁၂ ' x အမြင့် ၇' x ၉'') | |
| ၈ | သံကူကွန်ကရစ်သုံးထပ်ပင်မဆောင်တွင် ကျောက်ကြီးမြေထိန်းနံရံပြုလုပ်ခြင်း အလျား ၆၃၀' x အမြင့် ၁၄ ' နှင့် (၅' x ၅' x ၂၈') RC BOX Culvert (၂)စင်းနှင့် (၃' x ၃' x ၂၄') တံတား(၃)စင်းတည်ဆောက်ရေးလုပ်ငန်းများ | |
| ၉ | အလုပ်ရုံအမှတ် (၁)တွင် ကျောက်ကြီး မြေထိန်းနံရံပြုလုပ်ခြင်း၊ အလျား ၃၉၀' x အမြင့် ၁၄' နှင့် (၂၄' x ၃' x ၃' )တံတား (၂)စင်း တည်ဆောက်ခြင်းလုပ်ငန်းများ | |
| ၁၀ | အလုပ်ရုံအမှတ်(၂)တွင် ကျောက်ကြီးမြေထိန်းနံရံပြုလုပ်ခြင်းအလျား ၄၀၀' x အမြင့် ၁၁' နှင့် (၂၄' x ၃' x ၃') တံတား (၂)စင်း တည်ဆောက်ခြင်းလုပ်ငန်းများ | |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းများကို ၉-၁၀-၂၀၂၀ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၉-၁၁-၂၀၂၀ ရက် ညနေ ၄ နာရီတွင် နောက်ဆုံးထား၍ အစိုးရနည်းပညာအထက်တန်းကျောင်း(ထားဝယ်)၌ တင်သွင်းကြရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၅၉၂၁၂၇၅၊ ၀၅၉၂၁၀၄၉။ ၀၉-၄၅၀၉၉၀၇၅၉ နှင့် Email gthsdwi@dtve.org သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပုသိမ်မြို့
## အစိုးရစက်မှုလက်မှုသိပ္ပံ (ပုသိမ်)နှင့်
## နည်းပညာအထက်တန်းကျောင်း(ပုသိမ်)တို့အတွက်
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(ပုသိမ်)၊ နည်းပညာအထက်တန်းကျောင်း (ပုသိမ်)တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) **အစိုးရစက်မှုလက်မှုသိပ္ပံ(ပုသိမ်)**
- (က) စာသင်ဆောင် သံကူကွန်ကရစ်(၃)ထပ် (၁၈၂'x၃၈') Plinth level(5')
- (ခ) စာသင်ဆောင် သံကူကွန်ကရစ်(၂)ထပ် (၁၈၂'x၃၈') Plinth level(5')
- (ဂ) အရာထမ်းဝန်ထမ်းအိမ်ရာ သံကူကွန်ကရစ်(၄)ခန်းတွဲ(၄)ထပ် (၇၈'x၉၄')Plinth level(5')
- (င) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ အရှည် ၁၅၀၀'၊ အကျယ် ၁၆'၊ ထု ၉'' (ဖို့မြေအမြင့်(၃)'၊ ၉'' အထူ ကျောက်ကြီးခင်းခြင်းလုပ်ငန်းအပါအဝင်

(၂) **အစိုးရနည်းပညာအထက်တန်းကျောင်း (ပုသိမ်)**
- (က) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၁၆၀၀'x၁၄'x၆'') (၃' အမြင့် မြေဖို့၍ လမ်း Level မြင့်တင်ခြင်းနှင့် ဘယ်၊ညာ ၃' ၆'' အမြင့် ၉''အုတ်ရိုး ၁၆၀၀' နှစ်ဖက်စီခြင်းအပါအဝင်)
- (ခ) သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း (တံတားအကျယ် ၂၅'၊ အရှည် ၃၀') 0.8 m ɸ Bored Pile 50'-60' ၊ ကွန်ကရစ်ချည်းကပ်လမ်း၊ ၂x၁၀'x၂၅' ကျယ်x ၈'' ထု (တံတားထိပ်တစ်ဖက်တွင် ဂိတ်တံခါးမကြီးအပါအဝင်)

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်/အချိန်** - ၉-၁၀-၂၀၂၀ ရက် နံနက် ၉:၃၀ နာရီမှ ညနေ ၃ နာရီအထိ

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီ

အစိုးရနည်းပညာအထက်တန်းကျောင်း (ပုသိမ်)တွင် တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ဗဟိုဘဏ်မှအသိအမှတ်ပြုထားသည့်ဘဏ်များတွင် ကျသင့်ငွေပေးသွင်းပြီး အစိုးရနည်းပညာအထက်တန်းကျောင်း(ပုသိမ်)ဘဏ္ဍာရေးဌာနတွင် တင်ဒါစပေါ်ပေးသွင်းငွေချက်လက်မှတ်မူရင်းကိုပေးပြီး တင်ဒါပုံစံကို ဝယ်ယူနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါပုံစံကို ငွေသွင်းချက်မိတ္တူနှင့်အတူ တင်သွင်းရမည်။

၄။ အသေးစိတ်သိရှိလိုပါက ကျောင်းအုပ်ကြီး ဖုန်း-၀၉-၂၅၈၃၉၆၈၈၁ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပုသိမ်မြို့**

---

## သစ်တောသစ်ပင်ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

---

## နယ်စပ်ရေးရာဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါတင်သွင်းရန် နောက်ဆုံးနေ့ရက်အား ပြောင်းလဲသတ်မှတ်ကြောင်းကြေညာခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၃-၉-၂၀၂၀ရက်နှင့် ၁၀-၉-၂၀၂၀ရက်တွင် မြန်မာ့အလင်းသတင်းစာ၌လည်းကောင်း၊ ၄-၉-၂၀၂၀ရက်နှင့် ၁၁-၉-၂၀၂၀ရက်တွင် ကြေးမုံသတင်းစာ၌လည်းကောင်း တင်ဒါအဆိုပြုလွှာများကို ၉-၉-၂၀၂၀ရက်မှ စတင်ရောင်းချပြီး ၉-၁၀-၂၀၂၀ရက်တွင် ရောင်းချ/တင်သွင်းခြင်းအား ပိတ်သိမ်းမည်ဖြစ်ကြောင်း ကြော်ငြာခေါ်ယူခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် ယခုအခါတွင် ကမ္ဘာတစ်ဝန်း လတ်တလော ဖြစ်ပွားနေသောအသက်ရှုလမ်းကြောင်းဆိုင်ရာ CORONAVIRUS DISEASE 2019(COVID – 19) ရောဂါကြောင့် ခရီးသွားလာမှုကန့်သတ်ချက်များရှိနေသဖြင့်တင်ဒါအဆိုပြုလွှာများတင်သွင်းရန် ပိတ်သိမ်း ရက်ဖြစ်သော ဝန်ကြီးဌာနမှ မူလသတ်မှတ်ထားသည့် ၉-၁၀-၂၀၂၀ရက်အစား ၁၃-၁၀-၂၀၂၀ရက် ၁၆:၀၀နာရီအထိ ပြောင်းလဲ သတ်မှတ်လိုက်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများ တင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ်(၄၂)၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်း-၀၆၇- ၄၀၉၄၀၀၊ ၀၆၇- ၄၀၉၁၈၆ နှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန(ဖုန်း-၀၆၇- ၄၀၉၅၇၈၊ ၀၆၇- ၄၀၉၃၆၄၊ ၀၆၇-၄၀၉၄၁၇)နေပြည်တော်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန Website (www.moba.gov.mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ တင်ဒါ ဖွင့်လှစ်မည့်ရက်အား သီးခြားထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်းနှင့် COVID- 19စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တင်ဒါဖွင့်ပွဲအား ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

**တင်ဒါဗဟိုကော်မတီ**
**နယ်စပ်ရေးရာဝန်ကြီးဌာန**
**ရုံးအမှတ်(၄၂)၊ နေပြည်တော်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်/အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တက္ကသိုလ် | လုပ်ငန်း အရေအတွက် | ဆက်သွယ်ရန် ဖုန်းနံပါတ် |
|---|---|---|---|
| ၁။ | နည်းပညာတက္ကသိုလ်(ထားဝယ်) | လုပ်ငန်း (၄)မျိုး | ၀၉-၄၄၄၉၅၅၈၇၆ |
| ၂။ | ကွန်ပျူတာတက္ကသိုလ်(ထားဝယ်) | လုပ်ငန်း (၆)မျိုး | ၀၉-၄၄၁၃၄၁၈၀၆ |
| ၃။ | နည်းပညာတက္ကသိုလ်(မြိတ်) | လုပ်ငန်း (၆)မျိုး | ၀၉-၂၅၀၂၄၅၅၀၃<br>၀၉-၄၂၂၁၉၇၉၉၂ |
| ၄။ | ကွန်ပျူတာတက္ကသိုလ်(မြိတ်) | လုပ်ငန်း(၃)မျိုး | ၀၉-၂၅၀၇၇၂၂၄၅ |
| ၅။ | အစိုးရနည်းပညာအထက်တန်း ကျောင်း(မြိတ်) | လုပ်ငန်း (၆)မျိုး | ၀၉-၄၅၃၆၂၃၈၁၃<br>၀၉-၂၅၄၂၄၄၃၄၃<br>၀၉-၈၇၆၂၂၃၀ |

၂။ တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၇-၁၀-၂၀၂၀ရက် ရုံးချိန်မှစ၍ သက်ဆိုင်ရာတက္ကသိုလ်/ကျောင်းများတွင် ရောင်းချမည်ဖြစ်ပြီး လျှောက်လွှာများကို ၆-၁၁-၂၀၂၀ရက် (၄:၃၀) နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။ (အဆိုပါလျှောက်လွှာနှင့်စီမံကိန်းလုပ်ငန်း Drawing ကို တင်ဒါလျှောက်လွှာရောင်းချစဉ် ပူးတွဲပေးပါမည်။)

၃။ တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်တင်ဒါကြေးကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် PO (Payment Order) ပေးသွင်းနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် တက္ကသိုလ်/ကျောင်းများ၏ ဘဏ္ဍာဌာနတွင်ဆောင်ရွက်ပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍တင်သွင်းရမည်။ PO (Payment Order) မူရင်းကို သက်ဆိုင်ရာ တက္ကသိုလ်/ကျောင်းများ၏ ဘဏ္ဍာဌာနသို့ သီးခြားအပ်နှံရမည်။ မိမိတင်သွင်းလိုသည့်လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်းတင်သွင်းရမည် ဖြစ်ပါသည်။

၄။ တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို တင်သွင်းရမည့်လိပ်စာမှာ မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာ တက္ကသိုလ်/ကျောင်းများ၏ ဥက္ကဋ္ဌ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီသို့ လိပ်မူ၍ ပေးပို့တင်သွင်းရမည်။

**တင်ဒါကော်မတီ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မြောင်းမြပညာရေးဒီဂရီကောလိပ်
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် အဆင့်မြင့်ပညာဦးစီးဌာန၊ မြောင်းမြပညာရေးဒီဂရီကောလိပ်တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ (က) (၄၃၀ ' x ၃၆') (၃) ထပ်စာသင်ဆောင် RC (၁) ဆောင် ဆောက်လုပ်ခြင်း
- (ခ) (၁၇၉ ' x ၃၆') သင်တန်းသား (၂၀၀)ဆံ့ (၄)ထပ်အိပ်ဆောင် RC (၁)ဆောင်ဆောက်လုပ်ခြင်း
- (ဂ) (၉၀' x ၃၀') (၂)ထပ်စာကြည့်တိုက် RC (၁) ဆောင် ဆောက်လုပ်ခြင်း
- (ဃ) (၄၀ ' x ၄၁') ကျောင်းအုပ်ကြီးနေအိမ် (၁)လုံးဆောက်လုပ်ခြင်း

၃။ **တင်ဒါလျှောက်လွှာပုံစံများ** - ၉-၁၀-၂၀၂၀ ရက်

**စတင်ရောင်းချမည့်ရက်/အချိန်** - နံနက် ၉ : ၃၀ နာရီမှ ညနေ ၃ :၃၀ နာရီ

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၁၁-၂၀၂၀ ရက် ညနေ ၃ :၃၀ နာရီ

၄။ အသေးစိတ်သိရှိလိုပါက မြောင်းမြပညာရေးဒီဂရီကောလိပ်၏ ဘဏ္ဍာဌာန ဖုန်း-၀၉-၂၅၃၈၀၄၈၄၀၊ ၀၉-၄၂၂၄၅၃၅၁၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြောင်းမြပညာရေးဒီဂရီကောလိပ်**

---

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆေးဝါးလုပ်ငန်း ကြီးကြပ်မှုအတွင်းရှိ အောက်ဖော်ပြပါ စက်ရုံ/ ဌာနများအတွက် ဆောက်လုပ်ရေး၊ စက်နှင့် စက်ပစ္စည်း လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တည်နေရာ/ အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဆောက်လုပ်ရေး | |
| | (၁) ဆေးဝါးစက်ရုံ(အင်းစိန်)<br>မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနခွဲ(မှော်ဘီ)<br>- ၈ ဧက မြင်းလွှတ်ကွင်း ပြုလုပ်ခြင်း<br>(၁၂'' ထု ဂဝံဖြည့်ခြင်း၊ သဲကြပ်ခြင်း၊ မြင်းကျုံးသွင်းလမ်း၊ အရိပ်ခိုဆောင်(၄)ဆောင်၊ ခြံစည်းရိုးကာရံခြင်းနှင့် ရေလိုင်း၊ မီးလိုင်းသွယ်တန်းခြင်းအပါ) | (၁)မျိုး |
| | (၂) ဆေးဝါးစက်ရုံ(အင်ရောင်း)<br>- ခြံစည်းရိုး ကာရံခြင်း(အုတ်ခြံစည်းရိုးကာရံခြင်း၊ မြေထိန်းနံရံပြုလုပ်ခြင်း၊ သဲဖို့ခြင်းအပါ) | (၁)မျိုး |
| (ခ) | စက်နှင့် စက်ပစ္စည်း | |
| | (၁) ဆေးဝါးစက်ရုံ(အင်းစိန်)<br>- Bilayer Tablet Press Machine complete with other accessories (1 Set)<br>- Fourier Transform infrared spectrophotometer (FTIR)( 1 Set)<br>- Atomic Absorption Spectroscopy (AAS)(1 Set)<br>- 2 '' ∅Digital Gas meter including with 'Individual Digital Gas Flow sub meter (3 Sets) | (၄)မျိုး |

တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန် - ၉-၁၀-၂၀၂၀ရက်၊ ၉:၃၀နာရီ

တင်ဒါ ပိတ်မည့်ရက်နှင့် အချိန် - ၉-၁၁-၂၀၂၀ရက်၊ ၁၆:၃၀နာရီ

Website - www.industry. gov.mm

တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

Email - pfimoi @ gmail.com

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက အောက်ပါဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်-

မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)စီမံရေးဌာန
ရုံးအမှတ်(၃၇)၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊
နေပြည်တော်
ဖုန်း- ၀၆၇-၃၄၀၈၃၇၀၊ ၃၄၀၈၂၇၅၊ ၃၄၀၈၁၄၀

---

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မြစ်ကြီးနားပညာရေးဒီဂရီကောလိပ်
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်၊ မြစ်ကြီးနားပညာရေးဒီဂရီကောလိပ်တွင် (၁၀၀'x၃၀') (၄)ခန်းတွဲ (၂)ထပ် ဝန်ထမ်းအိမ်ရာ (RC) (၁)လုံးဆောက်လုပ်ရန်ရှိပါသည်။

၂။ အဆိုပါလုပ်ငန်းအား ဆောင်ရွက်လိုသော လိုင်စင်ရဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် ဤတင်ဒါကြော်ငြာထည့် သွင်းသည့်ရက်မှ တစ်လအတွင်း အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

၃။ တင်ဒါလျှောက်လွှာများကို မြစ်ကြီးနားပညာရေးဒီဂရီကောလိပ်တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၇၄-၂၅၂၂၃၉၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**မြစ်ကြီးနားပညာရေးဒီဂရီကောလိပ်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပုသိမ်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ် (မအူပင်)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ(၅)မျိုး ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

- (က) ၃ ထပ် ပင်မကျောင်းဆောင် RC (160' x 160') (80966 sqft)
- (ခ) ၄ ခန်းတွဲ ၄ ထပ် ဆရာ/မ ဆောင် RC (100' x 30') နှင့် အဆောင်အဝင်လမ်း (100' x 12' x 8")
- (ဂ) ခြံစည်းရိုး (အုတ်တံတိုင်း) (3181')
- (ဃ) ဘက်စုံသုံးအားကစားခန်းမ Steel Structure (120' x 90' x 30') နှင့် အဝင်လမ်း (100' x 12' x 8")
- (င) စားသောက်ဆိုင်ခန်း (၁)ထပ် RC (125' x 35')

၂။ **တင်ဒါအဆိုပြုလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၇-၁၀-၂၀၂၀ ရက်၊ (ဗုဒ္ဓဟူးနေ့)

**အိတ်ဖွင့်တင်ဒါနောက်ဆုံး တင်သွင်းရမည့် ရက်နှင့်အချိန်** - ၉-၁၁-၂၀၂၀ ရက်၊ (တနင်္လာနေ့) ညနေ ၄:၀၀ နာရီ

**အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နေရာ** - ကွန်ပျူတာတက္ကသိုလ် (မအူပင်) တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် သတ်မှတ်တင်ဒါ အာမခံကြေးကို အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ကွန်ပျူတာတက္ကသိုလ် (မအူပင်)တွင် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်အလက်များ ရှိပါက ကွန်ပျူတာတက္ကသိုလ် (မအူပင်)၊ ဖုန်း-၀၄၅-၃၀၀၄၇၊ ၀၉-၆၈၄၄၈၉၆၀၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ **တင်ဒါကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇၊ ဇောတိက)၊ ဦးပိုင်အမှတ် (၄၃)၊ ဧရိယာ ဝဒသမ၁၆၁ဧကရှိ မြေအား ဒေါ်ယဉ်မေသန်း အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## အမည်မှန်နှင့် ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်းမှ မအေသန်းအေး၏ အမည်မှန်မှာ လွေးအေသန်းအေး ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးအောင်လှ ၁၃/နခန (နိုင်) ၀၇၂၅၈၈ ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်းမှ လွေးအိကြာအေး၏ ဖခင်အမည်မှန်မှာ ဦးမိုင်းညီစိန် ၁၃/နခန (နိုင်)၀၅၇၅၉၉ ဖြစ်ပါကြောင်း။

**ဦးမိုင်းညီစိန်**

---

## မွေးသက္ကရာဇ်အမှန်

သာပေါင်းမြို့နယ်၊ မကျည်းကုန်းအုပ်စု၊ ထန်းပင်ကွင်းကျေးရွာနေ ဦးသိန်း၏သမီး မနွယ်နွယ်ဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၉-၁၉၈၉ ဖြစ်ပါကြောင်း။

---

## မွေးသက္ကရာဇ်အမှန်

မြောက်ဦးမြို့နယ်၊ စေတီကုန်းကျေးရွာနေ ဦးမောင်သိန်းညွန့်၏သမီး မခိုင်ခိုင်ဝင်း ၁၁/မဥန(နိုင်)၁၆၈၃၈၃ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၁၀-၂၀၀၂ ဖြစ်ပါကြောင်း။

---

## ကန့်ကွက်နိုင်ပါကြောင်း
## ကြော်ငြာစာ

တောင်ငူမြို့နယ်၊ (၁၉) ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ် (၁၂/နော်မံကျောင်းဘောလုံးကွင်း)၊ ဦးပိုင် (၁၅/န) ဧရိယာ ၀ဒသမ၀၆၇ ဧကအား ဒေါ်မြင့်မြင့်အေး အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလာသော ဒေါ်မြင့်မြင့်အေးအား မြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**

---

## အစည်းအဝေးဖိတ်ကြားခြင်း

Tetragon Engineering Co., Ltd မှ အစုရှယ်ယာရှင်များ အစည်းအဝေး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**Tetragon Co.,Ltd**

---

## ဂရန်ပျောက်ဆုံးကြောင်းနှင့်
## ကန့်ကွက်နိုင်ပါကြောင်း

ကွမ်းလုံမြို့နယ် စည်ပင်သာယာရေး အမည်ပေါက် နှစ် ၃၀ မြေငှားဂရန်စာချုပ် အမှတ် (၁၅/၂၀၀၅) ကွမ်းလုံမြို့၊ ဘောဂရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၄) ဘောဂကွင်း၊ ဦးပိုင်အမှတ် (၈၅)၊ မြေဧရိယာ ၀ဒသမ၃၆၉ ဧကရှိ မြေငှားဂရန်စာချုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မြေငှားဂရန် စာချုပ်မိတ္တူအသစ်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ရက် ၂၀အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးဌာန**
**ကွမ်းလုံမြို့**

---

## ဂရန်ပျောက်ဆုံးကြောင်းနှင့်
## ကန့်ကွက်နိုင်ပါကြောင်း

ကွမ်းလုံမြို့နယ် စည်ပင်သာယာရေး အမည်ပေါက် နှစ် ၃၀ မြေငှားဂရန် စာချုပ်အမှတ် (၁၆/၂၀၀၅) ကွမ်းလုံမြို့၊ ဘောဂရပ်ကွက်၊ [ကွင်း/အကွက်အမှတ် (၄) ဘောဂ]၊ ဦးပိုင်အမှတ် (၁၂+၇၆+၇၇+၇၈+၇၉+၈၃+၈၄)၊ မြေဧရိယာ ၀ဒသမ ၈၈၂ ဧကရှိ မြေငှားဂရန်စာချုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် လားရှိုးခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် မြေငှားဂရန် စာချုပ်မိတ္တူအသစ် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ရက် ၂၀အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးဌာန**
**ကွမ်းလုံမြို့**

---

## အလိမ္မာ စာမှာရှိ




## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၂၀–၂၀၂၁ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ (မြန်မာကျပ်ငွေ)ဖြင့် အောက်ပါအဆောက်အဦ(၂)လုံး တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်မည် ဖြစ်ပါသည်–

(က) စာကြည့်တိုက်
2 STOREYED RCC BUILDING (6690 sqf)
(အတွင်း/အပြင် ရေ၊ မီး၊ မိလ္လာ Apron & drain Aircondition အပါအဝင်)

(ခ) Basketball Field with Steel Structure Open Shaft (အမိုးပါ)
(110'–0''x60'–0'')
(၁) Foundation (RC Work)
(၂) Super Structure (Stee Structure Work)
(၃) Apron & Drain
(၄) Internal Electrical Work

၂။ မြန်မာနိုင်ငံသား ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများမှ သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်–

(က) **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** – ၉–၁၀–၂၀၂၀ မှ ၂၂–၁၀–၂၀၂၀ ထိ
(ခ) **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** – ၁၃–၁၁–၂၀၂၀ ရက် ၁၅:၀၀ နာရီ
(ဂ) **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်နေရာနှင့်တင်သွင်းရမည့်နေရာ** – မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သန်လျင်မြို့နယ်။
(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** – ဆက်သွယ်အကြောင်းကြားပါမည်။
(င) **လုပ်ငန်းဆောင်ရွက်ရမည့်နေရာ** – မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် သန်လျင်မြို့နယ်။

၃။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သည် မည်သည့်တင်ဒါကိုမဆို ကျိုးကြောင်းဖော်ပြခြင်းမရှိဘဲ ပယ်ဖျက်နိုင်သည်။

၄။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၀၉–၇၃၂၀၉၉၄၄ နှင့် ၀၉–၄၂၀၃၉၉၄၈၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စက်မှုလယ်ယာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ (၂၀၂၀–၂၀၂၁) ဘဏ္ဍာရေးနှစ်အတွက် လယ်ယာသုံးစက်ကိရိယာများနှင့်အပိုပစ္စည်းများ၊ မြေယာပြုပြင်ခြင်း လုပ်ငန်းသုံးယန္တရားများ တာယာ၊ ဘက်ထရီနှင့်စက်ဆီ/ချောဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** – ၁၂–၁၀–၂၀၂၀ ရက်မှ ၁၁–၁၁–၂၀၂၀ ရက် ၁၂:၀၀ နာရီထိ

၃။ **တင်ဒါပိတ်ရက်** – ၁၂–၁၁–၂၀၂၀ရက် မွန်းတည့် ၁၂:၀၀ နာရီ

၄။ တင်ဒါဖွင့်လှစ်မည့်ရက်ကို ထပ်မံကြေညာပါမည်။

၅။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို လူကိုယ်တိုင်သော်လည်းကောင်း၊ Online ဖြင့်သော်လည်းကောင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက စက်မှုလယ်ယာဦးစီးဌာန၊ ရုံးအမှတ် (၅၀)၊ နေပြည်တော် ဖုန်း–၀၆၇–၃၄၃၁၂၄၂/၃၄၃၁၂၄၃ နှင့် E-mail : amdheadofficetender @gmail.com သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ကျစ်ဆုံပွေးကျေးရွာနေ ဦးကျော်မင်းထိုက် ၈/မကန(နိုင်)၂၄၇၈၅၀ (ဘ)ဦးသိန်းရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ဝါးတောချောင်းကျေးရွာရှိ ကွင်းအမှတ်(၁၆၄၈/၂၆၁၀)၊ ဝါးတောချောင်းမြေ၊ ဦးပိုင်အမှတ်(၃၈/၆၅) ဧရိယာ(၆၇၄)ဧကရှိ ယာမြေကို လွန်ခဲ့သော ၂၀၁၉ ခုနှစ်က အရပ်စာချုပ်အဆင့်ဆင့်အပြင် ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)လက်မှတ်၊ မြေစာရင်းပုံစံ(၁၀၅)တို့ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိ ဖြစ်ခဲ့ကြောင်း ကြားသိရပါသည်။

သို့ဖြစ်၍ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ယင်းယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ ကျူးကျော်ခြံခတ်ခြင်း၊ စွန့်လွှတ်ခြင်း၊ ဦးပိုင်မြေပုံနှင့်ဦးပိုင်ရာဇဝင်ရေးကူးခြင်းအစရှိသည့်အရပ်ရပ်တို့ကို ပြုလုပ်ဆောင်ရွက်ခြင်းမပြုရန်နှင့် လိုက်နာခြင်းမပြုပါက ဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးကျော်မင်းထိုက်**
**၈/မကန(နိုင်)၂၄၇၈၅၀**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်နီတာထွန်း LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၉၇၅/၁၄)**
**အမှတ်(၅၈၆)၊ ဗိုလ်လကျာ်လမ်း၊**
**အောင်စေတနာ(အေ)ရပ်၊ မကွေးမြို့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်(ရုံးချုပ်)

၁။ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေဦးစီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ပြည်ထောင်စုနယ်မြေကြီးကြပ်စစ်ဆေးရေးအရာရှိရုံး(နေပြည်တော်) ဘိုးဘွားရိပ်သာလမ်း၊ ရှမ်းစုလေးကျေးရွာတောင်သာအုပ်စု၊ ပျဉ်းမနားမြို့တွင် အဆောက်အဦ (၆၀' x ၃၀') RC (၁)ထပ် (၁)လုံး၊ Pump House (၁၀' x ၈' x ၉') (၁)လုံး၊ အိမ်သာရေချိုးခန်း (၁၃' –၆'' x ၄' – ၆'') (၁)လုံးတည်ဆောက်ခြင်း၊ ၂ လက်မ အဝီစိတွင်းတူးဖော်ခြင်း၊ အုတ်ခြံစည်းရိုး(၇၈၄') ကာရံခြင်း၊ RC ဂိတ်တိုင် (၆)တိုင်၊ ဂိတ်တံခါး (၁၈' – ၆'' x ၅'– ၆'') (၃)ခု တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားကုမ္ပဏီများအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** – ၁၀–၁၀–၂၀၂၀
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** – စီမံရေးဌာနခွဲ၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ် (၆)၊ နေပြည်တော်
(ဂ) **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** – ၁၀–၁၁–၂၀၂၀
(ဃ) **တင်ဒါဖွင့်လှစ်မည့်နေရာ** – ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ် (၆)၊ နေပြည်တော်

၂။ အသေးစိတ်သိရှိလိုပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (နေပြည်တော်)၊ ရုံးအမှတ် (၆)၊ ဖုန်း–၀၆၇–၄၁၁၁၃၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါကြောင်းနှင့် တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်တို့ကို ထပ်မံ၍ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

## ကယားပြည်နယ်အစိုးရအဖွဲ့
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး
### နယ်စပ်ဒေသဖွံ့ဖြိုးရေး (မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

